# အနုဿတိဒီပနီကျမ်း

အမရပူရ ပဌမမြို့တည် နန်းတည်
ဘိုးတော်မင်းတရားကြီး လက်ထက်
စလင်းမြို့ ကိုးဆောင်တိုက်

## ပန်းလွှားဆရာတော်

ဂုဏာဝန္တမဟာထေရ် ပြုစီရင်တော်မူအပ်သော

# အနုဿတိ ဒီပနီကျမ်း

[ဝိပဿနာကမ္မဋ္ဌာန်း ပါရှိသည်။]

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၃၉–ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

၁၃၃၀–၃၊ (သာသနာ=၂၅၂၀)
653—A [ဟံသာဝတီ]

# အနုသယတိဒီပနီကျမ်း
# ပုံနှိပ်ခြင်း

ပထမအကြိမ်　　　　၁၉၇၇–ခု၊ ဇန္နဝါရီလ

အုပ်ရေ　　　　၁၅၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၉၃၆၁)

( ဓမ္မဒါန )

ထုတ်ဝေသူ　　ဓမ္မဃောသက ဦးမောင်မောင်၊ ကင်းလွတ်ခွင့်အမှတ်
(၀၃၆၀၆)၊
၃၂–မဟာသုခလမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

ပုံနှိပ်သူ　　ဦးဇော်ဝင်း (၀၁၄၀၅)
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊
၃၄၉–ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

(မျက်နှာဖုံး ကာလာမောင်ဝင်းမှာရိုက်သည်)

၁၃၇၀၁

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| * ထုတ်ဝေသူ၏အမှာစာ | | |
| * ဓမ္မလက်ဆောင် | | |
| ကျမ်းဦးပဏာမ | .... | ၁ |
| အနုဿတိဆယ်ပါး | .... | ၇ |
| **၁—ဗုဒ္ဓါနုဿတိ** | | |
| ဘုရားဂုဏ်တော် ၉—ပါး ပါဠိ အနက် အဓိပ္ပါယ် | .... | ၅ |
| ဘုရားအမည်နာမတော်, ဂုဏ်ကျေးဇူး တော်ကို ထုတ်ဖော် ချီးမွမ်း၍ မကုန်နိုင်ကြောင်း | .... | ၃၃ |
| ဘုရားဂုဏ်တော်ပွားများရကျိုး | .... | ၃၈ |
| **၂—ဓမ္မာနုဿတိ** | | |
| တရားဂုဏ်တော် ၆—ပါး ပါဠိအနက် အဓိပ္ပါယ် | .... | ၄၀ |
| နေ့တို့,သဇ္ဈာယတနသံယုတ်ပါဠိတော်လာ တရားဂုဏ်တော်ပွားနည်းများ | .... | ၄၂ |
| **၃—သံဃာနုဿတိ** | | |
| သံဃာဂုဏ်တော် ၉—ပါး ပါဠိအနက် အဓိပ္ပါယ် | .... | ၄၉ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရတနာ ၃—ပါး၏ ဂုဏ်ပုဒ်များ | .... | ၅၀ |
| သံဃာဂုဏ်တော်ပွားများရကျိုး | .... | ၅၃ |
| **၄—သီလာနုဿတိ** | | |
| သီလာနုဿတိပွားပုံ | .... | ၅၄ |
| သီလာနုဿတိပွားများရကျိုး | .... | ၅၇ |
| ငါးပါးသီလစောင့်ထိန်းရကျိုး | .... | ၅၈ |
| ချမ်းသာလိုလျှင် သီလစောင့်ထိန်းပါ | .... | ၆၀ |
| **၅—စာဂါနုဿတိ** | | |
| စာဂါနုဿတိပွားပုံ | .... | ၆၄ |
| ရန်အောင်ကြောင်းတရား ၄—ပါး | .... | ၆၉ |
| စာဂါနုဿတိပွားများရကျိုး | .... | ၇၁ |
| **၆—ဒေဝတာနုဿတိ** | | |
| ဒေဝတာနုဿတိပွားပုံ | .... | ၇၂ |
| ဒေဝတာနုဿတိပွားများရကျိုး | .... | ၇၅ |
| **၇—ဥပသမာနုဿတိ** | | |
| ဥပသမာနုဿတိပွားပုံ | .... | ၇၇ |
| နိဗ္ဗာန်၏အတ္ထုပ္ပတ္တိ ဥပမာစကားများ | .... | ၈၀ |
| ဥပသမာနုဿတိပွားများရကျိုး | .... | ၁၀၃ |
| **၈—မရဏာနုဿတိ** | | |
| မရဏာနုဿတိပွားပုံ | .... | ၁၀၄ |
| ပွားပုံအကြောင်း ၈—ပါး | .... | ၁၀၅ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မိမိသို့ဆောင်သောအားဖြင့်ပွားပုံ ၇–ပါး .... | ၁၀၇ |
| အသက်နည်းသောအားဖြင့်ပွားပုံ ၈–ပါး .... | ၁၀၈ |
| အင်္ဂုတ္တိုရ်လာပွားပုံ ၇–ပါး .... | ၁၁၀ |
| မရဏာနုဿတိပွားများရကျိုး .... | ၁၁၄ |
| **၉–ကာယဂတာသတိ** | |
| ကာယဂတာသတိပွားပုံ .... | ၁၁၅ |
| ဒွတ္တိံသာကာရအားဖြင့်စီးဖြန်းနည်း .... | ၁၂၂ |
| ကသိဏအားဖြင့်စီးဖြန်းနည်း .... | ၁၂၉ |
| ဓာတုအားဖြင့်စီးဖြန်းနည်း .... | ၁၃၀ |
| ကာယဂတာသတိပွားများရကျိုး .... | ၁၃၁ |
| **၁၀–အာနာပါနဿတိ** | |
| အာနာပါနဿတိပွားပုံ .... | ၁၃၄ |
| အာနာပါနဿတိပွားများရကျိုး .... | ၁၄၇ |
| ဗုဒ္ဓါနုဿတိကိုပွားခဲ့သူ .... | ၁၄၇ |
| ဓမ္မာနုဿတိကိုပွားခဲ့သူ .... | ၁၄၈ |
| သီလာနုဿတိကိုပွားခဲ့သူ .... | ၁၄၉ |
| ကာယဂတာသတိကိုပွားခဲ့သူ .... | ၁၅၀ |
| **ဝိပဿနာကမ္မဋ္ဌာန်း** | |
| ကမ္မဋ္ဌာန်း ၂–မျိုး .... | ၁၅၁ |
| ခန္ဓာ ၅–ပါး .... | ၁၅၂ |
| ခန္ဓာ ၅–ပါးကို ဥပမာဖြင့် ရှုပုံ .... | ၁၅၅ |

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၇–ပါးသော အနုပဿနာဉာဏ်ဖြင့်ရှုပုံ | .... | ၁၅၅ |
| ၁၈–ပါးသောမဟာဝိပဿနာပညာဖြင့်ရှုပုံ | .... | ၁၅၈ |
| မဟာဝိပဿနာ ၁၈–ပါးပွားများရကျိုး | .... | ၁၆၀ |
| အနိစ္စလက္ခဏာတို့ဖြင့်ပွားပုံ | .... | ၁၆၄ |
| ဒုက္ခလက္ခဏာတို့ဖြင့်ပွားပုံ | .... | ၁၆၅ |
| အနတ္တလက္ခဏာတို့ဖြင့်ပွားပုံ | .... | ၁၆၇ |
| ခန္ဓာ ၅-ပါးတို့၏အကြောင်းကိုသိမ်းဆည်းပုံ | | ၁၆၉ |
| ဝေဒနာနုပဿနာရှုပုံ | .... | ၁၇၁ |
| သမထ,ဝိပဿနာပွားများရကျိုး | .... | ၁၇၂ |
| မဂ်–ဖိုလ်ကျပုံအစဉ် | .... | ၁၇၃ |
| မဂ်–လေးပါး ကိလေသာပယ်ပုံ | .... | ၁၇၄ |
| မဂ်-ဖိုလ်တို့ ကိလေသာသတ်ပုံ | .... | ၁၇၇ |
| တထောင့်ငါးရာကိလေသာ | .... | ၁၇၈ |
| သစ္စာလေးပါးမသိ၍ သံသရာလည်ရပုံ | .... | ၁၇၉ |
| သစ္စာ ၄–ပါး | .... | ၁၈၃ |
| မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးသိပုံ | .... | ၁၈၄ |
| နိဂုံး | .... | ၁၈၈ |
| ဆုတောင်းပတ္ထနာ | .... | ၁၈၉ |
| ခက်ဆစ်အဓိပ္ပါယ် | .... | ၁၉၁ |
| အလှူရှင်များစာရင်း | .... | ၁၉၆ |

# ထုတ်ဝေသူ၏အမှာစာ

အနုဿတိ (၁၀)ပါးအကြောင်း ကျမ်းစာအုပ်များ အများအပြား ထွက်ပေါ်ဘူးလျက် ဝိသုဒ္ဓိမဂ်ကျမ်းကြီး၌မူ တခန်းတကဏ္ဍအနေဖြင့်ပင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားပါသည်၊ ယခု စလင်းမြို့ ကိုးဆောင်တိုက် ပန်းလှသွားဆရာတော်၏ အနုဿတိဒီပနီမှာ မကျယ်-မကျဉ်း တမူထူးခြားစွာ ပြုစုစီရင်ထားသော ကျမ်းဟောင်း-ကျမ်းကောင်း တစောင်ဖြစ်ကြောင်း တွေ့ရပါသည်၊ အရဟံ ဂုဏ်တော်-သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော် တပါးကို ဖြစ်စေ, အများကို ဖြစ်စေ (စိတ်ဖြင့်, နှုတ်ဖြင့်) အောက်မေ့ ပွားများကာ ပုတီးစိပ်သူ အမြောက်အမြား ရှိကြ၏။

အနုဿတိ၏အဓိပ္ပါယ်မှာ အဖန်တလဲလဲ အောက်မေ့ပွားများခြင်းဟုဆိုရာ ဂုဏ်တော်ပုတီးစိပ်သူများသည် အနုဿတိ(၁၀)ပါးအနက် ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများခြင်းပင်ဖြစ်သည်ဟု နားလည်ရပါမည်၊ယခု ပန်းလှသွားဆရာတော်၏ဒီပနီ၌ ဗုဒ္ဓါနုဿတိအတွက် ဗုဒ္ဓ၏ဂုဏ်တော် ၉-ပါးကို ၁၂-မျိုး ခွဲ၍ ပြထားရာ ဂုဏ်တော် ၁၀၈-ပါးအထိ သိနားလည်ခွင့်ရကြလျက် မြတ်စွာဘုရား၏ ဂုဏ်တော်အနန္တကို ပိုမိုမှန်းဆအာရုံပြုကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

ဓမ္မာနုဿတိ, သံဃာနုဿတိ, စာဂါနုဿတိ အစရှိသည်ဖြင့် ကျန်အနုဿတိ ၉-ပါးတို့တွင်လည်း လူသိနည်းသော အချက်

အလက်များ ပါဝင်ဖော်ပြထားသဖြင့် ဤအနုသာသတိဒီပနီကျမ်း စာအုပ်သည် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းလိုသူ ပုဂ္ဂိုလ်များအတွက် သာမက နေ့စဉ်နံနက်,ညဉ့် ဘုရားရှိခိုးနေကြသော ဗုဒ္ဓဘာသာ ဝင်တို့အတွက် အကျိုးများသည့် ကျမ်းစာအုပ် ဖြစ်ကြောင်း တင်ပြပါသည်။

## ပန်းလှသားဆရာတော်

ဆရာတော်သည် မင်းဘူးခရိုင်၊ စကုမြို့နယ် (စလင်းမြို့ တောင်ဘက်၊ မုန်းချောင်းအနီး ၁၂-မိုင်ခန့်အကွာရှိ) ပန်းလှသား ရွာတွင် တောင်သူ လယ်သမား မိဘတို့မှ ဖွားမြင်တော်မူသည်၊ ငယ်မည်—မောင်ငွေဆိုင်၊ ငယ်စဉ် ကျောင်းသား အရွယ်မှစ၍ ရွာဦးကျောင်းဆရာတော်ထံ အပ်နှံပညာသင်ကြားစေပြီး ရွာဦး ကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ သာမဏေဘဝ,ရဟန်း ဘဝသို့ တက်ရောက်ခဲ့၏၊ ဘွဲ့မည်မှာ ရှင်ဂုဏဝန္တ၊ ပန်းလှသားရွာမှ ထွက်ခွာလာပြီးနောက် စလင်းမြို့အရှေ့တောင်ယွန်းရှိ ဆန့်တားး တိုက် (ယခုအခေါ်—လင်းကတောတိုက်) ဆန့်တားဆရာတော် ဦးနန္ဒမာလာထံခိုလှုံ၍ ပိဋကတော်ကို သင်ကြားဆည်းပူးသည်၊ ထိုနောက် ဆန့်တားဆရာတော်၏ အမိန့်အရ စလင်းမြို့ အရှေ့ တောင်ဘက် ခြသေ့်ဦးရွာ၏မြောက်ဘက် မြောက်ဦးကျောင်းသို့ ရွှေ့ပြောင်း သီတင်းသုံး နေထိုင်သည်။

စလင်းမြို့သူကြီး မဟာသမာန်ဦးအေးသည် စလင်းမြို့အရှေ့ မျက်နှာ၌ အုတ်လေးထပ်ဗိမာန် ဘုံသာတိုက် (ယခုအခေါ်ကိုး ဆောင်တိုက်) ကျောင်းကြီးဆောက်လုပ်ပြီးနောက် မြို့ပေါ်ရှိ

ဆရာတော်ကြီးများအမိန့်အရ မြောက်ဦးကျောင်းနေ အရှင်ဂုဏဝန္တအား ပင့်ဆောင်၍ ပေးအပ်လှူဒါန်းသည်၊ ထိုကျောင်းသစ်၌ သီတင်းသုံးနေထိုင်ရင်း ပရိယတ္တိသာသနာတော်ကို ဇွဲလုံ့လဝီရိယကြီးစွာဖြင့် အားထုတ်ဆောင်ရွက်တော်မူသဖြင့် (မူလဇာတိ– ပန်းလွှားရွာကိုအစွဲပြု၍) ပန်းလွှားဆရာတော်ဟု ဂန္ထဝင်တွင် ထင်ရှားကျော်စောတော်မူသည်။

စကုမြို့အဝင် ကန့်ဘလာရွာတွင် ဖွားရာဇာတိဖြစ်သော ဘိုးတော်မင်းတရားလက်ထက် "မုနိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်နှင့် "မုနိန္ဒာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်များဆက်ကပ်ခံရသည့်သာသနာပိုင် ဆရာတော်အလျောင်းအလျာဖြစ်သောအရှင်ပညာသီဟသည် ၁၁၄၆– ခုနှစ်တွင် ရဟန်းပြုလျက် စလင်းမြို့ ကိုးဆောင်တိုက် ပန်းလွှားဆရာတော်ဘုရားကြီးထံတွင် ပထမဦးစွာ ပညာရင်နို့ သောက်စို့တော်မူခဲ့ရသည်။

ပန်းလွှားဆရာတော် ပြုစုစီရင်ခဲ့သော ကျမ်းများမှာ (မှတ်တမ်းများမှရှာဖွေတွေ့ရှိရသလောက်) အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ခုဒ္ဒသိက္ခာဒီပနီ၊
၂။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ၊
၃။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိသျ၊
၄။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီနိသျ၊
၅။ အနေကတ္ထဒီပနီ၊

၆။ ဂုဏာဝဏ္ဏဒီပနီ၊

၇။ အနုသာသတိဒီပနီ၊

၈။ မဟာပရိတ်တော်ကြီးနိဿျ၊

စသည်တို့ဖြစ်ပါသည်။ ၁၃၂၀ပြည့်နှစ်(၁၉၅၈-ခု) ကဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်လှူဒါန်းသော ဟံသာဝတီ ပရိတ်ကြီးနိဿယသည် ပန်းလှသာဆရာတော်၏ ဉာဏ်စွမ်းလက်ရာတော်ဖြစ်လျက် အဌကထာနည်း, ဋီကာနည်း, သဒ္ဒါနည်း, ဆန်းနည်း, ဓာတ်ပစ္စည်း, လိင်ဝုစ်, ပုဒ်ဖြတ် ပုဒ်စပ်တို့ဖြင့် အဓိပ္ပါယ် ရှင်းလင်းချက်များ၊ ခက်ဆစ်အဖြေများ၊ မှတ်သားဘွယ်ရာများပါ ပါဝင်ဖော်ပြထားသည် ဖြစ်ရာ ၁၁၇၄-ခုနှစ် (နှစ်ပေါင်း ၁၆၀-ကျော်)က ရေးသားပြီးစီးသော ကျမ်းဖြစ်စေကာမူ ရေးနည်းရေးဟန်မှစ၍ အလွန်ခေတ်မှီလျက်ရှိကြောင်း တွေ့ရပါသည်၊ ဤပရိတ်ကြီးနိဿယ၏နိဂုံးမှာ မှတ်သားဘွယ်ကောင်းလှသဖြင့် အချို့သော အချက်များကို တနေရာတွင် ကောက်နုတ်ဖော်ပြထားပါသည်။

**ဘွဲ့မည်မှုကွဲများ။** ။မိုင်းခိုင်းမြို့စား၏ ပိဋကတော်သမိုင်း (ဟံသာ-နှာ-၁၂၄၊ ၁၂၆၊ ၁၈၅၊ ၁၉၀)တွင် ပန်းလှသာဆရာတော်"အရှင်သီလာစာရ"ဟူ၍ရင်း၊ ဟံသာဝတီပရိတ်ကြီးနိဿယနိဒါန်း (နှာ-ခ)၌ "ဂုဏာဝန္တထေရ" စီရင်တော်မူအပ်လေသည်ဟူ၍ရင်း၊ ဆရာ-လှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိပေါင်းချုပ် (ဟံသာ-နှာ-၅၄)တွင် ပန်းလှသာဆရာတော်"အရှင်ဂုဏာဝန္တ"ဟူ၍ရင်း ဘွဲ့မည်တော်များ နှစ်မျိုးကွဲပြား

လျက်ရှိပါသည်၊ ဤအနုဿတိဒီပနီ၌ပေစာမူတွင်ပါရှိသည့်အတိုင်း **ပန်းလှသွားဆရာတော်ဂုဏဝဏ္ဏမဟာထေရ်** ဟူ၍ပင် ဖော်ပြလိုက်ပါသည်။

အနုဿတိဒီပနီ ကျမ်းပြီးနှစ်မှာ ၁၁၅၅-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊ ကြာသပတေးနေ့၊ မွန်းတည့်ချိန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**မှတ်ချက်။** ။ဤထေရုပ္ပတ္တိအကျဉ်းကို (၁) သာသနာလင်္ကာရစာတမ်း၊ (၂) ပိဋကတော်သမိုင်း (၃) ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ ပေါင်းချုပ်၊ (၄) ဟံသာဝတီပရိတ်ကြီးနိဿယနှင့် (၅) စလင်းမြို့ စာစီကျောင်းဆရာထွားထံမှ ပေးပို့ရရှိသောအချက်အလက်များကို ရည်ညွှန်းကိုးကား၍ ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

## ကျေးဇူးဘင်ခြင်း

ပေစာမူလက်ရေးစာမူသို့ကူးယူပေးသော ဆရာတော် ဦးတိလောက (သရက်တောတိုက်)အားလည်းကောင်း၊ လက်ရေးစာမူမှပုံနှိပ်စာလုံးအဖြစ်သို့ရောက်အောင် သတ်ပုံသတ်ညွှန်း, ဝါကျအနေအထား, စာပိုဒ် အဖြတ်အတောက်မှစ၍ ကျနသေသပ်အောင် မူပြင် တည်းဖြတ်ပေးသော ဟံသာဝတီဆရာကြီး ဦးခင်စိုးနှင့် ဆရာ ဦးသိန်းဟန်, ဦးမြင့်သောင်းတို့အားလည်းကောင်း၊ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်သားများအားလည်းကောင်း ကျေးဇူး တင်ပါသည်၊

## ထုတ်ဝေသူ၏အမှာ

သာသနာတော်၌ အကျိုးများသည့်အပြင် ပညာ,သဒ္ဓါ,ဝီရိယ, စေတနာအပြည့်အဝဖြင့် ရေးသားပြုစုတော်မူသွားသည့် ပန်းလှသွား ဆရာတော် ဘုရားကြီး၏ အဘိုးတန်ရှေးစာမူ ဟောင်းတခုကို နောင်လာနောက်သားတို့အတွက် ဖော်ထုတ်နိုင်အောင် ငွေအားလူအားဖြင့် ကူညီကြသောဓမ္မမိတ်ဆွေများအားလည်း ကျေးဇူးတင်ရှိ လှပါကြောင်းဖော်ပြအပ်ပါသတည်း။

**ဓမ္မဃောသက–ဦးမောင်မောင်**
၃၂–မဟာသုခလမ်း၊ပုဇွန်တောင်
ရန်ကုန်မြို့။

၁၃၃၈-ခု၊ ဝါဆိုလဆန်း ၉-ရက်။
(၄-၇-၇၆)

## ဓမ္မလက်ဆောင်

### စလင်း-ပန်းလှ္ဘားဆရာတော်၏ ပရိတ်ကြီးနိဿယသစ် နိဂုံးမှ မှတ်သားဘွယ် ကောက်နုတ်ချက်

ထိုသို့ (ပရိတ်ကြီးနိဿယသစ်) ရေးသားသောကာလ၌ကား (နှစ်ပေါင်း ၁၆၀-ကျော်ကာလက)ကာလဝိပတ္တိဖြစ်၍ မိုးခေါင်သော ဒုဗ္ဘိက္ခကာလ, အစာရေစာ ရှားပါး ငတ်မွတ်သော ဒုဗ္ဘိက္ခကာလ, စစ်မက်အင်္ဂါများသောကာလ, မုဒိမ်းတန္တ ခိုးသူများသောကာလ, ကြေး ဘိုး တောင်း တင်း တိုးသောကာလ, ဆန်တတင်းကို ရုံခါသုံးကျပ်, ရုံခါလေးကျပ်, ရုံခါငါးကျပ်, ရုံခါခုနစ်ကျပ်, ရုံခါတဆယ်, ရုံခါ တဆယ့်ငါးကျပ်ပင် ပြုသောကြောင့် များစွာသောသတ္တဝါတို့သည် ပျက်စီးခြင်းသို့ ရောက်ကြကုန်၏၊ မြို့ ရွာ တိုင်း နိုင်ငံ ချောက်ချားကုန်၏၊ ပျက်စီးသော မြို့ရွာသာ များကုန်၏၊ မပျက်စီးသော မြို့ရွာပင်မရှိ၊ တမြို့နှင့် တမြို့တိုက်ကြကုန်၏၊ တရွာနှင့် တရွာတိုက်ကြကုန်၏၊ သစ်တပ်တည်၍ နေ့ညဉ့်မပြတ် တပ်စီး၍ နေကြရကုန်၏။

၁။ သာသနာတော်လည်း ဘေးကြီးစွာရောက်၍ ဥပုသ်,ပဝါရဏာမမှန် ချွတ်ယွင်းကြကုန်၏။

၂။ တရားမစောင့်သော အလဇ္ဇီ ဒုဿီလ ရဟန်းတို့သာ များကုန်၏။

၃။ ရွှေ,ငွေဆည်းပူးသိုမှီးသော ရဟန်းတို့သာ များကုန်၏။

၄။ ရူပိယသံဝေါဟာရ, ကယဝိက္ကယ, မိစ္ဆာဇီဝရဟန်းတို့သာ များကုန်၏။

၅။ လှေ့, လှည်း, နွားမွေးရဟန်းတို့သာ များကုန်၏။

၆။ အင်္ဂုရတ်ကိုအားထုတ်သော ရဟန်းတို့သာ များကုန်၏။

၇။ လဇ္ဇီပေသလ သိက္ခာကာမ သူတော်ကောင်း နည်းကုန်၏။

၈။ ပရိယတ်, ပဋိပတ်ကို အားထုတ်သောရဟန်းတို့သည် နည်းကုန်၏။

၉။ မင်းစိုးရာဇာတို့က အဝတ်ဖြူလဲ၍ သာသနာတော်မှထုတ်သော ရဟန်းတို့သည်လည်း အများပင်။

ဤသို့သောနည်းဖြင့် အနှစ် ၂၀-ကျော်ပင် ကာလဝိပတ္တိဖြစ်လေသတည်း၊ ထိုသို့ဝိပတ္တိကာလသာသနာတော်၌ ဘေးရောက်သောကာလ၌ပင်သော်လည်း ငါတို့အနွယ်အဆက် လဇ္ဇီပေသလ သိက္ခာကာမ သူတော်ကောင်းတို့သည်ကား သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်း၍ နေပါကုန်သတည်း။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ရက္ခန္တု ရာဇာနော။
ကာလေ ဝဿတု ပဇ္ဇုန္နော၊
သဒါ သုခန္တု ပါဏိနော။

သဒ္ဓမ္မော၊ ပိဋကသုံးပုံတည်းဟူသော သူတော်ကောင်းတရားသည်။စိရံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။တိဋ္ဌတု၊ တည်ပါစေသတည်း။ရာဇာနော၊ ရေမြေသေဌ်နင်းမင်းတို့သည်။ဓမ္မေ၊ မင်းကျင့်တရား ဆယ်ပါးတို့ကို။ ရက္ခန္တု၊ စောင့်ရှောက်စေကုန်သည်း။ ပဇ္ဇုန္နော၊မိုးပဇ္ဇုန်သည်။ ကာလေ၊ စိုက်ပျိုးသောကာ

လဒ္ဓိ။ ဝသာတုံ၊ရွှာစေသတည်း။ ပါဏိနော၊ခပ်သိမ်းသောသတ္တဝါ တို့သည်။ သဒါ၊အခါခပ်သိမ်း။ သုခ္ခိတာ၊ ချမ်းသာစေကုန်သ တည်း။

\+ \+ \+

အထက်စာပိုဒ်ကား ထိုစဉ်ကာလက ခေတ်ကာလဆုတ်ယုတ် ပုံ၊ သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းရမုံတို့ကို ဖော်ပြ ခြင်းဖြစ်လျက် ဂါထာမှာ ဆရာတော်ကြီး၏ အာသီသဆုတောင်း ဖြစ်ပါသည်၊ဓမ္မမာမက မိတ်ဆွေအများလည်း ယခုခေတ်အခြေ အနေကို ဆင်ခြင်သုံးသပ်၍ မေတ္တာပြဟမ္မစိုရ် ပွားများနိုင်ကြ ပါစေ ဟုဆန္ဒပြုပါ၏။

ဓမ္မဃောသက—ဦးမောင်မောင်

**စာမူထိန်းသိမ်းခြင်း။** ။ထုတ်ဝေသူ၏ ခွင့်ပြုချက် မရရှိဘဲ ဤအနုသယတိဒီပနီကျမ်းစာ တစောင်လုံးကိုဖြစ်စေ၊ တစိပ်တဒေသကိုဖြစ်စေ၊ ကူးယူထုတ်ဝေ ဖြန့်ဖြူးခြင်းမပြုရ။

**ဓမ္မဃောသက-ဦးမောင်မောင်**

# အနုဿတိဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ကျမ်းဦးပဏာမ

၁။ အနုအနုဿရန္တာနံ၊ စိန္တေန္တာနံ အနေကတ္ထံ။
ဥပ္ပါဒေန္တံ တိလောကဂ္ဂံ၊ နာထံ နတွာ အနေကတ္ထံ။

၂။ အနုံအနုပဿန္တာနံ၊ ဘာဝေန္တာနံ ဥပ္ပါဒေန္တံ။
အနုဿတိဒီပနိံ ဟံ၊ ကရိဿာမိ သမာသေန။

၁။ အဟံ၊ ငါသည်။ အနုအနု၊ အဖန်တလဲလဲ။ ဿရန္တာနံ၊ ဂုဏ်ကိုအောက်မေ့ကုန်သော သူတော်ကောင်းတို့အားရင်း။ အနု

H 653—1 [ဟံသာဝတီ]

အနု၊ အဖန်တလဲလဲ။ စိန္တေနတ္တာနံ၊ ဂုဏ်ကိုကြံကုန်သော သူတော်ကောင်းတို့အားရင်း။ အနေကတ္တံ၊ များသောကောင်းကျိုးကို။ ဥပ္ပါဒေန္တံ၊ ဖြစ်စေတတ်ထသော။ တိလောကဂ္ဂံ၊ သုံးပါးသော လောကထက် မြတ်တော်မူထသော။ နာထံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို။ နတွာ၊ ရှိခိုးဦး၍။—

၂။ အနုအနု၊ အဖန်တလဲလဲ။ ပဌေန္တာနံ၊ ရွတ်ကုန်သော သူတော်ကောင်းတို့အားရင်း။အနုအနု၊အဖန်တလဲလဲ။ဘာဝေန္တာနံ၊ ပွားစေကုန်သော သူတော်ကောင်းတို့အားရင်း။ အနေကတ္တံ၊ များသော ကောင်းကျိုးကို။ ဥပ္ပါဒေန္တံ၊ ဖြစ်စေတတ်သော။ အနုဿတိဒီပနိံ၊ အနုဿတိဒီပနီ အမည်ရှိသော ကျမ်းကို။ သမာသေန၊ အကျဉ်းအားဖြင့်။ ကရိဿာမိ၊ ပြုပေအံ့။

**အဓိပ္ပါယ်ကား**— ခပ်သိမ်းသော သူတော်ကောင်း တို့အား ပစ္စုပ္ပန်အကျိုး, သံသရာအကျိုးနှစ်ပါး ပွားများပါစေသောဟု တောင့်တသော ငါသည် အဖန်တလဲလဲ ဘုရားသခင် ဂုဏ်ကို အောက်မေ့ကုန်သော သူတော်ကောင်းတို့အားရင်း,အဖန်တလဲလဲ ဘုရားသခင်ဂုဏ်ကို ကြံကုန်သော သူတော်ကောင်းတို့အားရင်း များသောကောင်းကျိုးကို ဖြစ်စေတတ်ထသော လောကသုံးပါး ထက် မြတ်တော်မူထသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးဦး၍ အဖန်တလဲလဲ ရွတ်ကုန်သော သူတော်ကောင်းတို့အားရင်း, အဖန်တလဲလဲပွားစေကုန်သော သူတော်ကောင်းတို့အားရင်း များသော အကျိုးကို ဖြစ်စေတတ်သော အနုဿတိဆယ်ပါးတို့၏ အနက်အဓိပ္ပါယ်ကို

ပြရာပြကြောင်းဖြစ်သော **အနုဿတိဒီပနီ** အမည်ရှိသောကျမ်းကို အကျဉ်းအားဖြင့် ပြပေအံ့—ဟူလိုသော်။

# အနုဿတိဆယ်ပါး

ခပ်သိမ်းသော သူတော်ကောင်းတို့သည် အဖန်တလဲလဲ မပြတ်မလပ် အောက်မေ့ အပ်သော အနုဿတိ တရားတို့ သည်ကား ဆယ်ပါးတို့တည်း၊ ဆယ်ပါးဟူသည်ကား—

၁။ ဗုဒ္ဓါနုဿတိ
၂။ ဓမ္မာနုဿတိ
၃။ သံဃာနုဿတိ
၄။ သီလာနုဿတိ
၅။ စာဂါနုဿတိ
၆။ ဒေဝတာနုဿတိ
၇။ ဥပသမာနုဿတိ
၈။ မရဏာနုဿတိ
၉။ ကာယဂတာသတိ
၁၀။ အာနာပါနဿတိစေတိ

ဣမာ ဒသ အနုဿတိယောနာမ။

ဤကား အနုဿတိဆယ်ပါး ပါဠိအစဉ်တည်း။

**အနက်ကား**—ဗုဒ္ဓါနုဿတိစ၊ အရဟံအစရှိသော ဘုရားသခင်ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းငှင်း။ ဓမ္မာနုဿတိစ၊ သွာခါတော အစရှိသော တရားတော်ဂုဏ်ကို အဖန်တလဲလဲ

အောက်မေ့ဆင်ခြင်ခြင်းငှာ။ သံဃာနုဿတိစ၊ သုပ္ပဋိပန္နော အစရှိသောသံဃာတော်ဂုဏ်ကိုအဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းငှာ။ သီလာနုဿတိစ၊ မိမိဆောက်တည် ကျင့်သုံးသော ငါးပါးသော သီလ,ရှစ်ပါးသောသီလ,ဆယ်ပါးသောသီလ,စတုပါရိသုဒ္ဓိသီလကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ခြင်းငှာ။ စာဂါနုဿတိစ၊ လှူဒါန်း ပေးကမ်းစွန့်ကြဲဘူးသော အလှူဝတ္ထုကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ စေတနာနှင့်တကွ အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ခြင်းငှာ။ ဒေဝတာနုဿတိစ၊ နတ်ပြည်၌ဖြစ်ကုန်သော နတ်အပေါင်းတို့သည် ဤလူ့ပြည်၌ ဖြစ်သောအခါ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ ဤတရားငါးပါးနှင့်ပြည့်စုံသောကြောင့်သာ နတ်ပြည်၌ဖြစ်ကုန်၏၊ ငါသည်လည်း နတ်ပြည်၌ ဖြစ်စေတတ်သော သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ- ဤတရားငါးပါး နှင့်ပြည့်စုံ၏ဟု နတ်တို့၏ဂုဏ်နှင့်တူသော မိမိဂုဏ်ကိုအာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းငှာ။ ဥပသမာနုဿတိစ၊ ခပ်သိမ်းသော ဝဋ္ဋဒုက္ခတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းငှာ။ မရဏာနုဿတိစ၊ သေရအံ့သော သဘောတရားကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းငှာ။ ကာယဂတာသတိစ၊ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို အောက်မေ့ဆင်ခြင်ခြင်းငှာ။ အာနာပါနုဿတိစ၊ ထွက်သက်ဝင်သက်ကို အာရုံပြု၍ အောက်မေ့ဆင်ခြင်ခြင်းငှာ။ ဣတိ၊ ဤသို့သော အပြားအားဖြင့်။ ဣမာဒသ၊ ဤဆယ်ပါးတို့သည်။ အနု[illegible]တို့ယောနာမ၊ အနုဿတိကမ္မဋ္ဌာန်းတို့ မည်ကုန်၏။

ဤကား အနုဿတိဆယ်ပါး၏ အနက်တည်း။

# ၁–ဗုဒ္ဓါနုဿတိ

## ဘုရားဂုဏ်တော် ၉–ပါးပါဌ်အနက်

ဆယ်ပါးသော အနုဿတိကမ္မဋ္ဌာန်းတို့တွင် ဗုဒ္ဓါနုဿတိကို ပွားစေရာသောနည်းကား ဤသို့တည်း။

သောဘဂဝါ ဣတိပိအရဟံ၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သောဘဂဝါ ဣတိပိ သုဂ–တော၊ သောဘဂဝါ ဣတိပိလောကဝိဒူ၊ သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဘဂဝါ။

ဤကား နဝဂုဏ်ကိုးပါး ပါဠိတည်း၊ အနက်ကား–

(၁) ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့တထောင့်ငါးရာ ကိလေသာတို့မှ ဝေးတော်မူသောကြောင့်ရင်း, ကိလေသာတည်း ဟူသောရန်သူတို့ကို အရဟတ္တမဂ်ဖြင့် သတ်တော်မူသောကြောင့်ရင်း, လူနတ်တို့၏ပစ္စည်းလေးပါး ပူဇော်သက္ကာရ အထူးကို ခံတော်မူထိုက်သောကြောင့်ရင်း, ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှု ပြုခြင်းငှာ ထိုက်တော်မမူသောကြောင့်ရင်း, သံသရာစက်၏

---

၁။ ဗုဒ္ဓါနုဿတိ–ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

အကာန္တတိုကို ဖျက်ဆီးတော်မူသောကြောင့်ရင်း။ သောဘာဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟံ၊ အရဟံမည်တော်မူ၏။

(၂) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော သစ္စာ အသစ္စာအားဖြင့် ပြားသောတရားတို့ကို မည်သူမဆို အလိုလို သာလျှင် သယမ္ဘူဉာဏ်ဖြင့် အကြွင်းမရှိ သိတော်မူပြီးသော ကြောင့်လည်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမ္မာ သမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ဝိဇ္ဇာ သုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော် မူသောကြောင့်လည်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

## အဓိပ္ပါယ်

**ဝိဇ္ဇာသုံးပါးဟူသည်ကား။** ။ပုဗ္ဗေ နိဝါသဉာဏ်, ဒိဗ္ဗစက္ခု ဉာဏ်, အာသဝက္ခယဉာဏ် သုံးပါးတည်း၊ ထိုသုံးပါးသောဝိဇ္ဇာ တို့တွင်—

၁။ အတိတာနန္တရဘဝကိုအစပြု၍ လွန်လေပြီးသောထိုသို့ သော ဘဝတို့၌ နေဘူး သုံးဆောင်ဘူး ခံစားဘူး သော ခန္ဓာအစဉ်ကို သိနိုင်သောဉာဏ်သည် ပုဗ္ဗေ- နိဝါသဉာဏ်မည်၏။

၂။ ပကတိလူတို့၏ မျက်စိအမြင်ကိုလွန်၍ တိုက်နံရံ တော တောင် ဖုံးလွှမ်းသော ရူပါရုံ, ဝေးသောအရပ်၌

တည်သော ရူပါရုံ၊ သိမ်မွေ့သေးဖွဲ့သောရူပါရုံကို မြင်ခြင်းငှာစွမ်းနိုင်သော နတ်မျက်စိနှင့်တူဟော ဒိဗ္ဗဝိပဿနာကိုမှီသော ဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်မည်၏။

၃။ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်း၌ သိတတ်သော အရဟတ္တမဂ်ဉာဏ်သည် အာသဝက္ခယဉာဏ်မည်၏။

**ဝိဇ္ဇာရှစ်ပါးဟူသည်ကား။** ။ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ဤရှစ်ပါးတည်း၊ ထိုရှစ်ပါးတို့တွင်—

၁။ မိမိကိုယ်ကို အရာအထောင်ဖန်ဆင်းခြင်းငှာ စွမ်းနိုင်သောဉာဏ်၊ မိမိကိုယ်ကိုဆင်ရုပ်၊ မြင်းရုပ်၊ နဂါးရုပ်၊ ဂဠုန်ရုပ် အစရှိသော အထူးထူးအပြားပြား များစွာဖန်ဆင်းခြင်းငှာ စွမ်းနိုင်သော ဉာဏ်သည် ဣဒ္ဓိဝိဓဉာဏ်မည်၏။

၂။ သိမ်မွေ့သောအသံ၊ တိုက်နံရံဖုံးလွှမ်းသော အသံ၊ ဝေးသောအရပ်၌ တည်သောလူနတ်တို့၏ အသံကို ကြားခြင်းငှာစွမ်းနိုင်သော နတ်၏နားနှင့် တူသော ဒိဗ္ဗသောတကိုမှီသော ဉာဏ်သည် ဒိဗ္ဗသောတဉာဏ်မည်၏။

၃။ သူတပါးတို့၏ စိတ်အကြံကို သိနိုင်သောဉာဏ်သည် ပရစိတ္တဝိဇာနနဉာဏ်မည်၏။

၄။ သမ္မသမ္ဗုဒ္ဓါရော အနိစ္စာ- အစရှိသဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်း၌ မတွေမဝေသိသောဉာဏ်သည် ဝိပဿနာ ဉာဏ်မည်၏။

၅။ စိတ်ရှိတိုင်း ပြီးသောဉာဏ်သည် မနောမယိဒ္ဓိဉာဏ် မည်၏။

၈။ ဝိဇ္ဇာ သုံးပါးနှင့် ပေါင်းသော် ဝိဇ္ဇာ ရှစ်ပါး ဖြစ်၏။

စရဏတဆယ့်ငါးပါးဟူသည်ကား-

၁။ သီလကိုစောင့်ရှောက်ခြင်းတည်းဟူသော သီလသံဝရ လည်း ၁-ပါး။

၂။ စက္ခုအစရှိသော ဣန္ဒြေကို စောင့်ရှောက်လုံခြုံစေခြင်း တည်းဟူသော ဣန္ဒြိယဂုတ္တဒွါရလည်း ၁-ပါး။

၃။ ဆွမ်းစားခြင်း၌ အတိုင်းအရှည်ကို သိခြင်းတည်း ဟူသော ဘောဇနမတ္တညုလည်း ၁-ပါး။

၄။ နိုးကြားခြင်းကမ္မဋ္ဌာန်းကိုလုံ့လပြုခြင်းတည်းဟူသော ဇာဂရိယာနုယောဂလည်း ၁-ပါး။

၁၁။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ- ဤ ၇-ပါးသော သူတော်ကောင်း တရားနှင့်သော် ၁၁-ပါး။

၁၅။ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဤဈာန်လေးပါးနှင့်သော်စရဏ ၁၅-ပါးဖြစ်ကုန်၏။

(၄) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ ဒီပင်္ကရာမြတ် စွာဘုရား၏ ခြေတော်ရင်းမှစ၍ အယုတ်, အလတ်, အမြတ်

အားဖြင့် သုံးဆယ်အပြားရှိသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ ကောင်းသော အကျင့်ဖြင့်သာလျှင် လောကသုံးပါးတို့၏ စီးပွားချမ်းသာကို ပြုတော်မူလျက် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ, ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂတည်းဟူသော အယုတ်တရားနှစ်ပါးသို့ မကပ်မူ၍ မဇ္ဈိမပဋိပတ်ဖြင့်သာလျှင် ဗောဓိမဏ္ဍိုင်သို့ ကောင်းစွာ လာတော်မူတတ်သောကြောင့်၎င်း၊ သူနာလိုသည့်, မနာလိုသည့်, အကျိုးရှိသည့်, မရှိသည့်, ဟုတ်မှန်သည့်, မဟုတ်မှန်သည်ဟုဆိုအပ်သော ခြောက်ခွန်းသောစကားတို့တွင် သူနာလိုသော အကျိုးရှိသော ဟုတ်မှန်သောစကား, သူမနာလိုသော်လည်း အကျိုးရှိသော ဟုတ်မှန်သောစကား၊ ဤနှစ်ခွန်းသောစကားကိုသာဆိုတော်မူတတ်သောကြောင့်၎င်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော၊ သုဂတမည်တော်မူ၏။

**စကားခြောက်ခွန်းဟူသည်ကား—**

၁။ ဟုတ်လည်းမဟုတ်မှန်, အကျိုးလည်းမရှိ, သူလည်း မနာလို–ဤလည်းတခွန်း။ (ဤစကားကား ဒုဿီလ အလဇ္ဇီမဟုတ်ပဲလျက် ဒုဿီလအလဇ္ဇီဟုဆိုခြင်း,မုဆိုး တံငါမဟုတ်ပဲလျက် မုဆိုးတံငါဟု ဆိုခြင်းတည်း။)

၂။ ဟုတ်လည်း ဟုတ်မှန်၏၊ အကျိုးကားမရှိ၊ သူလည်း မနာလို–ဤလည်းတခွန်း။ (ဤစကားကား ဒုဿီလ အလဇ္ဇီကို ဒုဿီလအလဇ္ဇီဟုဆိုခြင်း, မုဆိုးတံငါကို မုဆိုးတံငါဟု ဆိုခြင်းတည်း။)

၃။ ဟုတ်လည်းဟုတ်မှန်၏, အကျိုးလည်းရှိ၏, သူမူကား မနှစ်လို-ဤလည်းတခွန်း။ (ဤစကားကား ဒေဝဒတ္တော အပါယိကော-ဟု ဆိုခြင်းတည်း၊ ဤစကားကို မြတ်စွာဘုရားဆိုတော်မူ၏။)

၄။ ဟုတ်လည်းမဟုတ်မှန်, အကျိုးလည်းမရှိ, သူမူကား နှစ်လို၏-ဤလည်းတခွန်း။ (ဤစကားကား ရာဇဝင်အစရှိသောစကားတည်း။)

၅။ ဟုတ်လည်း ဟုတ်မှန်၏, အကျိုးလည်း မရှိ, သူမူကား နှစ်လို၏-ဤလည်းတခွန်း။ (ဤစကားကား ထမင်းစကား, ဟင်းစကား, ရွာစကား, မြို့စကားတည်း။)

၆။ ဟုတ်လည်း ဟုတ်မှန်၏, အကျိုးလည်း ရှိ၏,သူလည်း နှစ်လို၏-ဤလည်း တခွန်း။ (ဤစကားကား ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာနံအာဒီနဝကထာ, နေက္ခမ္မေအာနိသံသကထာတည်း၊ ဤစကားကိုလည်း မြတ်စွာဘုရားဆိုတော်မူ၏။)

(၅) လောကဝိဒူ-လောကဝိဒူ ဟူသောဂုဏ်ကား, ဤသို့ သတ္တလောက, သင်္ခါရလောက, ဩကာသလောကတည်းဟူသော လောကသုံးပါးကို အကြွင်းမဲ့သိတော်မူတတ်သောကြောင့်ရင်း၊ ကာမလောက, ရူပလောက, အရူပလောကကို အကြွင်းမဲ့ သိတော်မူတတ်သောကြောင့်ရင်း၊ ခန္ဓလောက, အာယတနလောက ဓာတုလောက, ဣန္ဒြိယလောက အစရှိသော လောက အပေါင်းကို သိတော်မူတတ် သောကြောင့်ရင်း၊ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံ-ဟု ဆိုအပ်

သော လောကဝိတရားရှစ်ပါးကို သိတော်မူတတ်သောကြောင့်ရှင်း။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။

(၆) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကာမလောက, ရူပလောက, အရူပလောကတည်း ဟူသော သုံးပါးသောလောကတို့၌ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန အစရှိသော ကျေးဇူးတရားတို့နှင့် တူသောတစုံတယောက်သောသူ ရှိတော်မမူသောကြောင့်ရှင်း၊ မယဉ်ကျေးသေးသော နတ်ယောကျ်ား, လူယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်ရှင်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏။

(၇) ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော လူနတ်တို့၏ ဆရာဖြစ်တော်မူသောကြောင့်ရှင်း၊ ဥစ္စာနှင့် တကွသော လှည်းသားအပေါင်းတို့ကို စောရကန္တာရ, ယက္ခကန္တာရ, ဒုဗ္ဘိက္ခ-ကန္တာရ, နိရုဒကကန္တာရတည်းဟူသော ခရီးခဲမှ ဘေးရန်မရှိရာအရပ်သို့ ပို့ဆောင်ကယ်တင်တတ်သော လှည်းမှူးကဲ့သို့ နတ်နှင့်တကွသော လူအပေါင်းတို့ကို ဇာတိကန္တာရ, ဇရာကန္တာရ, မရဏကန္တာရ အစရှိသော ကူးခတ်နိုင်ခဲသောခရီးခဲမှ ဘေးမရှိရာနိဗ္ဗာန်အရပ်သို့ပို့ ဆောင်ကယ်တင်တော်မူတတ်သောကြောင့်ရှင်း။ သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။သတ္ထာဒေဝမနုဿာနံ၊သတ္ထာဒေဝမနုဿာနမည်တော်မူ၏။

(ဂ) ဣတိပိ-ဣမိနာစ ကာရဏေန၊ဤသို့သော သင်္ခါရ,ဝိကာရ,လက္ခဏ,နိဗ္ဗာန်,ပညတ်ဟုဆိုအပ်သော ဉေယျဓံတရားငါးပါးတို့ကို သိတော်မူတတ်သောကြောင့်ရင်း၊ ဒုက္ခသစ္စာ,သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟုဆိုအပ်သော သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင်လည်း သိတော်မူတတ်, သူတပါးကိုလည်း သိစေတော်မူတတ်သောကြောင့်ရင်း။ သောဘာဝ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

(ဃ) ဣတိပိ-ဣမိနာစကာရဏေန၊ ဤသို့သော လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိအစရှိသော အကုသိုလ်တရားတို့ကို ဖျက်ဆီးတော်မူတတ်သောကြောင့်ရင်း၊ ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,ပယတ္တဟုဆိုအပ်သော ခြောက်ပါးသောဘုန်းတော်နှင့်ပြည့်စုံတော်မူသောကြောင့်ရင်း၊ဒေဝပုတ္တမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်, ခန္ဓမာရ်, မစ္စုမာရ်ဟုဆိုအပ်သော ငါးပါးအပြားရှိသောမာရ်တို့ကို ဖျက်ဆီးတော်မူတတ်သောကြောင့်ရင်း၊ အတုမရှိသော ဝိမောက္ခတရားသုံးပါးကို မပြတ်မှီဝဲ တော်မူတတ်သောကြောင့်ရင်း။

လောဘ, ဒေါသ, မောဟ, ဝိပရိတ, မနသိကာရ, အဟိရိက, အနောတ္တပ္ပ, ကောဓ, ဥပနာဟ, မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ,မာယာ, သာဌေယျ,ထမ္ဘ, သာရမ္ဘ,မာန, အတိမာန, မဒ,ပမာဒ, တဏှာ, အဝိဇ္ဇာ, သုံးပါးအပြားရှိသော အကုသလမူလ, သုံးပါးအပြားရှိသော အကုသိုလ်ဒုစရိုက်, သုံးပါးအပြားရှိသော သံကိလေသ, သုံးပါးအပြားရှိသော မလ, သုံးပါးအပြားရှိသော သညာ, သုံးပါးအပြားရှိသော ဝိတက်, သုံးပါးအပြားရှိသော

ပပဥ္စ, လေးပါးအပြားရှိသော ဝိပရိယေသ, လေးပါးအပြားရှိသော အာသဝ, လေးပါးအပြားရှိသော ဂန္ထ, လေးပါးအပြားရှိသော ဩဃ, လေးပါးအပြားရှိသော ယောဂ။

လေးပါး အပြားရှိသော အဂတိ, လေးပါးအပြားရှိသော တဏှာ, လေးပါးအပြားရှိသော ဥပါဒါန်, ငါးပါးအပြားရှိသော စေတောခိလ, ငါးပါးအပြားရှိသော ဝိနိဗန္ဓ, ငါးပါးအပြားရှိသော ဝိနီဝရဏ, ငါးပါးအပြားရှိသော အဘိနန္ဒန, ခြောက်ပါး အပြားရှိသော ဝိဝါဒမူလ, ခြောက်ပါး အပြားရှိသော တဏှာကာယ, ၇-ပါးအပြားရှိသော အနုသယ, ရှစ်ပါးအပြားရှိသော မိစ္ဆတ္တ, ကိုးပါးအပြားရှိသော တဏှာမူလက, ဆယ်ပါး အပြားရှိသော အကုသလကမ္မပထ, ခြောက်ဆယ်နှစ်ပါးအပြားရှိသော ဒိဋ္ဌိဂတ, ၁ရာ့ရှစ်ပါးအပြားရှိသော တဏှာဝိစရိုက်-အစရှိသည့်အပြားရှိကုန်သော အလုံးစုံပူပန်တတ်ကုန်သော အသိန်းမကသော ကိလေသာတို့ကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးတော်မူပြီးသောကြောင့်ငင်း။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

ဘုရားဂုဏ်တော်ကိုးပါးပါဠိအနက်ပြီး၏။

## တနည်း—ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်

သောဘဂဝါ ဣတိပိ ဒသဗလော၊ သော ဘဂဝါဣတိပိ သဗ္ဗညူ၊ သောဘဂဝါ ဣတိပိ ဒွိ-ပဒုတ္တမော၊ သောဘဂဝါဣတိပိ မုနိန္ဒော၊ သော

ဘဂဝါလ္လတိပိ နာထော၊ သောဘဂဝါ လ္လတိပိ-
စက္ခုမာ၊ သောဘဂဝါလ္လတိပိအဂ္ဂိရသော၊ သော
ဘဂဝါလ္လတိပိလောကနာထော၊ သောဘဂဝါ
လ္လတိပိ အနုမိဝရော။

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-
လ္လမိနာဝစကာရကေန၊ ဤသို့သောကာယဗလဆယ်ပါး, ဉာဏဗလ
ဆယ်ပါးနှင့် ပြည့်စုံတော်မူသော ကြောင့်လည်း။ ဒသဗလော၊
ဒသဗလမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-လ္လမိ
နာဝစ ကာရကေန၊ ဤသို့သော ပုညာဘိသင်္ခါရ, အပုညာဘိ
သင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော သင်္ခါရ၊ ကာယ
ဝိညတ္တိရုပ်, ဝစီဝိညတ္တိရုပ်, ရူပဿလဟုတာရုပ်, ရူပဿမုဒုတာ
ရုပ်, ရူပဿကမ္မညတာရုပ်ဟု ဆိုအပ်သောဝိကာရ၊ ဥပစယရုပ်,
သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်ဟုဆိုအပ်သော လက္ခဏ၊
အသင်္ခတဓာတ်ဟုဆိုအပ်သောနိဗ္ဗာန်၊ နာမပညတ်, အတ္ထပညတ်
ဟု ဆိုအပ်သောပညတ်၊ ဤအလုံးစုံသော ဉေယျဓံတရား ငါး
ပါးကို သိတော်မူတတ်သောကြောင့်လည်း။ သဗ္ဗညူ၊ သဗ္ဗညူ
မည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-လ္လမိ
နာဝစ ကာရကေန၊ ဤသို့သော ခြေနှစ်ချောင်းရှိသောသတ္တဝါ
တို့ထက် မြတ်တော်မူသည်၏ အဖြစ်ကြောင့်လည်း။ ဒွိပဒုတ္တမော၊
ဒွိပဒုတ္တမ မည်တော်မူ၏။

(၄) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ရဟန်းအပေါင်းတို့ကို အစိုးရတော်မူသောကြောင့်လည်း၊ မုနိန္ဒော၊ မုနိန္ဒမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသောကြောင့်လည်း။ နာထော၊ နာထ မည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခုဟု ဆိုအပ်သော ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသောကြောင့်လည်း။ စက္ခုမာ၊ စက္ခုမာ မည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကိုယ်တော်မှပြိုးပြိုးပြက် ထွက်သော ရောင်ခြည်တော်ခြောက်သွယ်ရှိတော်မူသောကြောင့်လည်း။ အင်္ဂီရသော၊ အင်္ဂီရသမည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော လောကသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသောကြောင့်လည်း။ လောကနာထော၊ လောကနာထမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကိုယ်တော်ထက် ကဲလွန်သော

တစုံတယောက်သောသူ ရှိတော်မမူသောကြောင့်လည်း။ အနုမိ-ဝရော၊ အနုမိဝရမည်တော်မူ၏။

တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်ပြီး၏။

## တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်

သောဘဂဝါ ဣတိပိမဟေသီ၊ သောဘဂဝါ
ဣတိပိသေဋ္ဌော၊ သောဘဂဝါ ဣတိပိ ဝိနာ-
ယကော၊ သောဘဂဝါ ဣတိပိ သမန္တစက္ခု၊
သောဘဂဝါ ဣတိပိဘူရိပညော၊ သောဘဂဝါ
ဣတိပိမာရဇိ၊ သောဘဂဝါ ဣတိပိနရသီဟော၊
သောဘဂဝါ ဣတိပိ နရဝရော၊ သောဘဂဝါ
ဣတိပိ နရရာဇာ။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော သီလက္ခန်ကျေးဇူး, သမာ-ဓိက္ခန်ကျေးဇူး, ပညာက္ခန်ကျေးဇူး အပေါင်းကို ရှားမှီးတော်မူတတ်သောကြောင့်လည်း။ မဟေသီ၊ မဟေသီမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကတို့ထက် အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူသောကြောင့်လည်း။ သေဋ္ဌော၊ သေဋ္ဌမည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော လူ, နတ်တို့ကို နိဗ္ဗာန်သို့ပို့ဆောင်

တော်မူတတ်သောကြောင့်လည်း။ ဝိနာယကော၊ ဝိနာယကမည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ထက်ဝန်းကျင် မြင်နိုင်သော သဗ္ဗညုတဉာဏ်စက္ခု ရှိတော်မူသောကြောင့်လည်း။ သမန္တစက္ခု၊ သမန္တစက္ခုမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော မြေကြီးနှင့်တူသော ပျံ့နှံ့သော ပညာ ရှိတော်မူသောကြောင့်လည်း။ ဘူရိပညော၊ ဘူရိပညမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ လာရဏေန၊ ဤသို့သော မာရ်ငါးပါးကို အောင်တော်မူပြီးသောကြောင့်လည်း။ မာရဇိ၊ မာရဇိမည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော လူတို့ထက် မြတ်တော်မူသောကြောင့်လည်း။ နရသီဟော၊ နရသီဟမည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သောလူတို့သည် တောင့်တအပ်တော်မူသောကြောင့်လည်း။ နရဝရော၊ နရဝရမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော တရားမင်းဖြစ်တော် မူသောကြောင့်လည်း။ ဓမ္မရာဇာ၊ ဓမ္မရာဇမည်တော်မူ၏။

တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဌ်အနက်ပြီး၏။

## တနည်း–ဘုရားဂုဏ်တော် ၉–ပါးပါဠိအနက်

သောဘဂဝါ ဣတိပိ မဟာမုနိ၊ သောဘဂဝါ ဣတိပိ ဒေဝဒေဝေါ၊ သောဘဂဝါ ဣတိပိ လောကဂုရု၊ သောဘဂဝါ ဣတိပိ ဓမ္မသာမိ၊ သောဘဂဝါ ဣတိပိ တထာဂတော၊ သောဘဂဝါ ဣတိပိ သယမ္ဘူ၊ သောဘဂဝါ ဣတိပိ ဝရပညော၊ သောဘဂဝါ ဣတိပိ အနန္တဇိနော၊ သောဘဂဝါ ဣတိပိ သက္ကျသီဟော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော မုနိတကာတို့ထက် ကြီးမြတ်တော်မူသောကြောင့်လည်း။ မဟာမုနိ၊ မဟာမုနိမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော နတ်တကာတို့ထက် မြတ်သောဝိသုဒ္ဓိနတ်ဖြစ်တော်မူသောကြောင့်လည်း။ ဒေဝဒေဝေါ၊ ဒေဝဒေဝ မည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော လောကသုံးပါးတို့သည် အလေးအမြတ်ပြုအပ်သော ဆရာဖြစ်တော်မူသောကြောင့်လည်း။ လောကဂုရု၊ လောကဂုရု မည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာ၊စ ကာရဏေန၊ ဤသို့သော တရား၏အရှင် ဖြစ်တော်မူသောကြောင့်လည်း။ ဓမ္မသာမိ၊ ဓမ္မသာမိဖြစ်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာ၊စ ကာရဏေန၊ဤသို့သော ရှေးရှေးသောဘုရားသခင်တို့ ကဲ့သို့ ဗောဓိမဏ္ဍိုင်သို့ ကောင်းစွာလာတော်မူတတ်သောကြောင့်လည်း။ တထာဂတော၊ တထာဂတမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာ၊စ ကာရဏေန၊ ဤသို့သော ဆရာမရှိ အလိုလိုတရားအပေါင်းကို သိတော်မူတတ်သော ကြောင့်လည်း။ သယမ္ဘူ၊ သယမ္ဘူမည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာ၊စ ကာရဏေန၊ ဤသို့သော မြတ်သောပညာရှိတော်မူသောကြောင့်လည်း။ ဝရပညော၊ ဝရပညမည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာ၊စ ကာရဏေန၊ ဤသို့သော အဆုံးမရှိသော အကုသိုလ်တရားကို အောင်တော်မူပြီးသောကြောင့်လည်း။ အနန္တဇိနော၊ အနန္တဇိနမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာ၊စ ကာရဏေန၊ ဤသို့သော သာကီဝင်မင်းတို့ထက် မြတ်တော်မူသောကြောင့်လည်း။ သကျသီဟော၊ သကျသီဟ မည်တော်မူ၏။

တနည်း—ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်ပြီး၏။

## တနည်း-ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်

သောဘဂဝါ လောကေပိ သက္ကမုနိ၊သောဘဂဝါ လောကေပိ အာဒိစ္စဗန္ဓု၊သောဘဂဝါ လောကေပိ ဝိဂတ-မောဟော၊ သောဘဂဝါ လောကေပိ ပဘိန္နခိလော၊ သောဘဂဝါ လောကေပိ ဝိဇိတဝိဇယော၊ သောဘဂဝါ လောကေပိ အဂ္ဂေါ၊ သောဘဂဝါ လောကေပိ သုသမစိတ္တော၊ သောဘဂဝါ လောကေပိ ဝိသုဒ္ဓ-သီလော၊ သောဘဂဝါ လောကေပိ သာဓုပညော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကေပိ-လောကမိနာဝစ ကာရကောန်၊ ဤသို့သော သာကီဝင်မင်းတို့ကို အစိုးရတော်မူသောကြောင့်လည်း။ သက္ကမုနိ၊ သက္ကမုနိမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကေပိ-လောကမိနာဝစ ကာရကောန်၊ ဤသို့သော နေမင်း၏အဆွေ ဖြစ်တော်မူသောကြောင့်လည်း။ အာဒိစ္စဗန္ဓု၊ အာဒိစ္စဗန္ဓုမည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကေပိ-လောကမိနာဝစ ကာရကောန်၊ ဤသို့သော ကင်းသောမောဟ ရှိတော်မူသောကြောင့်လည်း။ ဝိဂတမောဟော၊ ဝိဂတမောဟမည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကေပိ-လောကမိနာဝစ ကာရကောန်၊ ဤသို့သော ဖျက်ဆီးအပ်ပြီးသော ငါးစင်းသောငြောင့်ရှိတော်မူသောကြောင့်လည်း၊ပဘိန္နခိလော၊ပဘိန္နခိလမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော အောင်အပ်ပြီးသော ကိလေသာတည်းဟူသော စစ်မြေရှိတော်မူသောကြောင့်လည်း။ ဝိဇိတဝိဇယော၊ ဝိဇိတဝိဇယမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော အမျိုးအားဖြင့် မြတ်တော်မူသောကြောင့်လည်း။ အဂ္ဂေါ၊ အဂ္ဂမည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကောင်းသောညီညွတ်သောစိတ်ရှိတော်မူသောကြောင့်လည်း။ သုသမစိတ္တော၊ သုသမစိတ္တမည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာစ ကာရဏေန၊ ဤသို့သော အထူးသဖြင့် စင်ကြယ်သော လောကုတ္တရာသီလ ရှိတော်မူသောကြောင့်လည်း။ ဝိသုဒ္ဓသီလော၊ ဝိသုဒ္ဓသီလမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကောင်းသောပညာ ရှိတော်မူသောကြောင့်လည်း။ သာဓုပညော၊ သာဓုပညမည်တော်မူ၏။

တနည်း-ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်ပြီး၏။

## တနည်း-ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်

သောဘဂဝါ ဣတိပိ ဝေသမန္တရော၊ သောဘဂဝါ ဣတိပိ ဝိမလော၊ သောဘဂဝါ ဣတိပိ ဇေဋ္ဌော၊ သော ဘဂဝါ ဣတိပိ အကထံကထိ၊သောဘဂဝါ ဣတိပိ ဝန္တလောကမိဿော၊ သော ဘဂဝါ ဣတိပိ ဇေဋ္ဌော၊ သောဘဂဝါ ဣတိပိ အန္တိမသရီရဓာရီနော၊သောဘဂဝါ ဣတိပိ အနောပမော၊ သောဘဂဝါ ဣတိပိ သာရထိဝရော၊ သောဘဂဝါ ဣတိပိ အနုတ္တရော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော ရာဂ, ဒေါသ, မောဟတည်းဟူသော ဝိသမကိုကြဉ်ဖဲ ရှုတော်မူတတ်သောကြောင့်လည်း။ ဝေသမန္တရော၊ ဝေသမန္တရမည်၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော ရာဂ, ဒေါသ, မောဟ, ဒိဋ္ဌိ, မာန အစရှိသော အညစ်အကြေး ကင်းတော်မူသောကြောင့်လည်း။ ဝိမလော၊ ဝိမလမည်တော်မူ၏။

(၃) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော သို့လောသို့လောဟု တွေးတောခြင်း ဝိစိကိစ္ဆာ ရှိတော်မမူသောကြောင့်လည်း။ အကထံကထိ၊ အကထံကထိ မည်တော်မူ၏။

(၄) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ–ဣမိနာစ ကာရဏေန၊ဤသို့သော ထွေးအန်အပ်ပြီးသော လူတို့နှင့်ရောနှော ခြင်း ရှိတော်မူသောကြောင့်လည်း။ ဝန္တလောကမိဿော၊ ဝန္တ လောကမိဿ မည်တော်မူ၏။

(၅) သောဘဂဝါ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော လောကသုံးပါးထက် ကြီးတော်မူသော ကြောင့်လည်း။ ဇေဋ္ဌော၊ ဇေဋ္ဌမည်တော်မူ၏။

(၆) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော အဆုံးစွန်သော ကိုယ်တော်၏အဖြစ်ကို မြင်တော်မူတတ် သောကြောင့်လည်း။ အန္တိမသရီရဒဿနော၊ အန္တိမသရီရဒဿန မည်တော်မူ၏။

(၇) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော နှိုင်းယှဉ်စရာ ဥပမာမရှိသောကြောင့် လည်း။ အနောပမော၊ အနောပမ မည်တော်မူ၏။

(၈) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော မြတ်သောရထားထိန်းသဖွယ် ဖြစ်တော် မူသောကြောင့်လည်း။ သာရထိဝရော၊ သာရထိဝရ မည်တော် မူ၏။

(၉) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော သီလ အစရှိသော ကျေးဇူးတို့ဖြင့် ကဲလွန်၍ဟာစိုဟယောက်သောသူ ရှိတော်မမူသောကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။

တနည်း–ဘုရားဂုဏ်တော် ၉–ပါးပါ၌အနက်ပြီး၏။

## တနည်း-ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်

သောဘဂဝါ ဣတိပိ အရဟံ၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သောဘဂဝါ ဣတိပိ သုဂတော၊ သောဘဂဝါ ဣတိပိ လောကဝိဒူ၊ သောဘဂဝါ ဣတိပိ အနုတ္တရော၊ သောဘဂဝါ ဣတိပိ ပုရိသဒမ္မသာရထိ၊ သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ၊ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာပိ ကာရဏေန၊ အနန္တဂုဏ်ရှိ ကိုယ်တော်ကို ဖန်ဆင်းတော် မူနိုင်သော ကြောင့်လည်း။ အရဟံ၊ အရဟံ မည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာပိ ကာရဏေန၊ ဤသို့သော စိတ်ကဲ့သို့လျင်မြန်အောင် ကိုယ်တော်ကို လျှင် ဖန်ဆင်းတော်မူနိုင်သောကြောင့်လည်း။ လဃိမာ၊ လဃိမာ မည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာပိ ကာရဏေန၊ ဤသို့သော အလိုရှိတိုင်း အကျိုးကို ပြီးစေတော် မူနိုင်သောကြောင့်လည်း။ ကာမော၊ ကာမ မည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာပိ ကာရဏေန၊ ဤသို့သော အလိုရှိတိုင်း ကိုယ်တော်ကို ကြီးအောင် ဖန်ဆင်းတော် မူနိုင်သော ကြောင့်လည်း။ မဟိမာ၊ မဟိမာ မည်တော်မူ၏။

(၅) သောဘဂ ဝ ါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ဤသို့သော အလိုတော်ရှိတိုင်းသော အရပ်သို့လျှင် လျင်စွာရောက်အောင် ကြွသွားတော် မူနိုင်သောကြောင့်လည်း။ ပတ္တိမာ၊ ပတ္တိမာ မည်တော်မူ၏။

(၆) သောဘဂ ဝ ါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ဤသို့သော စိတ်တော်ကို အစိုးရတော် မူနိုင်သော ကြောင့်လည်း။ ဤသိတာ၊ ဤသိတာ မည်တော်မူ၏။

(၇) သောဘဂ ဝ ါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ဤသို့သော အလိုတော်အတိုင်းပါအောင် တန်ခိုး၌ လေ့လာတော် မူနိုင်သောကြောင့်လည်း။ ဝသိတာ၊ ဝသိတာ မည်တော်မူ၏။

(၈) သောဘဂ ဝ ါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ဤသို့သော အလိုတော်အတိုင်း အဆုံးအပြီးသို့ ရောက်တော်မူနိုင်သောကြောင့်လည်း။ ယတ္ထကာမဝသာယိတာ၊ ယတ္ထကာမဝသာယိတာ မည်တော်မူ၏။

(၉) သောဘဂ ဝ ါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာ၁စ ကာရဏေန၊ ဤသို့သော စင်ကြယ်သောသဘော ရှိတော်မူသော ကြောင့်လည်း။ ရုစိရဓမ္မော။ ရုစိရဓမ္မ မည်တော်မူ၏။

တနည်း—ဘုရားဂုဏ်တော် ၉-ပါးပါ၌အနက်ပြီး၏။

## တနည်း—ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်

သောဘဂဝါ ဣတိပိ ပဘာသကော၊ သော ဘဂဝါ ဣတိပိ မာနစ္ဆိန္နော၊ သောဘဂဝါ ဣတိပိ နိသဘော၊ သောဘဂဝါ ဣတိပိ အပ္ပမေယျော၊ သောဘဂဝါ ဣတိပိ မောနပတ္တော၊ သောဘဂဝါ ဣတိပိ ခေမကရော၊ သောဘဂဝါ ဣတိပိ သံဝုတကော၊ သောဘဂဝါ ဣတိပိ သင်္ဃာတိကော၊ သောဘဂဝါ ဣတိပိ ပန္တသေနော။

(၁) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာပိ ကာရဏေန၊ ဤသို့သော ကိုယ်တော်ရောင်,ဒေသနာတော်ရောင်ကို ပြုတော်မူတတ်သောကြောင့်လည်း။ ပဘာသကော၊ ပဘာသက မည်တော်မူ၏။

(၂) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာပိ ကာရဏေန၊ ဤသို့သော အရဟတ္တမဂ်ဖြင့် ဖြတ်အပ်ပြီးသော မာန ရှိတော်မူသော ကြောင့်လည်း။ မာနစ္ဆိန္နော၊ မနစ္ဆိန္န မည်တော်မူ၏။

(၃) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာပိ ကာရဏေန၊ဤသို့သော အတုမရှိသော အာသဘဖြစ်တော်မူသော ကြောင့်လည်း။ နိသဘော၊ နိသဘ မည်တော်မူ၏။

(၄) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာပိ ကာရဏေန၊ဤသို့သောမနှိုင်းယှဉ်အပ်သော ကျေးဇူးတော်ရှိသော ကြောင့်လည်း။ အပ္ပမေယျော၊ အပ္ပမေယျ မည်တော်မူ၏။

(၅) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ဉာဏ်တော်အပြားသို့ရောက်တော်မူသော ကြောင့်လည်း။ မောနပတ္တော၊ မောနပတ္တ မည်တော်မူ၏။

(၆) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော သတ္တဝါတို့၏ ဘေးမရှိခြင်းကို ပြုတော်မူတတ်သောကြောင့်လည်း။ခေမကရော၊ ခေမကရမည်တော်မူ၏။

(၇) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကောင်းစွာပိတ်အပ်သော စက္ခု အစရှိသော ခြောက်ဒွါရရှိတော်မူသောကြောင့်လည်း။ သံဝုတကော၊ သံဝုတက မည်တော်မူ၏။

(၈) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော အာရုံခြောက်ပါး၌ ကပ်ငြိတတ်သော ကိလေသာကိုလွှန်တော်မူပြီးသောကြောင့်လည်း။သင်္ဃာတိကော၊ သင်္ဃာတိက မည်တော်မူ၏။

(၉) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော လူတို့၏ ဥပစာမနီးသော ဆိတ်ငြိမ်သော တောကျောင်း၌သာ နေတော်မူတတ်သောကြောင့်လည်း။ ပန္တသေနော၊ ပန္တသေန မည်တော်မူ၏။

တနည်း–ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်ပြီး၏။

### တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဌ်အနက်

သောဘဂဝါ လ္လတိပိ ခိဏသံယောဇနော၊ သောဘဂဝါလ္လတိပိ ပဋိမန္တကော၊သောဘဂဝါ လ္လတိပိ ထောမနော၊ သောဘဂဝါ လ္လတိပိ ပန္နဓဇော၊ သောဘဂဝါလ္လတိပိ ဝိတရောဂေါ၊ သောဘဂဝါ လ္လတိပိ နိပ္ပပဥ္စော၊ သောဘဂဝါ လ္လတိပိ လ္လသိတ္တမော၊ သောဘဂဝါလ္လတိပိ တေဝိဇ္ဇော၊ သောဘဂဝါလ္လတိပိ ဗြဟ္မပတ္တော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-လ္လမိနာဝစ ကာရဏောန၊ ဤသို့သော ကုန်ပြီးသော သံယောဇဉ်ဆယ်ပါး ရှိတော်မူသောကြောင့်လည်း။ ခိဏသံယောဇနော၊ ခိဏသံယောဇနမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-လ္လမိနာဝစ ကာရဏောန၊ ဤသို့သော အဖန်တလဲလဲ သိတတ်သော ပညာ ရှိတော်မူသောကြောင့်လည်း။ ပဋိမန္တကော၊ ပဋိမန္တကမည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-လ္လမိနာဝစ ကာရဏောန၊ ဤသို့သော ချီးမွမ်းခြင်းကို ထိုက်တော်မူသောကြောင့်လည်း။ ထောမနော၊ ထောမနမည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လ္လတိပိ-လ္လမိနာဝစ ကာရဏောန၊ ဤသို့သော ချအပ်ပြီးသောမာနတည်းဟူသော တံခွန်ရှိတော်မူသောကြောင့်လည်း။ ပန္နဓဇော၊ ပန္နဓဇမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကင်းပြီးသောရာဂ ရှိတော်မူသောကြောင့်လည်း။ ဝီတရာဂေါ၊ ဝီတရာဂမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော ကင်းပြီးသော တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရား ၁သုံးပါး ရှိတော်မူသောကြောင့်လည်း။ နိပ္ပပဉ္စော၊ နိပ္ပပဉ္စမည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော အလုံးစုံသော ဣသိအပေါင်းတို့ထက် အထူးသဖြင့် ကြီးမြတ်တော် မူသောကြောင့်လည်း။ ဣသိတ္တမော၊ ဣသိတ္တမမည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော သုံးပါးသောပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာရှိတော်မူသောကြောင့်လည်း။ တေဝိဇ္ဇော၊ တေဝိဇ္ဇမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော မြတ်သောဉာဏ်တော်သို့ ရောက်တော်မူသောကြောင့်လည်း။ ဗြဟ္မပတ္တော၊ ဗြဟ္မပတ္တမည်တော်မူ၏။

တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဌ်အနက် ပြီး၏။

---

၁။ သံသရာဝဋ်ဒုက္ခကို ချဲ့ထွင်တတ်သောတရား။

## ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်

သောဘဂဝါ ဣတိပိ ဗလနိပ္ဖတ္တိ ဂတော၊ သောဘဂဝါ ဣတိပိ ဝေသာရဇ္ဇပ္ပတ္တော၊ သောဘဂဝါ ဣတိပိ အဝိဂတပဋိသမ္ဘိဒေါ၊ သော-ဘဂဝါ ဣတိပိ စတုယောနိပရိစ္ဆေဒကော၊ သောဘဂဝါ ဣတိပိ အဂတိဂမနဝီတိဝတ္တော၊ သောဘဂဝါ ဣတိပိ ဥဒ္ဓတသလ္လော၊ သောဘဂဝါ ဣတိပိ နိရုဠှဝဏော၊ သောဘဂဝါ ဣတိပိ မဒ္ဒိတကဏ္ဋကော၊ သောဘဂဝါ ဣတိပိ နိဗ္ဗာပိတပရိယုဋ္ဌာနော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာပိကာရဏေန၊ ဤသို့သော ဆယ်ပါးသောကာယဗလအပြီးသို့ ရောက်တော်မူသောကြောင့်လည်း၊ ဗလနိပ္ဖတ္တိဂတော-ဗလနိပ္ဖတ္တိဂတမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာပိကာရဏေန၊ ဤသို့သော လေးပါးသော ဝေသာရဇ္ဇဉာဏ်သို့ ရောက်တော်မူသောကြောင့်လည်း။ ဝေသာရဇ္ဇပ္ပတ္တော၊ ဝေသာရဇ္ဇပ္ပတ္တမည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ—ဣမိနာပိကာရဏေန၊ ဤသို့သောသိပြီးသော ပဋိသမ္ဘိဒါဉာဏ်လေးပါးရှိတော်မူသောကြောင့်လည်း။ အဓိဂတပဋိသမ္ဘိဒေါ၊ အဓိဂတပဋိသမ္ဘိဒမည်တော်မူ၏။

(၄) သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော လေးပါးသောယောနိတို့ကို ပယ်တော်မူပြီးသော ကြောင့်လည်း။ စတုယောနိ ဝိပ္ပဟီနော။ စတုယောနိဝိပ္ပဟီနမည်တော်မူ၏။

(၅) သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော မလာအပ်သော လေးပါးသော အဂတိကို လွန်တော်မူပြီးသောကြောင့်လည်း။ အဂတိဂမန–ဝီတိ၀တ္တော၊ အဂတိဂမနဝီတိဝတ္တမည်တော်မူ၏။

(၆) သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့သော နုတ်အပ်ပြီးသော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိအစရှိသော ငြောင့်ရှိတော်မူသောကြောင့်လည်း။ ဥဒ္ဓတသလ္လော၊ ဥဒ္ဓတသလ္လမည်တော်မူ၏။

(၇) သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော တက်ပြီးသောအသွားရှိသော ကိလေသာတည်းဟူသော အနာရှိတော်မူသောကြောင့်လည်း။ နိရူဠ္ဟ၀ဏော။ နိရူဠ္ဟ၀ဏမည်တော်မူ၏။

(၈) သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော နှင်းနယ်ဖျက်ဆီးအပ်ပြီးသော မာနတည်းဟူသော ဆူးငြောင့်ရှိသော်မူသောကြောင့်လည်း။ မဒ္ဒိတကဏ္ဍကော၊ မဒ္ဒိတကဏ္ဍကမည်တော်မူ၏။

(၉) သောဘဂ၀ါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာစ ကာရဏေန၊ ဤသို့သော ငြိမ်းစေအပ်ပြီးသော ကိလေသာ

နိုပ်စက်ခြင်း ရှိတော်မူသောကြောင့်လည်း။ နိဗ္ဗာပိတပရိယုဠ္ဌနော။ နိဗ္ဗာပိတပရိယုဠ္ဌာနမည်တော်မူ၏။

တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်ပြီး၏။

## တနည်း-ဘုရားဂုဏ်တော် ၉-ပါးပါဠိအနက်

သောဘဂဝါ ဣတိပိ ဂန္ထနဝိနိဝေဌနော၊ သောဘဂဝါ ဣတိပိ အဇ္ဈာသယဝီတိဝတ္တော၊ သောဘဂဝါ ဣတိပိ အနုရောဓ ဝိရောဓ ဝိပ္ပယုတ္တော ဣဋ္ဌာနိဋ္ဌေသု ဓမ္မေသု၊ သောဘဂဝါ ဣတိပိ အသံခေပဂတော၊ သောဘဂဝါ ဣတိပိ ဗန္ဓနာတိဝတ္တော၊ သောဘဂဝါ ဣတိပိ ဌပိတသင်္ဂါမော၊ သောဘဂဝါ ဣတိပိ အတိက္ကန္တတရော၊ သောဘဂဝါ ဣတိပိ ဩက္ကာခရော၊ သောဘဂဝါ ဣတိပိ အာလောကကရော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁၀ ကာရဏေန၊ ဤသို့သော ဂန္ထလေးပါးတည်း ဟူသော အထုံးအဖွဲ့ကို ဖြေတော်မူပြီးသောကြောင့်လည်း။ ဂန္ထနဝိနိဝေဌနော။ ဂန္ထနဝိနိဝေဌနမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၁၀ ကာရဏေန၊ ဤသို့သော လောဘဇ္ဈာသယ[၁] အစရှိသော

၁။ လောဘအလိုဆန္ဒ။

မကောင်းသော အဇ္ဈာသယကို လွန်တော် မူပြီးသောကြောင့် လည်း။ အဇ္ဈာသယဝီတိဝိတ္တော၊ အဇ္ဈာသယဝီတိဝတ္တမည်တော် မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ချစ်ခြင်း, မုန်းခြင်းတို့နှင့်ယှဉ်ခြင်း ကင်းတော်မူသောကြောင်လည်း။ အနုံရောဓဝိရောဓဝိပ္ပယုတ္တော ဣဋ္ဌာနိဋ္ဌေသုဓမ္မေသု၊ အနုရောဓ ဝိရောဓဝိပ္ပယုတ္တော ဣဋ္ဌာနိဋ္ဌေသုဓမ္မေသုမည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော မရေမတွက်နိုင်သောဂုဏ် ရှိတော်မူသောနိဗ္ဗာန်သို့ ရောက်တော်မူပြီးသောကြောင့်လည်း။ အသံခေပဂတော၊ အသံခေပဂတမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော ကိလေသာတည်းဟူသောအနှောင်အဖွဲ့ကို လွန်တော်မူပြီးသောကြောင့်လည်း။ ဗန္ဓနာတိဝတ္တော၊ ဗန္ဓနာတိဝတ္တမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော ထားအပ်ပြီးသော စစ်မြေရှိတော်မူသောကြောင့်လည်း။ ဌပိတသင်္ဂါမော၊ ဌပိတသင်္ဂါမမည်တော်မူ၏။

(၇) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ၀ ကာရဏေန၊ ဤသို့သော လွန်မြတ်သောသူတို့ထက်

လွန်မြတ်တော် မူသောကြောင့်လည်း။ အတိက္ကန္တတရော၊ အတိက္ကန္တတရမည်တော်မူ၏။

(၈) သောဘဂ ဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁စ ကာရဏေန၊ ဤသို့သော ပညာတည်းဟူသော မီးရှူးကို ထွန်းတော်မူတတ်သောကြောင့်လည်း။ ဩက္ကာခရော၊ ဩက္ကာခရမည်တော်မူ၏။

(၉) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁စ ကာရဏေန၊ ဤသို့သော ပညာတည်းဟူသော အရောင်အလင်းကို ပြုတော်မူတတ်သောကြောင့်လည်း။ အာလောကကရော၊ အာလောကကရမည်တော်မူ၏။

တနည်း-ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်ပြီး၏။

## တနည်း-ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက်

သောဘဂဝါ ဣတိပိ ပဇ္ဇောတကရော၊ သောဘဂဝါ ဣတိပိ တမောနုဒေါ၊ သောဘဂဝါ ဣတိပိ ရဏဉ္ဇဟော၊ သောဘဂဝါ ဣတိပိ အပရိမာဏဝဏ္ဏော၊ သောဘဂဝါ ဣတိပိ အပ္ပမေယျဝဏ္ဏော၊ သောဘဂဝါ ဣတိပိ အသင်္ချေယျဝဏ္ဏော၊ သောဘဂဝါ ဣတိပိ အာဘံကရော၊ သောဘဂဝါ ဣတိပိ ပဘံ-ကရော၊ သောဘဂဝါ ဣတိပိ ဓမ္မောဘာသ ပဇ္ဇောတကရော။

(၁) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာ ၀ ကာရဏေန၊ ဤသို့သော ပညာရောင်တည်းဟူသော ထွန်းတောက်ပခြင်းကို ပြုတော်မူတတ်သောကြောင့်လည်း။ ပဇ္ဇောတကရော၊ ပဇ္ဇောတကရမည်တော်မူ၏။

(၂) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာ ၀ ကာရဏေန၊ ဤသို့သော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ပယ်တော်မူပြီးသောကြောင့်လည်း။ တမောနုဒေါ၊ တမောနုဒမည်တော်မူ၏။

(၃) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာ ၀ ကာရဏေန၊ ဤသို့သော ကိလေသာတည်းဟူသောမြူကို စွန့်တော်မူပြီးသောကြောင့်လည်း။ ရဏဉ္ဇဟော၊ ရဏဉ္ဇဟ မည်တော်မူ၏။

(၄) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာ ၀ ကာရဏေန၊ ဤသို့သော အတိုင်းအရှည် မရှိသောဂုဏ် ရှိတော်မူသောကြောင့်လည်း။ အပရိမာဏဝဏ္ဏော၊ အပရိမာဏ ဝဏ္ဏမည်တော်မူ၏။

(၅) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာ ၀ ကာရဏေန၊ ဤသို့သော မနှိုင်းယှဉ်နိုင်သောဂုဏ် ရှိတော်မူသောကြောင့်လည်း။ အပ္ပမေယျဝဏ္ဏော၊ အပ္ပမေယျဝဏ္ဏမည်တော်မူ၏။

(၆) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ–ဣမိနာ ၀ ကာရဏေန၊ ဤသို့သော မရေတွက်နိုင်သောဂုဏ် ရှိတော်

မူသောကြောင့်လည်း။ အသင်္ချေယျဝဏ္ဏော၊ အသင်္ချေယျဝဏ္ဏ မည်တော်မူ၏။

(၇) သောဘဂ ဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ ၁၀ ကာရဏေန၊ ဤသို့သော ထွန်းတောက်ပသောကိုယ်တော် ရောင်ကို ပြုတော်မူတတ်သောကြောင့်လည်း။ အာဘံကရော၊ အာဘံကရမည်တော်မူ၏။

(၈) သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိ နာ၁၀ ကာရဏေန၊ ဤသို့သော ထွန်းတောက်ပသောကိုယ်တော် ရောင်ကို ပြုတော်မူတတ်သောကြောင့်လည်း။ ပဘံကရော။ ပဘံကရမည်တော်မူ၏။

(၉) သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ–ဣမိနာ၁၀ ကာရဏေန၊ဤသို့သော တရားတည်းဟူသောအရောင်ဖြင့် ထွန်းပ ခြင်းကိုပြုတော်မူတတ်သောကြောင့်လည်း။ဓမ္မောဘာသပဇ္ဇောတ ကရော။ဓမ္မောဘာသပဇ္ဇောတကရမည်တော်မူ၏။

တနည်း–ဘုရားဂုဏ်တော် ၉–ပါးပါဠိအနက်ပြီး၏။

(၉–ပါး ၉–ပါး ၁၂ပုဒ်၊ဂုဏ်တော်ပေါင်း ၁၀၈– ပါး၊ ပါရာဇိကကဏ်အဋ္ဌကထာ, အဘိဓာန်, မူလပဏ္ဏာသ, ဝိမတိဝိနောဒနီ, နေတ္တိပါဠိတော်တို့မှ ထုတ်၍ထားသည်။)

ဘုရားဂုဏ်တော် ၁၀၈–ပါး ပါဠိအနက်ပြီး၏။

## ဘုရားအမည်နာမတော်,ဂုဏ်ကျေးဇူးတော်ကို ထုတ်ဖော်ချီးမွမ်း၍ မကုန်နိုင်ကြောင်း

ဘုရားသခင်၏အမည်နာမတော်ကို ထုတ်ဖော်၍မကုန်နိုင်သော အကြောင်း, ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍ မကုန်နိုင်သော အကြောင်းကိုကား ဤသို့သိအပ်၏။

အသင်္ချေယျာနိ နာမာနိ၊ သဂုဏေန မဟေသိနော။
ဂုဏေန နာမံ ဥဒ္ဓရေယျ၊ အပိ နာမ သဟဿတော။

မဟေသိနော၊ မြတ်စွာဘုရား၏။ နာမာနိ၊ အမည်တော်တို့သည်။ သဂုဏေန။ မိမိ၏ဂုဏ်တော်အားဖြင့်။ အသင်္ချေယျာနိ၊ မရေတွက်နိုင်ကုန်။ ဂုဏေန။ ဂုဏ်တော်၏အစွမ်းအားဖြင့်။ နာမံ၊ အမည်တော်ကို။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ဥဒ္ဓရေယျ၊ ထုတ်ရာ၏။ အပိစ၊ စင်စစ်သော်ကား။ နာမသဟဿတော၊ အထောင်သောအမည်တော်အားဖြင့်။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ဥဒ္ဓရေယျ၊ ထုတ်ရာ၏။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပံပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေ စိရဒီဃမန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ။

ဗုဒ္ဓေါပိ။ တဆူသောဘုရားသခင်သည်လည်း။ ဗုဒ္ဓဿ။ တဆူသောဘုရားသခင်၏။ ဝဏ္ဏံ။ ကျေးဇူးတော်ကို။ အညံ၊ တပါးသော စကားကို၊ အဘာသမာနော။ မဆိုမူ၍။ ကပ္ပံပိ။ တကမ္ဘာပတ်လုံး လည်း။ စေဘဏေယျ။ အကယ်၍ဟောတော်မူငြားအံ့။ စိရဒီဃမန္တရေ၊ ရှည်မြင့်စွာသောကာလကိုလွန်သည်ဖြစ်၍။ ကပ္ပေ။ ကမ္ဘာ

သည်။ ခီယျေထ။ ကုန်ရာ၏။ တထာဂတဿ။ တဆူသောဘုရား၏။ ဝဏ္ဏော။ ကျေးဇူးတော်သည်။ နခီယျေထ။ မကုန်နိုင်ရာ။

ဤသို့ ချီးမွမ်း၍မကုန်နိုင်သော ဂုဏ်ရှိတော်မူသော မြတ်စွာဘုရားကို ကြည်ညိုလှစွာသောစိတ်ဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားစေသောသူတော်ကောင်းမိန်းမ, ယောကျ်ားတို့သည် မကြံစည်နိုင်သော များမြတ်သောအကျိုး ရကြောင်းကိုကား ဤသို့ သိအပ်၏။

> ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
> ဗုဒ္ဓဓမ္မာ အစိန္တိယာ။
> အစိန္တိယေ ပသန္နာနံ၊
> ဝိပါကော ဟောတိ အစိန္တိယော။

ဧဝံ-ဤမိန္နာ ဝုတ္တနယေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော မကြံစည်နိုင်သောဂုဏ်တော်နည်းအားဖြင့်။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အစိန္တိယာ၊ မကြံစည်နိုင်သောဂုဏ်ကျေးဇူးရှိတော်မူကုန်၏။ ဗုဒ္ဓဓမ္မာ၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့သည်။ ။ အစိန္တိယာ၊ ဤမျှဤရွေ့ဟူ၍ မကြံစည်နိုင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အစိန္တိယေ၊ မကြံစည်နိုင်သော ဂုဏ်ကျေးဇူးရှိသော မြတ်စွာဘုရား၌။ ပသန္နာနံ၊ ကြည်ညိုကုန်သည် ဖြစ်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားစေကုန်သော မိန်းမ, ယောကျ်ားတို့အား။ အစိန္တိယော၊ မကြံစည်နိုင်သော။ ဝိပါကော၊ ကောင်းကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤမှတပါး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားစေခြင်း၌ အကျိုးထူးကိုကား ဤသို့သိအပ်၏။

ကောစမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော
ကေန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
ကတမော ကောစမ္မော၊ ဗုဒ္ဓါနုဿတိ။
(အင်္ဂုတ္တိုရ်ကေနိပါတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊အကြိမ်များစွာ သရဇ္ဈာယ်အပ်သော။ကောစမ္မော၊ တခုသောတရားသည်။ ကေန္တနိဗ္ဗိဒါယ၊ စင်စစ်ဝဋ္ဋကိုငြီးငွေ့ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဝိရာဂါယ၊ မဂ်။လေးပါးအကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ နိရောဓာယ၊ ဖိုလ်လေးပါးအကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားကိုသိခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗာနာယ၊ အမြိုက်နိဗ္ဗာန်အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ကောစမ္မော၊ တခုသော တရားသည်။ ကတမော၊ အဘယ်တရားနည်းဟူမူကား။ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းလျှင်တည်း။

ဤကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားစေခြင်း၌ ၇-ပါးသောအကျိုးကို ရ၏၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားစေခြင်း၌ ၇-ပါးသောအကျိုးဆက်ကို ရသကဲ့သို့ ဓမ္မာနုဿတိအစရှိသော ၉-ပါးသောအနုဿတိကို ပွားစေခြင်း၌လည်း ၇-ပါး ၇-ပါးသော အကျိုးဆက်ကိုရ၏ဟု အင်္ဂုတ္တိုရ် ကေနိပါတ်၌လာ၏။

ဗုဒ္ဓါနုဿတိပုဒ်၏ အနက်, အဓိပ္ပါယ်အကျဉ်းကားပြီး၏။

# ၂-ဓမ္မာနုဿတိ

## တရားဂုဏ်တော် ၆-ပါးပါဠိအနက်

ဓမ္မာနုဿတိကို ပွားစေလိုသောသူသည် ဤသို့ပွားစေရာ၏။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိ
ကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပ-
နေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောတော်မူအပ်၏။ သွာက္ခာတော၊ အစ၌ကောင်းခြင်း, အလယ်၌ကောင်းခြင်း, အဆုံး၌ကောင်းခြင်းဟု ဆိုအပ်သော သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသည့်ဖြစ်၍ မြတ်စွာဘုရားသည် ကောင်းစွာဟောတော်မူအပ်သော ပိဋကတ်သုံးပုံဟု ဆိုအပ်သော **ပရိယတ္တိတရားတော်**။

(လေးဆယ့်ငါးဝါပတ်လုံး ဟောတော်မူအပ်သော သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံသော ပိဋကတ်သုံးပုံဟု ဆိုအပ်သောတရားတော်ကို သင်ခြင်း, နာခြင်း, သရဇ္ဈာယ်ခြင်းဖြင့် ပွားစေခြင်းသည် ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားစေသည်ဝင် မည်တော့သည်ဟု မှတ်အပ်၏။)

---

၂-ဓမ္မာနုဿတိ-တရားတော်၏ ဂုဏ်တော်ကို အဖန်ဖန်တလဲလဲ အောက်မေ့ခြင်း။

(၂) ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော ၉-ပါးသော လောကုတ္တရာတရားတော်ကို။ အရိယပုဂ္ဂလေန၊ ရှစ်ယောက်သောအရိယာပုဂ္ဂိုလ်သည်။သန္ဒိဋ္ဌိကော။ မိမိကိုယ်တိုင် ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်အပ်၏။ သန္ဒိဋ္ဌိကော။ ရှစ်ယောက်သောအရိယာပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်အပ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆို အပ်သော **ကိုးပါးသောလောကုတ္တရာတရားတော်**။

(၃) ဓမ္မော၊မဂ်လေးပါးတရားတော်သည်။အကာလိကော၊ အကျိုးပေးအံ့သော ကာလကိုမငံ့မူ၍ မိမိ၏အခြားမဲ့၌ ဖိုလ်ဟူသောအကျိုးကိုပေးတတ်၏။ အကာလိကော၊ လောကီကုသိုလ်သည် ဒိဋ္ဌဓမ္မ, ဥပပဇ္ဇ, အပရာပရိယဟု အကျိုးပေးအံ့သော ကာလကိုငံ့သကဲ့သို့ အကျိုးပေးအံ့သောကာလကိုမငံ့မူ၍ မိမိ၏ အခြားမဲ့၌ ဖိုလ်ဟူသောအကျိုးကို ဖြစ်စေတတ်သော **မဂ်လေးပါးတရားတော်**။

(၄) ဓမ္မော၊ ကိုးပါးသောလောကုတ္တရာတရားတော်သည်။ ဟေိပဿိကော၊ ကိလေသာဟူသော အညစ်အကြေးကင်းသဖြင့် အခြင်းခပ်သိမ်း စင်ကြယ်သည်ဖြစ်၍ လာလှည့်ရှုလှည့်ဟူသော အစီအရင်ကို ထိုက်၏။ ဧဟိပဿိကော၊ ကိလေသာဟူသော အညစ်အကြေးကင်းသဖြင့် အခြင်းခပ်သိမ်း စင်ကြယ်သည်ဖြစ်၍ လာလှည့်ရှုလှည့်ဟူသော အစီအရင်ကိုထိုက်သော **ကိုးပါးသော လောကုတ္တရာတရားတော်**။

(၅) ဓမ္မော၊ မဂ်လေးပါးတရားတော်သည်။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်သို့ ကပ်၍ ဆောင်တတ်၏။

ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်သို့ကပ်၍ဆောင်တတ်သော **မဂ်လေးပါးတရားတော်**။

တနည်းကား–ဓမ္မော၊ ဖိုလ်လေးပါးတရားတော်သည်။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို့၏မျက်မှောက်ပြုအပ်သော အဖြစ်သို့ ကပ်၍ဆောင်တတ်၏။ ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို့၏ မျက်မှောက်ပြုအပ်သော အဖြစ်သို့ကပ်၍ဆောင်သော **ဖိုလ်လေးတန်, နိဗ္ဗာန်တရားတော်**။

(၆) ဓမ္မော၊ ကိုးပါးသောလောကုတ္တရာတရားတော်သည်။ ဝိညူဟိ၊ ပညာရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ အသီးအသီး သိအပ်ခံစားအပ်၏။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည် အသီးအသီး သိအပ်ခံစားအပ်သော **မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟု** ဆိုအပ်**သော ကိုးပါးသောတရားတော်**။

ဤကားအနက်တည်း။

ဤခြောက်ပါးသောတရားဂုဏ်ကို အာရုံပြု၍ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကိုပွားစေအပ်ကုန်၏၊ ထိုမှတပါးတရားတော်ဂုဏ်ကို အာရုံပြု၍ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားစေလိုသော သူတော်ကောင်းတို့သည် ဤသို့ပွားစေအပ်ကုန်၏။

မဒနိမ္မဒ္ဒနော၊ ပိပါသဝိနယော၊ အာလယ-
သမုဂ္ဃါတော၊ ဝဋ္ဋုပစ္ဆေဒေါ၊ သုညတော၊ အတိ
ဒုလ္လဘော၊ တဏှက္ခယော၊ ဝိရာဂေါ၊ နိရော
ဓော၊ နိဗ္ဗာနန္တိ အနုဿရိတဗ္ဗော။
(နေတ္တိပါဠိတော်)

မဒနိမ္မဒ္ဒနော၊ ငါဟူသောမာန်ယစ်ခြင်း, ငါယောကျ်ားဟူသောမာန်ယစ်ခြင်းကင်းသော နိဗ္ဗာန်တရား။ ပိပါသဝိနယော၊ တဏှာဟူသော မွတ်သိပ်ခြင်းကို ဖျောက်ရာဖြစ်သော နိဗ္ဗာန်တရား။ အာလယသမုဂ္ဃါတော၊ တဏှာဟူသော တောင့်တခြင်းကိုကောင်းစွာအကြွင်းမဲ့ နှုတ်ရာဖြစ်သော နိဗ္ဗာန်တရား။ ဝဋ္ဋုပစ္ဆေဒေါ၊ သံသရာဝဋ်၏ပြတ်ရာဖြစ်သော နိဗ္ဗာန်တရား။ သုညတော၊ ဝဋ်တရားတို့၏ ဆိတ်ရာဖြစ်သော နိဗ္ဗာန်တရား။ အတိဒုလ္လဘော၊ အလွန်ရခဲသော နိဗ္ဗာန်တရား။ တဏှက္ခယော၊ တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်တရား။ ဝိရာဂေါ၊ တပ်ခြင်းကင်းသော နိဗ္ဗာန်တရား။ နိရောဓော၊ သင်္ခါရတရားတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်တရား။ နိဗ္ဗာနံ၊ ဆင်းရဲအပေါင်းတို့၏ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရား၊' ဣတိ၊ ဤသို့။ အနုဿရိတဗ္ဗော၊ အဖန်တလဲလဲအောက်မေ့အပ်၏။

အသင်္ခတံ အနတံ အနာသဝံ၊
သစ္စဉ္စ ပါရံ နိပုဏံ သုဒုဒ္ဒသံ။
အဇဇ္ဇရံ ဓုဝံ အပလောကိတံ၊
အနိဒဿနံ နိပ္ပပဉ္စ သန္တံ။

(ဤကားတနည်းအားဖြင့်ဓမ္မာနုဿတိကိုပွားစေရာသောပါဠိတည်း၊ သဠာယတနသံယုတ်ပါဠိတော်၌ လာ၏၊ နေတ္တိပါဠိတော်၌လည်းလာ၏။)

**အနက်ကား**— အသင်္ခတံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော နိဗ္ဗာန်တရား။ အနတံ၊ အာရုံသို့ မညွတ်တတ်သော

နိဗ္ဗာန်တရား။ အနာသဝံ၊ အာသဝေါ၏ ကင်းရာဖြစ်သော နိဗ္ဗာန်တရား။ သစ္စဉ္စ၊ မှန်သောနိဗ္ဗာန်တရား။ ပါရံ၊ ထိုမှာဘက်ကမ်းနှင့်တူသော နိဗ္ဗာန်တရား။ နိပုဏံ၊ သိမ်မွေ့သော နိဗ္ဗာန်တရား။ သုဒုဒ္ဒသံ၊ မြင်နိုင်ခဲသော နိဗ္ဗာန်တရား။ အဇဇ္ဇရံ၊ ဆွေးမြေ့ခြင်းကင်းသော နိဗ္ဗာန်တရား။ ဓုဝံ၊ ရွေ့ခြင်းမရှိသော နိဗ္ဗာန်တရား။ အပလောကိတံ၊ လောကသဘောအားဖြင့် မသိအပ်သော နိဗ္ဗာန်တရား။ အနိဒဿနံ၊ လောကီစိတ်ဖြင့် မမြင်နိုင်သော နိဗ္ဗာန်တရား။ နိပ္ပပဉ္စံ၊ ပပဉ္စတရား သုံးပါးကင်းသော နိဗ္ဗာန်တရား။ သန္တံ၊ ငြိမ်သက်သော နိဗ္ဗာန်တရား။

အမတံ ပဏီတဉ္စ သိဝဉ္စ ခေမံ၊
တဏှက္ခယော အစ္ဆရိယံစ အဗ္ဘုတံ။
အနီတိကံ အနီတိကဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။

(ဤကားတနည်းအားဖြင့် ဓမ္မာနုဿတိကိုပွားစေသော ပါဠိတော်တည်း၊ သဠာယတနသံယုတ်ပါဠိတော်၌ လာ၏၊ နေတ္တိပါဠိတော်၌လည်းလာ၏။)

**အနက်ကား**— အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်တရား။ ပဏီတံ၊ မွန်မြတ်သော နိဗ္ဗာန်တရား။ သိဝဉ္စ၊ ချမ်းမြေ့လှစွာသော နိဗ္ဗာန်တရား။ ခေမံ၊ ဘေးငြိမ်းရာဖြစ်သော နိဗ္ဗာန်တရား။ တဏှက္ခယော၊ တဏှာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်တရား။ အစ္ဆရိယံစ၊ အံ့ဖွယ်သရဲဖြစ်သော နိဗ္ဗာန်တရား။ အဗ္ဘုတံ၊ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်တရား။ အနီတိကံ၊ ဥပဒ္ဒဝေါကင်းသော နိဗ္ဗာန်တရား။ အနီတိကဓမ္မံ၊ ဥပဒ္ဒဝေါ ကင်းသော သဘော ရှိသော။

တံပဒံ၊ ထိုအလုံးစုံသောပုဒ်ကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုဟောဓါဟူ၍။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

အဗျာပဇ္ဈော ဝိရာဂေါ စ၊ သုဒ္ဓိ မုတ္တိ အနာလယော။
ဒီပေါ လေဏံစ တာဏံစ၊ သရဏဥ္စ ပရာယနံ။

(ဤကား တနည်းအားဖြင့် ဓမ္မာနုဿတိကို ပွားစေရာသော ပါဠိတည်း၊ သဋ္ဌာယတန သံယုတ်ပါဠိတော်၌ လာ၏။)

**အနက်ကား**—အဗျာပဇ္ဈော၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒကင်းသော နိဗ္ဗာန်တရား။ ဝိရာဂေါ စ၊ ရာဂကင်းသော နိဗ္ဗာန်တရား။ သုဒ္ဓိ၊ စင်ကြယ်သောနိဗ္ဗာန်တရား။ မုတ္တိ၊ ကိလေသာမှ လွတ်သော နိဗ္ဗာန်တရား။ အနာလယော၊ အာလယကင်းသော နိဗ္ဗာန်တရား။ ဒီပေါ၊ ကျွန်းကြီးသဖွယ်ဖြစ်သော နိဗ္ဗာန်တရား။ လေဏံစ၊ ပုန်းကွယ်ရာဖြစ်သော နိဗ္ဗာန်တရား။ တာဏံစ၊ သံသရာဘေးမှ ကယ်တင်တသောသော နိဗ္ဗာန်တရား။ သရဏဥ္စ၊ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သော နိဗ္ဗာန်တရား။ ပရာယနံ၊ သတ္တဝါတို့၏ လည်းလျောင်းရာ ဖြစ်သော နိဗ္ဗာန်တရား။

အဇာတံ အဘူတံ အနုပဒ္ဒဝဥ္စ၊
အကတံ အသောကဥ္စ အထော ဝိသောကံ။
အနုပသဂ္ဂံ နုပသဂ္ဂဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။

(ဤကား တနည်းအားဖြင့် ဓမ္မာနုဿတိကို ပွားစေရာသော ပါဠိတည်း၊ နေတ္တိပါဠိတော်၌သာလာ၏။)

**အနက်ကား**—အဇာတံ၊ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်တရား။ အဘူတံ၊ ဖြစ်ခြင်းကင်းသောနိဗ္ဗာန်တရား။ အနုပဒ္ဒဝဋ္ဌ၊ နှိပ်စက်ခြင်း ကင်းသောနိဗ္ဗာန်တရား။ အကတံ၊ အကြောင်း တရားတို့သည် မပြုအပ်သောနိဗ္ဗာန်တရား။ အသောကံ၊ စိုးရိမ်ခြင်းကင်းသော နိဗ္ဗာန်တရား။ အထော၊ ထိုမှတပါး။ ဝိသောကံ၊ စိုးရိမ်ခြင်း ကင်းသော နိဗ္ဗာန်တရား။ အနုပသဂ္ဂံ၊ တစုံတယောက်သော သူသည် မစီရင်အပ်သောနိဗ္ဗာန်တရား။ အနုပသဂ္ဂဓမ္မံ၊ တစုံတယောက်သောသူသည် မစီရင်အပ်သောသဘောရှိသော။ တော်ပဒံ၊ ထိုပုဒ်ကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုဟော၏ဟူ၍။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။

ဤသို့ဆိုအပ်ပြီးသည်ကား ဓမ္မာနုဿတိကို ပွားစေသည်လည်း မည်၏၊ ဥပသမာနုဿတိကို ပွားစေသည်လည်း မည်၏။

ဓမ္မာနုဿတိ၏ အနက်,အဓိပ္ပါယ်အကျဉ်းကား ပြီး၏

---

# ၃-သံဃာနုဿတိ

သံဃာနုဿတိကမ္မဋ္ဌာန်းကို ပွားစေလိုသောသူသည် ဤသို့ ပွားစေရာ၏။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေ
ယျော၊ ပါဟုဏေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ
ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဤကား သံဃာနုဿတိကို ပွားစေရာသောပါဠိတည်း။

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝကဖြစ်သော သံဃာတော်အပေါင်းသည်။ သုပ္ပဋိပန္နော၊ နိဗ္ဗာန်အားလျော်စွာ ကောင်းသောမြတ်သော ချီးမွမ်းအပ်သော အကျင့်ရှိတော်မူ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝကဖြစ်သော သံဃာတော်အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊ သုံးပါးသော ကောက်ခြင်းကင်းသည်ဖြစ်၍ နိဗ္ဗာန်အားလျော်စွာ ဖြောင့်သောအကျင့်ရှိတော်မူ၏။

---

၃-သံဃာနုဿတိ-သံဃာတော်၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝကဖြစ်သောသံဃာတော်အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ ဓမ္မာနုဓမ္မပဋိပတ္တိဟု ဆိုအပ်သော နိဗ္ဗာန်အား မဆန့်ကျင်သော ဝလျောက်ပတ်သော အကျင့်ရှိတော်မူ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝကဖြစ်သောသံဃာတော်အပေါင်းသည်။ သာမီစိပ္ပဋိပန္နော၊ အရိုအသေပြုခြင်းငှာထိုက်သော နိဗ္ဗာန်အား လျောက်ပတ်သော ချီးမွမ်းအပ်သော အကျင့်ရှိတော်မူ၏။

ယဒိဒံ–ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးပါးကုန်သော ယောကျ်ားမြတ် အစုံတို့သည်။ ပုဂ္ဂလဝသေန၊ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့်။ အဋ္ဌပုရိသပုဂ္ဂလာ၊ ရှစ်ယောက်ကုန်သော ယောကျ်ားမြတ်ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၅) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ–ဧသော သာဝကသံဃော၊ ဤအစုံအားဖြင့် လေးပါး, ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးကုန်သော သာဝကဖြစ်သော သံဃာတော်သည်။ အာဟုနေယျော၊ အဝေးမှဆောင်ခဲ့၍လှူအပ်သော အလုံးစုံသောဥစ္စာနှစ်ဖြစ်သော အလှူဝတ္ထုတို့ကို ခံတော်မူထိုက်၏။

(၆) ပါဟုနေယျော၊ ကြာမြင့်စွာ ကွေကွင်းနေသည်ဖြစ်၍ ထိုထိုသောအရပ်မှရောက်လာကုန်သော အာဂန္တုကဖြစ်သော အဆွေအမျိုးတို့အား ပေးစရာ စီရင်အပ်သော လက်ဆောင်ကို ထိုသူတို့အားမပေးမူ၍ သံဃာတော်နှင့်တူသော ကြာမြင့်စွာ

ကွေ့ကွင်းသော အာဂန္တုကမည်သည်မရှိဟု ပေးလှူအပ်သော အာဂန္တုက ဒါန*ကို ခံတော်မူထိုက်၏။

(၇) ဒက္ခိဏေယျော၊ သံသရာဘေးကိုရည်မှတ်၍ ပေးလှူအပ်သော မြတ်သောအလှူကို ခံတော်မူထိုက်၏။

(၈) အဉ္ဇလိကရဏီယော၊ လူသုံးပါး တို့၏ လက်အုပ်ချီ၍ အရိုအသေပြုအပ်သော ရှိခိုးခြင်းကို ခံတော်မူထိုက်၏။

(၉) လောကဿ၊ သတ္တလောက၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်မြေကောင်း သဖွယ်လည်း ဖြစ်တော်မူ၏။

တနည်းအားဖြင့် သံဃာနုဿတိကိုပွားစေလိုသော သူတော်ကောင်းတို့သည် ဤသို့ပွားစေရာ၏။

ဘဂဝတော သာဝကသံဃော သီလသမ္ပန္နော
သမာဓိသမ္ပန္နော ပညာသမ္ပန္နော ဝိမုတ္တိသမ္ပန္နော
ဝိမုတ္တိဉာဏဒဿနသမ္ပန္နော သတ္တာနံ သာရော
သတ္တာနံ မဏ္ဍော သတ္တာနံ ဥဒ္ဓါရော သတ္တာနံ
ဧသိကော သတ္တာနံ သုရဘိ ပသူနံ ပူဇာရဟော
ဒေဝါနဉ္စ မနုဿာနဉ္စာတိ သံဃဂုဏံ အနုဿရိ-
တဗ္ဗံ။

(ဤကား တနည်းအားဖြင့် သံဃာနုဿတိကိုပွားစေရာသော ပါဠိတည်း၊ နေတ္တိပါဠိတော်၌လာ၏။)

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သာဝကဖြစ်သော သံဃာတော်အပေါင်းသည်။ သီလသမ္ပန္နော၊ ပါတိ-

* အာဂန္တုကဒါန-ဧည့်သည်အားပေးအပ်သောအလှူ။

မောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလဟုဆိုအပ်သော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံတော်မူ၏။ သမာဓိသမ္ပန္နော၊ သမာဓိကျေးဇူးနှင့် ပြည့်စုံတော်မူ၏။ ပညာသမ္ပန္နော၊ ပညာကျေးဇူးနှင့် ပြည့်စုံတော် မူ၏။ ဝိမုတ္တိသမ္ပန္နော၊ အရဟတ္တဖိုလ်ကျေးဇူးနှင့် ပြည့်စုံတော်မူ၏။ ဝိမုတ္တိဉာဏဒဿနသမ္ပန္နော၊ ပစ္စဝေက္ခဏာဉာဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူ၏။ သတ္တာနံသာရော၊ သတ္တဝါတို့တွင် မြတ်သောအနှစ်သဖွယ် ဖြစ်တော်မူ၏။ သတ္တာနံမဏ္ဍော၊ သတ္တဝါတို့တွင် မြတ်သောကြည်လင်ခြင်းရှိတော်မူ၏။ သတ္တာနံဥဒ္ဒါရော၊ သတ္တဝါတို့တွင် မြတ်သောသူဟူ၍ ထုတ်အပ်သောဂုဏ်ရှိတော်မူ၏။ သတ္တာနံ-ဧသိကော၊ သတ္တဝါတို့တွင် ကျောက်တိုင်ကဲ့သို့ မြဲမြံခိုင်ခံ့သောဂုဏ်ရှိတော်မူ၏။ သတ္တာနံသုရဘိပသူနံ၊ သတ္တဝါတို့၏ မွှေးကြိုင်လှစွာသောပန်းသဖွယ်ဖြစ်တော်မူ၏။ ဒေဝါနန္တု၊ နတ်တို့၏ရှင်း။ မနုဿာနန္တု၊ လူတို့၏ရှင်း။ ပူဇာရဟော၊ ပူဇော်ခြင်းကိုထိုက်တော်မူ၏။ ဣတိ၊ ဤသို့။ သံဃဂုဏံ၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကို။ အနုဿရိတဗ္ဗံ၊ အဖန်တလဲလဲအောက်မေ့အပ်၏။

သံဃာနုဿတိပုဒ်၏အနက်, အဓိပ္ပါယ် အကျဉ်းကားပြီး၏။

## ရတနာ ၃-ပါး၏ဂုဏ်ပုဒ်များ

ဤသုံးပါးသောအနုဿတိတို့တွင် ဗုဒ္ဓါနုဿတိကိုပွားစေသည်ဖြစ်၍ နေသောသူ၏ ကိုယ်သည် စေတီတိုက်နှင့် တူသည်ဖြစ်၍ သူခပ်သိမ်းတို့၏ ရှိခိုးပူဇော်ကိုခံထိုက်သောကြောင့် ယခုဘဝ၌ မဂ်ဖိုလ်မရသေးသော်သည်း စုတိ၏ အခြားမဲ့၌ အပါယ်မလားမူ၍ သုဂတိဘဝသို့လားရကြောင်းကိုကား ဤသို့သိအပ်၏။

ဗုဒ္ဓါနုဿတိယာ အဇ္ဈာဝုတ္ထဥ္စသာ သရီရမ္ပိ
စေတိယဃရမိဝ ပူဇာရဟံ ဟောတိ။ ဥတ္တရိ
အပ္ပဋိဝိဇ္ဈန္တော ပန သုဂတိပရာယနော ဟောတိ။
(ဝိသုဒ္ဓိမဂ်ဌ္ဌကထာ။)

ဗုဒ္ဓါနုဿတိယာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြင့်၊ အဇ္ဈာဝုတ္ထ၊ မေ့လျော့သည်ဖြစ်၍ နေသော။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သရီရမ္ပိ၊ ကိုယ်သည်လည်း။ စေတိယဃရမိဝ၊ စေတီတိုက်ကဲ့သို့၊ သဗ္ဗေသံ၊ ခပ်သိမ်းသောသူတို့၏။ ပူဇာရဟံ၊ ရှိခိုးပူဇော်ခြင်းကိုထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဣဓဘဝေ၊ ဤဘဝ၌။ ဥတ္တရိ။ မဂ်ဖိုလ်ကို။ အပ္ပဋိဝိဇ္ဈန္တောပန။ မရသေးသော်လည်း။အပါယံ၊ အပါယ်သို့။ အနုဂစ္ဆန္တော၊ မလားမူ၍။ သုဂတိပရာယနော၊ သုဂတိဘဝသို့ လားရသည်။ ဟောတိ။ ဖြစ်၏။ ။ထို့ကြောင့်ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို မပြတ်မလပ်သူတော်ကောင်းတို့သည် ပွားစေအပ်ကုန်၏။

ဓမ္မာနုဿတိကို ပွားစေသည်ဖြစ်၍ နေသောသူ၏ ကိုယ်သည်လည်း စေတီတိုက်နှင့် တူသည်ဖြစ်၍ သူခပ်သိမ်းတို့၏ ရှိခိုးပူဇော်ခြင်းကို ခံထိုက်ကြောင်း၊ယခုဘဝ၌ပင် မဂ်, ဖိုလ်ကို မရသေးသော်လည်း စုတိ၏အခြားမဲ့၌ အပါယ်မလားမူ၍ သုဂတိဘဝသို့ လားရကြောင်းကိုကား ဤသို့သိအပ်၏။

ဓမ္မာနုဿတိယာ အဇ္ဈာဝုတ္ထဥ္စသာ သရီရမ္ပိ
စေတိယဃရမိဝ ပူဇာရဟံ ဟောတိ။ ဥတ္တရိ
အပ္ပဋိဝိဇ္ဈန္တော ပန သုဂတိပရာယနော ဟောတိ။
(ဝိသုဒ္ဓိမဂ်ဌ္ဌကထာ။)

ဓမ္မာနုဿတိယာ၊ ဓမ္မာနုဿတိကမ္မဋ္ဌာန်းဖြင့်။ အဇ္ဈာဝုတ္ထံ၊ မွေ့လျော်သည်ဖြစ်၍ နေသော။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သရီရမ္ပိ၊ ကိုယ်သည်လည်း။ စေတိယဃရမိဝ၊ စေတီတိုက်ကဲ့သို့။ သဗ္ဗေသံ၊ ခပ်သိမ်းသောသူတို့၏။ ပူဇာရဟံ၊ ရှိခိုးပူဇော်ခြင်းကိုထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဣမဘာဝေ၊ ဤဘဝ၌။ ဥတ္တရိ၊ မြတ်သော မဂ်ဖိုလ်ကို။ အပ္ပဋိဝိဇ္ဈန္တော ပန၊ မရသေးသော်လည်း။ အပါယံ၊ အပါယ်သို့။ အနုဂစ္ဆန္တော၊ မလားမူ၍၊ သုဂတိပရာယနော၊ သုဂတိဘဝသို့လားရသည်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့် ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို မပြတ်မလပ် သူတော်ကောင်းတို့သည် ပွားစေအပ်ကုန်၏။

သံဃာနုဿတိကမ္မဋ္ဌာန်းကို ပွားစေသည်ဖြစ်၍ နေသောသူ၏ ကိုယ်သည်လည်း စည်းဝေးသောသံဃာရှိသော ဥပုသ်အိမ်ကဲ့သို့ ဖြစ်၍ သူခပ်သိမ်းတို့၏ ရှိခိုးပူဇော်ခြင်းကို ခံထိုက်ကြောင်း၊ ယခုဘဝ၌ပင် မဂ်ဖိုလ်မရသေးသော်လည်း စုတိစိတ်၏ အခြားမဲ့၌ အပါယ်မလားမူ၍ သုဂတိဘဝသို့လားရကြောင်း ကိုကား ဤသို့သိအပ်၏။

သံဃာနုဿတိယာ အဇ္ဈာဝုတ္ထဿ သရီရံ
သန္နိပတိတသံဃမိဝ ဥပေါသထာဂါရံ ပူဇာရဟံ
ဟောတိ။ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ပန သုဂတိပရာ
ယနော ဟောတိ။

(ဝိသုဒ္ဓိမဂ်၌လာ၏။)

**အနက်ကား—** သံဃာနုဿတိယာ၊ သံဃာနုဿတိကမ္မဋ္ဌာန်း ဖြင့်။ အဇ္ဈာဝုတ္ထံ၊ မှေ့လျော်သည်ဖြစ်၍ နေသော။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သရီရံ၊ သည်။ သန္နိပတိတသံဃံ၊ စည်းဝေးသော သံဃာရှိသော။ ဥပေါသထာဂါရံဣဝ၊ ဥပုသ်အိမ်ကဲ့သို့။ သဗ္ဗသံ၊ ခပ်သိမ်းသောသူတို့၏။ ပူဇာရဟံ၊ ရှိခိုးပူဇော်ခြင်းကို ထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဣဓ၊ ဤဘဝ၌။ ဥတ္တရိ၊ မြတ်သောမဂ်, ဖိုလ်ကို။ အပဋိဝိဇ္ဈန္တော၊ မရသေးသော်လည်း။ အပါယံ၊ အပါယ်သို့။ အနုဂစ္ဆန္တော၊ မလားမူ၍။ သုဂတိပရာယနော၊ သုဂတိဘဝသို့လားရသည်။ ဟောတိ၊ ဖြစ်၏။ (အဇ္ဈာဝုတ္ထံ-ပုဒ်၌ သာမိအနက်၌ ဒုတိယာဝိဘတ်တည်း။)

## သံဃာဂုဏ်တော် ပွားများရကျိုး

သံဃာတော်ကို ကြည်ညိုလှစွာသောစိတ်ဖြင့် ဓိမ်းဓိမ်းကြည့်၍ ရှိခိုးသောသူသည် ကမ္ဘာတသိန်းပတ်လုံး အပါယ်မလားရမူ၍ မျက်စိအနာကင်းခြင်း, ကြောက်မက်ဖွယ်သောဘေးကို သည်းခံနိုင်ခြင်း, သဒ္ဓါတရား ပွားများခြင်း, ပီတိပါမောဇ္ဇများခြင်း အစရှိသော များစွာသောအကျိုးဆက်တို့ကို ရရာ၏၊ ထို့ကြောင့် ရှေးတူရှုလာသော သံဃာတော်ကိုမြင်လျှင် ရိုရိုသေသေ ကြည်ညို သောစိတ်ဖြင့် ခရီးလှဲခြင်း, ရှိခိုးခြင်း, ညွတ်သောကိုယ်စိတ်ကို ဖြစ်စေခြင်းဖြင့် သံဃာနုဿတိကို မပြတ်မလပ် သူတော်ကောင်း တို့သည် ပွားစေအပ်ကုန်၏။

ရတနာသုံးပါး၏ဂုဏ်ပုဒ်များပြီး၏။

# ၄-သီလာနုဿတိ

သီလာနုဿတိကို ပွားစေလိုသော သူတော်ကောင်းတို့သည် ဤသို့သောနည်းဖြင့် ပွားစေအပ်ကုန်၏။

သီလာနုဿတိ° ဘာဝေတုကာမေန ပန ရဟောဂတေန ပဋိသလ္လီနေန "အဟော ဝတ မေ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညုပ္ပသတ္ထာနိ အပရာ-မဋ္ဌာနိ သမာဓိသံဝတ္တနိကာနိတိ ဧဝံ အခဏ္ဍ-တာဒိဂုဏဝသေန အတ္တနော သီလာနိ အနုဿရိ တဗ္ဗာနိ။

(ဝိသုဒ္ဓိမဂ်ပါဠိ)

**အနက်ကား**—သီလာနုဿတိ°၊ သီလာနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေတုကာမေန၊ ပွားစေလိုသော။ ရဟောဂတေန၊ ဆိတ်ငြိမ် ရာအရပ်သို့ကပ်သော။ ပဋိသလ္လီနေန၊ တယောက်အထီးတည်းနေ သော။ ကုလပုတ္တေန ပန၊ သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးသား သည်ကား။ အခဏ္ဍာနိ၊ မကျိုးကုန်သော။ အစ္ဆိဒ္ဒါနိ၊ မပေါက် ကုန်သော။ အသဗလာနိ၊ မကျားကုန်သော။ အကမ္မာသာနိ၊ မ ပြောက်ကုန်သော။ ဘုဇိဿာနိ၊ တော်လှန်ကုန်သော။ ဝိညုပ္ပသ တ္ထာနိ၊ သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်သော။ အပရာမ

---

၄။ သီလာနုဿတိ-မိမိ၏သီလဂုဏ်ကိုအဖန်တလဲလဲအောက်မေ့ခြင်း။

ဌာနိ၊တဏှာ, ဒိဋ္ဌိတို့သည် မသုံးသပ်အပ်ကုန်သော။ သမာဓိ–သံဝတ္တနိကာနိ၊ သမာဓိကိုဖြစ်စေတတ်ကုန်သော။ မေ၊ ငါ၏။ သီလာနိ၊ သီလတို့သည်။ ဝတ–ကေန္တေန၊ စင်စစ်သဖြင့်။ အဟော–သုခါဝဟာနိ၊ချမ်းသာသုံးပါးကို ဆောင်နိုင်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ ဧဝံ၊ ဤသို့။ အခဏ္ဍတာဒိဂုဏဝသေန၊ မကျိုးမပြတ်သော သီလအစရှိသော ကျေးဇူး၏အစွမ်းအားဖြင့်။ အတ္တနော၊ မိမိ၏။ သီလာနိ၊ သီလကျေးဇူးတို့ကို။ အနုဿရိတဗ္ဗာနိ၊ အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏။ (ဝိသုဒ္ဓိမဂ်ပါဠိ၏အနက်။)

လူဖြစ်မူကား ငါးပါးသောသီလ-ရှစ်ပါးသောသီလကျေးဇူး, ဆယ်ပါးသောသီလကျေးဇူး, ကောသနိက်ဓုတင်, ပတ္တပိဏ္ဍိက ဓုတင်–ဤဓုတင်နှစ်ပါးကျေးဇူးကို အာရုံပြု၍ ရှေးရှေး၌ဖြစ်ကုန်သော ဘုရားအလောင်း, ပစ္စေကဗုဒ္ဓါအလောင်း, အဂ္ဂသာဝက အလောင်း, မဟာသာဝကအလောင်း သူတော်ကောင်းတို့၏ ကျင့်ရိုးလမ်းကို ငါကျင့်သွားရပေသည်ဟု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါစေတနာနှင့်တကွ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏၊ ရဟန်းဖြစ်မူကား စတုပါရိသုဒ္ဓိသီလကျေးဇူးကိုအာရုံပြု၍ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

၁။ အခဏ္ဍာနိ အစရှိသောရှစ်ပါးသောသီလကျေးဇူးတို့တွင် အမိတ်၌ပြတ်သောပုဆိုးကဲ့သို့ ငါးပါးသောသိက္ခာပုဒ်၏ အစ၌ဖြင်း, အဆုံး၌ဖြင်း တပါးပါးပြတ်သောသီလသည် ခဏ္ဍသီလမည်၏၊ ထိုသို့မပြတ်သောသီလသည် အခဏ္ဍသီလမည်၏။

၂။ အလယ်၌ပေါက်သောပုဆိုးကဲ့သို့ အလယ်၌သုံးပါးသော သိက္ခာပုဒ်တို့တွင် တပါးပါးပြတ်သောသီလသည် ဆိဒ္ဒ သီလမည်၏၊ ထိုသို့မပြတ်သောသီလသည် အစ္ဆိဒ္ဒသီလ မည်၏။

၃။ ကျောက်ကုန်း၌ရင်း, ဝမ်း၌ရင်း ကျားသောနွားကဲ့သို့ အစဉ်အတိုင်း နှစ်ပါးရင်း, သုံးပါးရင်း ပြတ်သော သီလသည် သဗလသီလမည်၏၊ ထိုသို့မပြတ်သောသီလ သည် အသဗလသီလမည်၏။

၄။ ဝါစေ့ပြောက်ကဲ့သို့ ပြောက်သောနွားကဲ့သို့ တခုကြား တခုကြား ပြတ်သောသီလသည် ကမ္မာသသီလမည်၏၊ ထိုသို့မပြတ်သောသီလသည် အကမ္မာသသီလမည်၏။

၅။ တဏှာ၏ကျွန်အဖြစ်မှ လွတ်စေခြင်းငှာ မဂ်,ဖိုလ်ကို တောင့်တ၍ ဆောက်တည် ကျင့်သုံးသော သီလသည် ဘုဇိဿသီလမည်၏၊

၆။ သူတပါးကိုလည်း မရှုတ်ချ,မိမိကိုလည်း မချီးမြှောက် မူ၍ ဖြောင့်မတ်သော စိတ်ဖြင့်မဂ်,ဖိုလ်,နိဗ္ဗာန်ကိုတောင့် တ၍ဆောက်တည်ကျင့်သုံးသောသီလသည် ဝိညုပ္ပသတ္ထ သီလမည်၏။

၇။ တဏှာ, ဒိဋ္ဌိတို့သည် မသုံးသပ်အပ်သော သီလသည် အပရာမဋ္ဌသီလမည်၏။

၈။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ, မဂ္ဂသမာဓိ, ဖလ– သမာဓိတို့ကို ဖြစ်စေနိုင်သော စင်ကြယ်သန့်ရှင်းသော သီလသည် သမာဓိသံဝတ္တနိကသီလမည်၏။

## သီလာနုဿတိပွားများရကျိုး

ဤသို့လျှင် အခဏ္ဍာနိအစရှိကုန်သော ရှစ်ပါးသောဂုဏ်နှင့် ပြည့်စုံသောမိမိ၏သီလကိုအောက်မေ့၍နေသောပုဂ္ဂိုလ်အား ရာဂ နှိပ်စက်သောစိတ်မဖြစ်၊ ဒေါသနှိပ်စက်သောစိတ်မဖြစ်၊ မောဟ နှိပ်စက်သော စိတ်မဖြစ်၊ ထိုသီလ ဂုဏ်ကျေးဇူးကို အောက်မေ့ ဆင်ခြင်၍နေသောအခါ၌ ထိုပုဂ္ဂိုလ်အားသီလကိုအာရုံပြု၍ဖြောင့် သောစိတ်ရှိသည်ဖြစ်သော အကြောင်းကိုကား ဤသို့သိအပ်၏။

ဧဝံ မခဏ္ဍတာဒိဂုဏဝသေန အတ္တနော သီ
လာနိ အနုဿရတော နေဝဿ တသ္မိံ သမယေ
ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န ဒေါသပရိ
ယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န မောဟပရိယုဋ္ဌိတံ
စိတ္တံ ဟောတိ၊ ဥဇုဂတမေဝဿ တသ္မိံ သမယေ
စိတ္တံ ဟောတိ သီလ မာရဗ္ဘာတိ။

(ဝိသုဒ္ဓိမဂ်၌လာ၏။)

**အနက်ကား**—ဧဝံ၊ ဤသို့။ အခဏ္ဍတာဒိဂုဏဝသေန၊ အခဏ္ဍ တာအစရှိသော ဂုဏ်ကျေးဇူး၏ အစွမ်းအားဖြင့်။ အတ္တနော၊ မိမိ၏။ သီလာနိ၊ သီလတို့ကို။ အနုဿရတော၊ အဖန်တလဲလဲ အောက်မေ့သော။ အဿ၊ ထိုပုဂ္ဂိုလ်အား။ တသ္မိံ သမယေ၊ ထိုသီလကိုအောက်မေ့၍ နေသောအခါ၌။ ရာဂပရိယုဋ္ဌိတံ၊ ရာဂ နှိပ်စက်အပ်သော။ စိတ္တံ၊ စိတ်သည်။ နေဝဟောတိ၊ မဖြစ်။ ဒေါသပရိယုဋ္ဌိတံ၊ ဒေါသနှိပ်စက်အပ်သော။ စိတ္တံ၊ စိတ်သည်။ နဟောတိ၊ မဖြစ်။ မောဟပရိယုဋ္ဌိတံ၊ မောဟနှိပ်စက်အပ်သော။

စိတ္တံ၊ စိတ်သည်။ နဟောတိ၊ မဖြစ်။ တသ္မိံသမယေ၊ ထိုသို့ သီလကိုအောက်မေ့၍ နေသောအခါ၌။ အဿ၊ ထိုပုဂ္ဂိုလ်အား။ သီလံ၊ သီလကို။ ဤအာရဗ္ဘ၊ အာရုံပြု၍။ စိတ္တံ၊ စိတ်သည်။ ဥဇုဂတမေဝ၊ ဖြောင့်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

## ငါးပါးသီလ စောင့်ထိန်းရကျိုး

ငါးပါးသီလကို နေ့တိုင်းနေ့တိုင်း ဆောက်တည် ကျင့်သုံးသော မိန်းမ, ယောကျ်ားသည်ကား နေ့တိုင်းနေ့တိုင်း ငါးပါးသောအလှူကြီးကို ပေးသည်မည်၏ဟု အင်္ဂုတ္တိုရ် ပဉ္စကနိပါတ် ပါဠိတော်, သုတ်သီလက္ခန်အဋ္ဌကထာတို့၌ ဆိုအပ်၏။

အဘယ်သို့လျှင် နေ့တိုင်းနေ့တိုင်း ငါးပါးသောအလှူကြီးကို ပေးသည်မည်သနည်းဟူမူကား—

၁။ သူ၏အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်သောသူသည် အသက်ကိုလှူသည်မည်၏၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို လှူသည်မည်၏၊ အနာကင်းခြင်းကိုလှူသည်မည်၏၊ အသက်ရှည်ခြင်းကို လှူသည်မည်၏၊

၂။ သူ့ဥစ္စာကိုခိုးယူခြင်းမှကြဉ်ရှောင်သောသူသည်ခိုးသူနှင့် ဆက်ဆံသော အလုံးစုံသောပစ္စည်း ပရိက္ခရာ, ရွှေငွေ, အဝတ်ပုဆိုးကို ပေးလှူသည်မည်၏၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို လှူသည်မည်၏။

၃။ သူ၏သားအိမ်ယာကို ပြစ်မှား လွန်ကျူးခြင်းမှ ကြဉ်ရှောင်သောသူသည် မရက်မစက် ချစ်မြတ်နိုးအပ်သော

ခင်ပွန်းပျက်စီးခြင်းကြောင့် မရေတွက်နိုင်သော ကိုယ်
၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းသို့ ရောက်၏၊ ဤသို့
ဖြစ်သော ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်းကို
မဖြစ်စေသောကြောင့် ကိုယ်၏ချမ်းသာခြင်း, စိတ်၏
ချမ်းသာခြင်းကို လူသည်မည်၏၊ ဟိရီ, ဩတ္တပ္ပဖြစ်သော
သဒ္ဓမ္မကိုလူသည်မည်၏။

၄။ မဟုတ်မမှန် ချွတ်ယွင်းသောစကားကို ဆိုခြင်းမှ ကြဉ်
ရှောင်သောသူသည် မုသားဆိုခြင်းကြောင့် သူတပါး
အား ဥစ္စာဆုံးရှုံးခြင်းသို့ရောက်လေ၏၊ ကိုယ်၏ဆင်းရဲ
ခြင်း, စိတ်၏ဆင်းရဲခြင်းသို့ရောက်လေ၏၊ ဤသို့သော
ဥစ္စာဆုံးရှုံးခြင်းသို့ မရောက်စေသောကြောင့်၎င်း, ကိုယ်
၏ ဆင်းရဲခြင်း-စိတ်၏ဆင်းရဲခြင်းသို့ မရောက်စေသော
ကြောင့်၎င်း ဥစ္စာပရိက္ခရာကို လူသည်မည်၏၊ ကိုယ်၏
ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို လူသည်မည်၏။

၅။ သုရာမေရယမှ ကြဉ်ရှောင်သောသူသည် သေယစ်လျှင်
သူ့ဥစ္စာကိုဖျက်ဆီးခြင်း, သူတပါးကို ဆဲရေးသတ်ပုတ်
ခြင်းကို ပြုသောကြောင့် ဥစ္စာပျက်စီးခြင်း, ကိုယ်၏
ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်းသို့ ရောက်လေ၏၊
ဤသို့သော ဥစ္စာ၏ပျက်စီးခြင်း, ကိုယ်၏ ဆင်းရဲခြင်း,
စိတ်၏ဆင်းရဲခြင်းကို မဖြစ်စေသောကြောင့် ဥစ္စာပစ္စည်း
ကို လူသည်မည်၏၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ ချမ်း
သာခြင်းကို လူသည်မည်၏၊အသက်ရှည်ခြင်းကို လူသည်
မည်၏၊အနာကင်းခြင်းကို လူသည်မည်၏။

## ချမ်းသာလိုလျှင် သီလစောင့်ထိန်းပါ

ထို့ကြောင့် ငါးပါးသောသီလကို နေ့တိုင်းနေ့တိုင်း ဆောက်တည် ကျင့်သုံးသော မိန်းမ, ယောကျာ်းသည် နေ့တိုင်းနေ့တိုင်း ငါးပါးသောအလှူကြီးကို ပေးသည်မည်၏ဟု မှတ်အပ်ကုန်၏။

ငါ့အား နောင်သံသရာ ဘဝအဆက်ဆက်တို့၌ သူတော်ကောင်းတို့၏ ချီးမွမ်းခြင်းတို့သည် ရောက်ပါစေကုန်သတည်းဟု တောင့်တ၏၊ ထိုသို့တောင့်တသောသူသည် သီလကိုဆောက်တည်အပ်၏၊ ငါ့အား နောင်သံသရာဘဝအဆက်ဆက်တို့၌ စည်းစိမ်ဥစ္စာတို့သည် ပြန့်ပြောများပါစေသတည်းဟု တောင့်တ၏၊ထိုသို့တောင့်တသောသူသည် သီလကိုဆောက်တည်အပ်၏၊ ငါသည် သေသည်၏အခြားမဲ့၌နတ်ရွာသို့ရောက်ပါစေသတည်းဟု တောင့်တ၏၊ ထိုသို့တောင့်တသောသူသည် သီလကိုဆောက်တည်အပ်၏၊ ဤသို့ဟောတော်မူသော အကြောင်းကိုကား ဤသို့သိအပ်၏။

တီဏိမာနိ ဘိက္ခဝေ သုခါနိ ပတ္ထယမာနော
သီလံ ရက္ခေယျ ပဏ္ဍိတော။
အစရှိသည်ဖြင့် ဟောတော်မူအပ်၏။

**အနက်ကား**—ဘိက္ခဝေ၊ ရဟန်းတို့။ တီဏိ၊ သုံးပါးကုန်သော။ သုခါနိ၊ ချမ်းသာတို့ကို။ ပတ္ထယမာနော၊ တောင့်တသော။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ သီလံ၊ သီလကို။ ရက္ခေယျ၊ စောင့်ရာ၏။

ခပ်သိမ်းသောပန်းတို့၏ အနံ့တို့သည်ကား လေညာသို့မသွား၊ လေအောက်သို့သွားကုန်၏၊ သီလ၏အနံ့ တို့သည်ကား လေ

အောက်, လေညာ အရပ်ဆယ်မျက်နှာတို့၌ ပျံ့နှံ့ကုန်၏၊ အလုံးစုံ ကုန်သော ဘုတ္တဂါမ်ဖြစ်ကုန်သော မြက်သစ်ပင်တို့သည် မြေကို မှီ၍ မြေ၌တည်၍ ကြီးပွားစည်ပင်ခြင်းသို့ ရောက်ကုန်သကဲ့သို့ ထို့အတူ အလုံးစုံကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကတို့သည် သီလကိုမှီ၍ သီလ၌တည်၍ ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပွားစေသည်ဖြစ်၍ သီလကျေးဇူး, သမာဓိ ကျေးဇူး, ပညာကျေးဇူးတို့သည် ကြီးပွားစည်ပင်ခြင်းသို့ ရောက် ကုန်၏။

> အင်္ဂါကြီးငယ်ကို စောင့်သောသူသည် ပစ္စည်းဥစ္စာကို စွန့်ရာ၏၊ အသက်ကိုစောင့်သောသူသည် အင်္ဂါကြီးငယ် ကိုစွန့်ရာ၏၊ သီလကိုစောင့်သောသူသည် အသက်ကို စွန့်ရာ၏။

အဘယ်သို့ အင်္ဂါကြီးငယ်ကို စောင့်သောသူသည် ပစ္စည်း ဥစ္စာကိုစွန့်ရာသနည်းဟူမူကား—ခိုးသူ,မင်း အစရှိသောသူတို့သည် သင်၏လက်ကိုငင်း, ခြေကိုငင်း, နားကိုငင်း, နှာခေါင်းကိုငင်း ဖြတ်မည်ဟုဆိုလျှင် အကျွန်ုပ်၌ရှိသော သက်ရှိသက်မဲ့ ပစ္စည်း ဥစ္စာကို ယူတော်မူပါ၊ အင်္ဂါကြီးငယ်ကိုဖြတ်ခြင်းမှ လွတ်ပါ စေဟု အင်္ဂါကြီးငယ်ကို စောင့်သောသူသည် ပစ္စည်းဥစ္စာကို စွန့်ရာ၏။

အဘယ်သို့ အသက်ကို စောင့်သောသူသည် အင်္ဂါကြီးငယ်ကို စွန့်ရာသနည်းဟူမူကား—ခိုးသူ,မင်း အစရှိသောသူတို့သည် သင်၏ အသက်ကို အသေသတ်မည်ဟုဆိုလျှင် လက်ကိုငင်း, ခြေကိုငင်း

ကိုယ်အင်္ဂါကိုရှင်း ဖြတ်တော်မူပါ၊ အသက်ကို လွတ်ပါစေဟု အသက်ကိုစောင့်သောသူသည် အင်္ဂါကြီးငယ်ကို စွန့်ရာ၏။

အဘယ်သို့ သီလကိုစောင့်သောသူသည် အသက်ကို စွန့်ရာသနည်းဟူမူကား—ခိုးသူ့မင်း အစရှိသော သူတို့သည် သင်စောင့်သောသီလကိုဖျက်၍ ဤသတ္တဝါကိုသတ်၊ ဤသတ္တဝါကိုမသတ်လျှင် သင့်အသက်ကိုသတ်မည်ဟုဆိုလျှင် မိမိအသက်ကို အသေခံရာ၏၊ သတ္တဝါကိုမသတ်အပ်၊ သီဟိုဠ်ကျွန်း၌ ခါသားစားချင်ခြင်းဖြစ်သောမင်းနှင့် သီလသည်နှစ်ဦးကဲ့သို့ရှင်း, စာမရီအမည်ရှိသောသတ္တဝါသည် အသက်ကိုစွန့်၍ မိမိအမြီးကို စောင့်သကဲ့သို့ရှင်း, ကိကီအမည်ရှိသောယစ်မသည် အသက်စွန့်၍ မိမိအဥကိုစောင့်သကဲ့သို့ရှင်း သီလကိုစောင့်သောသူသည် အသက်ကို စွန့်ရာ၏၊ သီလကိုမပျက်စေရာ။

သီဟိုဠ်ကျွန်း၌ ခါသားစားချင်ခြင်းဖြစ်သော သီလကိုစောင့်လေ့ရှိသောမင်းသည် သီလမရှိသော တစုံတယောက်သောသူကို ပြောချေလျှင် များစွာသော ခါအပေါင်းတို့သည် သေကြေပျက်စီးခြင်းသို့ ရောက်လေတော့မည်ဟု တစုံတယောက်သောသူကိုမျှမပြော ချုပ်တည်း၍နေလေ၏၊ ချင်ခြင်းအာသာမပျောက်နိုင်သောကြောင့် အသွေးအသား ခန်းခြောက်ခြင်းသို့ ရောက်လေ၏၊ မိမိပြည်၌ သီတင်းသည်ကိုခေါ်၍ ဤကြက်ကိုသတ်၍ကောင်းမွန်စွာ ချက်၍ ပို့လှည့်ဟု ဆို၏၊ သီတင်းသည်လည်း ဤကြက်ကိုအကျွန်ုပ်မသတ်ဟုဆို၏၊ မသတ်လျှင် သင့်အသက်ကိုသတ်ရမည်ဟုဆို၏၊ သတ်တော်မူလော့ဟုဆို၏၊မင်းလည်း သူသတ်တို့ကိုအပ်၍ သုသာန်သို့ထုတ်လေ၏။

သူသတ်တို့လည်း သုသာန်၌ ဤကြက်ကိုမသတ်လျှင် သင့်အသက်ကို သတ်ရတော့မည်ဟုဆို၏၊ အကျွန်ုပ်အသက်ကိုသတ်လိုလည်း သတ်တော်မူ၊ ဤကြက်ကို အကျွန်ုပ် မသတ်ဟု ဆို၏၊ မင်းက အမိန့်တော်ပြန်၍ နုတ်လှာလေ၏၊ မင်းသည် ဤသီတင်းသည်ကို ဆိတ်ငြိမ်ရာအရပ်သို့ ခေါ်၍ ငါ့ါသားစားချင်ခြင်းဖြစ်သည် သုံးနှစ်တိုင်တိုင်ရှိပြီ၊ သင်ကဲ့သို့ သီလကို စောင့်သောသူကို မရ၍ တစုံတယောက်သောသူကိုမျှ မပြောနေသည်၊ ခါပံ့သုကူစင်ရအောင်ရှာ၍ ငါ့ကိုပေးပါဟုဆို၏၊ သီတင်းသည်လည်း ကောင်းပြီဟုဝန်ခံ၏၊ ခါပံ့သုကူစင်ရအောင် ရှာ၍ပေးမှစားရလေ၏၊ ချင်ခြင်းပျောက်၏၊ ဤသို့လျှင် သီလကို စောင့်သောသူသည် အသက်ကို စွန့်ရာ၏၊ သီလကို မပျက်စေရာ။

သီလာနုဿတိပုဒ်၏အနက်,အဓိပ္ပါယ်အကျဉ်းကားပြီး၏။

# ၅-စာဂါနုသာတိ

စာဂါနုဿတိကို ပွားစေလိုသောသူသည် ဤသို့သောနည်းဖြင့် ပွားစေရာ၏။

စာဂါနုဿတိ° ဘာဝေတုကာမေန ပန
ပကတိယာ စာဂါဓိမုတ္တေန နိစ္စပ္ပဝတ္တဒါန သံ-
ဝိဘာဂေန ဘဝိတဗ္ဗံ။

အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာ၏။

**အနက်ကား**–စာဂါနုဿတိ°၊ စာဂါနုဿတိကို။ ဘာဝေတု-ကာမေန၊ ပွားစေလိုသောသူသည်။ ပကတိယာပန၊ ကြပတော့အားဖြင့်ကား။ စာဂါဓိမုတ္တေန၊ စွန့်ကြဲခြင်း၌ ညွတ်သောစိတ်ရှိသဖြင့်။ နိစ္စပ္ပဝတ္တဒါနသံဝိဘာဂေန၊ အမြဲဖြစ်သောဒါနဝတ္ထုကိုခွဲခြမ်းဝေဖန်ခြင်းဖြင့်။ ဘဝိတဗ္ဗံ၊ ဖြစ်စေအပ်၏။

**အဓိပ္ပါယ်ကား**– စာဂါနုဿတိကို ပွားစေလိုသော သူသည် ပကတိအားဖြင့် စွန့်ကြဲပေးကမ်းခြင်း၌ ညွတ်သောစိတ်ကိုဖြစ်စေအပ်၏၊ ဤဝတ္ထုကိုကား စားအံ့၊ ဤဝတ္ထုကိုကား ဝတ်အံ့၊ ဤဝတ္ထုကိုကားလှူအံ့ဟု အမြဲလျှင်ဖြစ်သော အလှူဝတ္ထုကိုဝေဖန်ခွဲခြမ်းသောစိတ်ကို ဖြစ်စေအပ်၏၊ သူတောင်းစား အစရှိသောယုတ်သောအလှူခံဖြစ်စေ, ရဟန်း–ရသေ့အစရှိသော မြတ်သော

---

၅။ စာဂါနုဿတိ–မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

အလှူခံဖြစ်စေ အလှူခံပုဂ္ဂိုလ်ထင်ရှားရှိလျှင် တလုပ်သော ထမင်းပင် ဖြစ်သော်လည်း ထက်ဝက်ခွဲ၍ ပေးလှူအံ့ဟု စိတ်ကို မိဋ္ဌာန်အပ်၏။

ထိုသို့မိဋ္ဌာန်၍ သူတောင်းစားအစရှိသော ယုတ်သောအလှူခံဖြစ်စေ, ရဟန်း-ရသေ့အစရှိသော မြတ်သောအလှူခံဖြစ်စေ အိမ်သို့ရောက်လာလျှင် တစုံတခုမျှမလှူမူ၍ လက်ချည်းမပြန်စေအပ်၊ စွမ်းနိုင်သည်အားလျော်စွာ တစုံတခုကို စွန့်ကြဲပေးလှူလိုက်အပ်၏၊ သာယာချိုးမွမ်းထောမနာပြု၍ တောင်းလာကုန်သော သူတောင်းစားတို့အား ငေါက်ငမ်းဆဲရေး ရေရွတ်ခြင်းကိုမပြုအပ်၊ နည်းစဉ်များလျောက် စွန့်ကြဲပေးကမ်း လိုက်အပ်၏၊ ငါ့အား ကုသိုလ်ပေးအံ့သောငှာ ရောက်လာပေသည်ဟု အသင့်အားဖြင့် နှလုံးသွင်းအပ်၏၊ အနည်းငယ် အနည်းငယ် ပေးလှူဖန်များသဖြင့် တစက်အောက်၌ထားသောရေအိုးသည်တပေါက်တပေါက်ကျဖန်များသဖြင့် ပြည့်သကဲ့သို့ အလှူမည်သည်လည်း ပြည့်လတ္တံ့ဟု အသင့်အားဖြင့်နှလုံးသွင်းအပ်၏။

ရဟန်း-ရသေ့အစရှိသော မြတ်သောအလှူခံတို့၌ အတိုင်းထက်အလွန် စိတ်စေတနာ သဒ္ဓါတရားကို ထက်သန်စေ၍ မြတ်သောအလှူခံပုဂ္ဂိုလ် ရောက်လာပေ၍ ငါကား ဒါနသီလပွားပေတော့သည်ဟု အသင့်နှလုံးသွင်း၍ အစွမ်းရှိသည်အားလျော်စွာ ပေးလှူလိုက်အပ်၏၊ ဤသို့ ပေးလှူပူဇော်ခြင်း၌ မွေ့လျော်သောစိတ်ကိုဖြစ်စေ၍ ရတနာသုံးပါးအစရှိသော မြတ်သောအလှူခံ ပုဂ္ဂိုလ်တို့အားရင်း, သူတောင်းစား အစရှိသော ယုတ်သောအလှူခံပုဂ္ဂိုလ်တို့အားရင်းတွန့်တိုခြင်းမရှိ လွတ်လွတ်သောစိတ်ကိုဖြစ်စေ၍ပေးလှူ

ပူဇော်ပြီးသော် ဤမည်သောကာလ၌ ဤမည်သောအလှူခံပုဂ္ဂိုလ် အားဤမည်သောအလှူဝတ္ထုကို ပေးလှူပူဇော်စွန့်ကြဲရ ပေသည် ကားကောင်းပေစွ, ကောင်းပေစွ၊သဒ္ဓါတရားနှင့် ပြည့်စုံသော ဝန် တိုခြင်းမစွေ့ရကင်းသော လှူသူတော်ကောင်းအဖြစ်ကို ရပေသည် တကားဟု မိမိ၏ ပေးလှူပူဇော်စွန့်ကြဲဘူးသော အလှူဝတ္ထုကို အာရုံပြု၍ အဖန်တလဲလဲ ဝမ်းမြောက်ဝမ်းသာ ဆင်ခြင်အပ်၏။

မပေးကမ်းမစွန့်ကြဲခြင်း၌ အပြစ်ကိုဆင်ခြင်အပ်၏၊ ပေး ကမ်းစွန့်ကြဲခြင်း၌ အကျိုးကိုဆင်ခြင်အပ်၏၊ အဘယ်သို့လျှင် မပေးကမ်း မစွန့်ကြဲခြင်း၌အပြစ်ကိုဆင်ခြင်အပ်သနည်းဟူမူကား— ဥစ္စာပရိက္ခရာ မည်သည်ကား ရန်သူမျိုးငါးပါးနှင့် ဆက်ဆံသော ကြောင့် ပျက်လွယ်သောသဘောလည်းရှိ၏၊ မိမိခန္ဓာကိုယ်သော် လည်း အမြဲမရှိသော သဘောရှိသောကြောင့် ပျက်တတ်သော သဘောရှိ၏၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက အလောင်း သူတော်ကောင်းတို့၏ သွားရာလမ်းခရီးကို မသွား သောကြောင့် လောက၌ သူခပ်သိမ်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်း ကိုလည်း ခံရချေ၏။

အစိန္တေယျလက်ထက်တော်၌ အာနန္ဒာသူဌေး,အပုတ္တကာသူဌေး တို့ကဲ့သို့ မြတ်သောအတုမရှိသော အလှူခံပုဂ္ဂိုလ် ထင်ရှားရှိပါ လျက် မလှူရက် မပေးရက် မစွန့်ရက် စည်းနှဲပိတ်ပင် ဝန်တို မစွေ့ရ ရှိသောသူတို့သည်လည်း အပါယ်လားရချေ၏၊ ဥစ္စာ၌ တပ်မက်မောရ၍ သေလျှင်လည်း ပြိတ္တာဘုံ၌ဖြစ်ရလေ၏၊ ဤသို့ လျှင် မလှူရက် မပေးရက် မစွန့်ရက် စည်းနှဲပိတ်ပင် ဝန်တို

ရှိရသော သူတို့သည်လည်း အပါယ်လားရချေ၏တကားဟု မပေး လှူခြင်း၌ အပြစ်ကိုဆင်ခြင်အပ်၏။

ပေးလှူခြင်း၌ အကျိုးကိုဆင်ခြင်သော်ကား- ဘုရား, ပစ္စေက ဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကအလောင်း သူတော်ကောင်း တို့၏ သွားရာလမ်းခရီးကို ငါသွားရပေသည်ဟု ဝမ်းမြောက် ဝမ်းသာ ပီတိပါမောဇ္ဇကိုလည်း ရ၏၊ လောက၌ သူခပ်သိမ်း တို့၏ ချီးမွမ်းခြင်းကိုလည်း ရ၏၊ "ဇာဂါယ ဝိပုလံ ဓနံ" ဟူ၍ ဟောတော်မူသောကြောင့် ပေးကမ်းစွန့်ကြဲခြင်း ရှိသောကြောင့် သာလျှင် နောင်သံသရာဘဝ၌ ဥစ္စာစည်းစိမ်ပြန့်ပြော များမြတ် ချေသည်၊ သဒ္ဓါတရားကိုလည်း ရ၏၊ အလှူခံပုဂ္ဂိုလ်တို့မည်သည် ကား မီးလောင်သောအိမ်၌ ဥစ္စာထုပ်ကို ညီညာ၍ သယ်ပိုး ပေးသော အဆွေခင်ပွန်းကောင်းသဖွယ် ဖြစ်ပေသည်ဟူ၍လည်း နှလုံးသွင်းအပ်ချေ၏။

ဗိရနီနတ်သမီး, ဣန္ဒကနတ်သား,အင်္ကုရနတ်သား အစရှိသော သူတို့သည်လည်း ဤလူ့ပြည်၌ဖြစ်သောအခါ လှူဒါန်းပေးကမ်း ခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သည်ဖြစ်၍ စည်းနဲ ပိတ်ပင် ဝန်တိုမစ္ဆေရမရှိ ကင်းစင်ကုန်၏၊ ထို့ကြောင့် ဤသို့သော နတ်စည်းစိမ်ကိုရကုန်၏၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက အလောင်း သူတော်ကောင်းတို့ သည်လည်း လှူဒါန်း ပေး ကမ်း စွန့်ကြဲခြင်းကြောင့်သာ ချမ်းသာသုံးပါးကို ရကြကုန် ၏ဟု ပေးလှူပူဇော်စွန့်ကြဲခြင်း၌ အကျိုးကိုဆင်ခြင်ရာ၏။

ဤသို့ဆင်ခြင်ပြီးသော် ခွေး- ဝက်-ကြက်အစရှိသော သူ တောင်းစားအစရှိသော ယုတ်သောအလှူခံ ပုဂ္ဂိုလ်တို့အားရင်း,

ရတနာသုံးပါးအစရှိသော ရသေ့-ရဟန်းအစရှိသော မြတ်သော အလှူခံပုဂ္ဂိုလ်တို့အားရှင်း စွမ်းနိုင်သည်အားလျော်စွာ မပြတ်မ လပ် နိစ္စဝတ်ဖြင့် လှူဒါန်းပူဇော်စွန့်ကြဲပြီးလျှင် နောက်ကာလ ၌ စုတိစိတ်ကျသည်တိုင်အောင် ဤမည်သောကာလ၌ ဤမည် သောအလှူခံပုဂ္ဂိုလ်တို့အား ဤမည်သောအလှူဝတ္ထုတို့ကိုလှူဒါန်း ပူဇော်စွန့်ကြဲရပေသည်ကား ကောင်းပေစွ့ ကောင်းပေစွ၊ ဘုရား့ ပစ္စေကဗုဒ္ဓါ့ သာဝကအလောင်း သူတော်ကောင်းတို့၏ သွား ရာလမ်းကို သွားရပေသည်တကားဟု ဝမ်းမြောက်ဝမ်းသာ စေ တနာနှင့်တကွ အောက်မေ့ ဆင်ခြင်ခြင်းသည် စာဂါနုဿတိကို ပွားစေသည်မည်၏။

ပေးကမ်းစွန့်ကြဲခြင်းသည် မယဉ်ကျေးသေးသော သူသည် လည်း ယဉ်ကျေး၏၊ အလုံးစုံသော အမှုမျိုးကိုလည်း ပြီးစေ တတ်၏၊မညွတ်သေးသောသူတို့သည်လည်း ညွတ်ကုန်၏၊ ညွတ်ပြီး သော သူတို့သည်လည်း အတိုင်းထက်အလွန် ညွတ်ကုန်၏ဟု ပြတော်မူလိုသော မြတ်စွာဘုရားသည်—

အဒန္တံ ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိစ။

ဟူ၍ဟောတော်မူ၏။

**အနက်ကား**— ဒါနံ၊ ပေးကမ်းခြင်းသည်။ အဒန္တဒမနံ၊ မယဉ် ကျေးသောသူသည်လည်း ယဉ်ကျေး၏။ ဒါနံ၊ ပေးကမ်းခြင်း သည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံသောအမှုမျိုးကိုလည်း ပြီးစေ တတ်၏။ ဒါနေနစ၊ ပေးကမ်းခြင်းဖြင့်ရှင်း။ ပိယဝါစာယစ၊

ချစ်ဖွယ်သောစကားကိုဆိုသဖြင့်ရင်း။ ဥန္နမန္တိ၊ မညွတ်သေးသော သူတို့သည်လည်း ညွတ်ကုန်၏။ နမန္တိစ၊ ညွတ်ပြီးသောသူတို့သည် သည်း အတိုင်းထက်အလွန် ညွတ်ကုန်၏။

## ရန်အောင်ကြောင်းတရား ၄-ပါး

သစ္စ, ဓမ္မ, ဝီရိယ, စာဂ-ဤတရားလေးပါးသည် ရန်အောင်ခြင်း၏ အကြောင်းဟု ဝါနရိန္ဒဇာတ်၌လာ၏၊ ထိုလေးပါးတို့တွင်-

၁။ မှန်သောစကားသည် သစ္စမည်၏။

၂။ ပညာအဆင်အခြင်သည် ဓမ္မမည်၏။

၃။ လုံ့လအားထုတ်ခြင်းသည် ဝီရိယမည်၏။

၄။ အသက်ကိုစွန့်ခြင်းသည် စာဂမည်၏။

လွန်လေပြီးသောအခါ ငါတို့ဘုရားအလောင်း မျောက်မင်းသည် မြစ်ငယ်တဖက်၌ သရက်ဥယျာဉ်တော ရှိသည်၊ မြစ်ငယ်အလယ်၌လည်း ကျောက်ဆောင်တခုရှိသည်၊ မြစ်ငယ်ကမ်းနား၌ ရပ်၍ခုန်လျှင် အလယ်ကျောက်ဆောင်၌ ခြေတချောင်းထောက်၍ ကမ်းတဖက်သို့ ခုန်မြောက်၍ သရက်ဥယျာဉ်တော၌ ကျက်စားလေ၏၊ ထိုမြစ်၌ မိကျောင်းလင်မယားသည် မပြတ်ကျက်စား၏၊ တရံရောအခါ မိကျောင်းမက ဤမျောက်အသည်းအအူကို စားလိုသည်ဟုဆို၏၊ မိကျောင်းထီးကလည်း အဘယ်မှာ ဤမျောက်ကို ဖမ်း၍ရနိုင်အံ့နည်းဟု ဆို၏၊ မိကျောင်းမလည်း ပရိယာယ်မာယာဖြင့် ဤမျောက်၏အသည်းအအူကို မစားရလျှင် သေရတော့မည်ဟု ဆို၏၊ မိကျောင်းထီးလည်း မျောက်ကိုဖမ်းအံ့သော ငှာ မြစ်လယ်ကျောက်ဆောင်၏ အထက်၌ဝပ်၍နေလေ၏။

မျောက်မင်းလည်း ကမ်းနားဌရပ်လျက်ကြည့်သော် ကျောက်ဆောင်ကြီးမြင့်နေသည်ကိုမြင်၍ ရေလျော့သည် မလျော့သည်ကို စုံစမ်းသော် ရေလည်းမလျော့၊ အကြောင်းရှိချေ၏ဟု ဥပါယ်တမျဉ်ဌ လိမ္မာတော်မူသော မျောက်မင်းသည် အို–ကျောက်ဆောင်..., အို–ကျောက်ဆောင်....ဟု သုံးကြိမ်ခေါ်ပြီးလျှင် ဟယ်–ကျောက်ဆောင်.... နေ့တိုင်းမူကား တခွန်းတည်းနှင့်ပင် ထူးသည်၊ယနေ့မူကား သုံးခွန်းတိုင်အောင်ခေါ်၍အဘယ်ကြောင့် မထူးသနည်းဟု ဆိုလျှင် မိကျောင်းကလည်း ကျောက်ဆောင် နေ့တိုင်း ထူးမြဲဟု ထင်မှတ်၍ ထူးယောင်ချေသည်၊ သင်အသူနည်းဟု မျောက်မင်းကမေးသော် ငါမိချောင်းဟုဆို၏၊ အဘယ့်ကြောင့် ဤကျောက်ဆောင်ဌ နေသနည်းဟုမေးသော် သင့်ကို ဖမ်းမည်ဟု နေသည်ဟုဆို၏၊ ငါ့ကိုဖမ်းလိုလျှင် ငါ့ဖက်သို့လှည့်၍ ပါးစပ်ကို ဟ၍နေ၊ သင့်ပါးစပ်ထဲသို့ ခုန်လာမည်ဟု ဆို၏၊ မိကျောင်းလည်း မျောက်မင်းဆိုတိုင်း နေလေ၏။

မိကျောင်းတို့သဘောသည် မျက်စိကနှာယှောင်ပေါ်မှာဖြစ်၍ ပါးစပ်ကိုဟ၍နေလျှင် မျက်စိကွယ်၍ မမြင်ပြီဟု နှလုံးပိုက်၍ မျောက်မင်းဤသို့ဆိုသတည်း၊ မျောက်မင်းလည်း မိကျောင်းနှာယောင်ပေါ်ဌ ခြေတချက်ထောက်၍ ကမ်းတဖက်သို့ ခုန်လေ၏၊ မိကျောင်းထီးလည်း မျောက်မင်းကို ဤသို့ချီးမွမ်းထောမနာ၏၊ အရှင်မျောက်မင်းသည် စကားလည်းမှန်သည်၊ ပညာလည်း ကြီးမြတ်သည်၊ လုံ့လဝီရိယလည်း ရှိသည်၊ အသက်ကိုလည်း စွန့်ဝံ့သည်၊ ဤလေးပါးသော ဓတရားနှင့် ပြည့်စုံသောကြောင့် ရန်ကိုအောင်လေ၏ဟု ချီးမွမ်းထောမနာပြု၏၊ စွန့်ကြဲပေးကမ်း

ခြင်းသည် အသက်ကိုပင်မစွန့်သော်လည်း ပစ္စည်းဥစ္စာကိုပင် စွန့်ကြဲသော်လည်း ရန်ကိုလည်းအောင်ရာ၏၊ အလုံးစုံသောအမှုမျိုးကိုလည်း ပြီးစေနိုင်၏၊ ထို့ကြောင့် "ဒါနံ သဗ္ဗတ္ထသာဓကံ" ဟူ၍ ဟောတော်မူလေသည်။

## စာဂါနုဿတိပွားများရကျိုး

ဤသို့လျှင် စာဂါနုဿတိကို ပွားစေခြင်း၌ အကျိုးအာနိသင်ကိုကား ဤသို့သောနည်းဖြင့် သိအပ်၏။

ဣမဉ္စ ပန စာဂါနုဿတိံ အနုယုတ္တော
ဘိက္ခု ဘိယျောသော မတ္တာယ စာဂါ—
ဓိမုတ္တော ဟောတိ၊ အလောဘဇ္ဈာသယော၊
မေတ္တာယ အနုလောမကာရီ၊ ဝိသာရဒေါ၊
ပီတိပါမောဇ္ဇ ဗဟုလော၊ ဥတ္တရိအပ္ပဋိဝိဇ္ဈန္တော
ပန သုဂတိ ပရာယနော ဟောတိ။

(ဝိသုဒ္ဓိမဂ်၌လာ၏။)

**အနက်ကား**–ဣမဉ္စစာဂါနုဿတိံ၊ဤစာဂါနုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ လုံ့လပြုသော။ ဘိက္ခု၊ သံသရာဘေးကိုရှုလေ့ရှိသော မိန်းမ,ယောကျ်ားသည်။ဘိယျောသောမတ္တာယ၊အတိုင်းထက်အလွန်။ စာဂါဓိမုတ္တော၊ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း၌ ညွတ်သောစိတ်ရှိသည်။ ဟောတိ၊ဖြစ်၏။အလောဘဇ္ဈာသယော၊ အလောဘဇ္ဈာသယသည်။ ဟောတိ၊ ဖြစ်၏။မေတ္တာယ၊ မေတ္တာအား။ အနုလောမကာရီ၊ လျော်သောအမှုကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ဝိသာရဒေါ၊ပရိသတ်လယ်၌ရဲရင့်သည်။ဟောတိ၊

ဖြစ်၏။ ပီတိပါမောဇ္ဇဗဟုလော၊ နှစ်သက်သောစိတ်, ဝမ်းမြောက်သော စိတ်များသည်။ ဟောတိ၊ ဖြစ်၏။ ဥတ္တရိ၊ မြတ်သောမဂ်,ဖိုလ်ကို။ အပ္ပတ္တမာနသော ပန၊ မရသေးသော်လည်း။ အပါယံ၊ အပါယ်လေးပါးသို့။ အနုဂစ္ဆန္တော၊ မလားရမူ၍။ သုဂတိပရာယနော၊ သုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

စာဂါနုဿတိပုဒ်၏ အနက်,အဓိပ္ပါယ်အကျဉ်းကား ပြီး၏။

# ၆-ဒေဝတာနုဿတိ

ဒေဝတာနုဿတိကို ပွားစေလိုသော သူတော်ကောင်းတို့သည် ဤသို့သောနည်းဖြင့် ပွားစေအပ်ကုန်၏။

ဒေဝတာနုဿတိံ ဘာဝေတုကာမေန ပန
အရိယမဂ္ဂဝသေန သမုဒါဂတေဟိ သဒ္ဓါဒီဟိ
ဂုဏေဟိ သမန္နာဂတေန ဘဝိတဗ္ဗံ။
အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာ၏။

**အနက်ကား**-ဒေဝတာမနုဿတိံ၊ ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို။ ဘာဝေတုကာမေန ပန၊ ပွားစေလိုသော သူတော်ကောင်းသည်ကား။ အရိယမဂ္ဂဝသေန၊ အရိယမဂ်၏ အစွမ်းအားဖြင့်။ သမုဒါဂတေဟိ၊ ဖြစ်ကုန်သော။ သဒ္ဓါဒီဟိ၊ သဒ္ဓါအစရှိကုန်

၆။ ဒေဝတာနုဿတိ- နတ်တို့၏ဂုဏ်ကိုအဖန်တလဲလဲ အောက်မေ့ခြင်း။

သော။ဂုဏောဟိ၊သီလအစရှိသောကျေးဇူးတို့နှင့်။ သမန္နာဂတောနှ၊ ပြည့်စုံသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

**အစိပ္ပါယ်ကား**—ဒေဝတာနုဿတိကို ပွားစေလိုသော သူတော်ကောင်းသည် အရိယမဂ်ဉာဏ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ-ဤတရားငါးပါးတို့နှင့် ပြည့်စုံစွာ မိမိကိုယ်ကိုဖြစ်စေရာ၏၊ အဘယ်သို့လျှင် ဤတရားငါးပါးတို့နှင့် ပြည့်စုံစွာ မိမိကိုယ်ကို ဖြစ်စေရာသနည်း ဟူမူကား—

၁။ သဒ္ဓါဟူသည်ကား—ရတနာ သုံးပါးတို့၌ မရက်မစက် မြတ်နိုးယုံကြည်ခြင်း, ကုသိုလ်ကံသည်ကား ကောင်းသော ဣဋ္ဌာရုံအကျိုးကိုသာ ပေး၏ဟူ၍ ယုံကြည်ခြင်း, အကုသိုလ်ကံသည်ကား မကောင်းသော အနိဋ္ဌာရုံအကျိုးကိုသာ ပေးတတ်၏ဟု ယုံကြည်ခြင်း, ခပ်သိမ်းသော သတ္တဝါတို့ကို ကံသာစီရင်၏ဟု ယုံကြည်ခြင်း, ပစ္စုပ္ပန်လောက—တမလွန်လောကကို ယုံကြည်ခြင်းသည် သဒ္ဓါတရားနှင့်ပြည့်စုံသည်မည်၏။

၂။ သီလဟူသည်ကား—သီလာနုဿတိ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ငါးပါးသောသီလ, ရှစ်ပါးသောသီလ, ဆယ်ပါးသော သီလ, စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းသည် သီလနှင့်ပြည့်စုံသည်မည်၏။

၃။ သုတဟူသည်ကား—ပိဋကတ်သုံးပုံ တည်းဟူသော တရားတော်ကို သင်ကြားမှတ်သား လေ့လာခြင်းသည် သုတနှင့် ပြည့်စုံသည်မည်၏။

၄။ စာဂဟူသည်ကား—စာဂါနုဿတိ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် လှူဒါန်းပေကမ်း စွန့်ကြဲခြင်း ရှိသောသူသည် စာဂနှင့်ပြည့်စုံသည်မည်၏။

၅။ ပညာဟူသည်ကား—ပစ္စုပ္ပန်လောက, တမလွန်လောက နှစ်ပါးကို နိုင်းယှဉ်ဆင်ခြင်ရာ၏၊ အဘယ်သို့နိုင်းယှဉ်ဆင်ခြင်ရာသနည်းဟူမူကား— ဤယခုပစ္စုပ္ပန်ဘဝ၌ စုံမိကြသော သား–မြေး–ကျေးကျွန်–နွား– ကျွဲ–ဆင်– မြင်း– ရွှေ–ငွေ–အဝတ် ပုဆိုး–အစရှိသော အလုံးစုံသည်ကား ခန္ဓာကိုယ်ပျက် သဖြင့် ဖရိုဖရဲ အကွဲကွဲသာ ဖြစ်လတ္တံ့သည်တကား၊အရပ်လေးမျက်နှာမှလာ၍ ခရီးဆုံသစ်ပင်ရိပ်၌ စုံမိကြသကဲ့သို့သာ တကား ဟူ၍ ပစ္စုပ္ပန်ဘဝ၌ မိမိ၏သား–မြေး–ကျေးကျွန်– နွား– ကျွဲ– ဆင်– မြင်း– ရွှေ-ငွေ-အဝတ်ပုဆိုး– အစရှိသော အလုံးစုံကို နိုင်းယှဉ်ဆင်ခြင်ရာ၏။

ဤဘဝကစ၍တေလျှင် သုဂတိဘဝကိုသာ ရပါမူကား ကောင်းပါ၏၊ အပါယ်လေးပါးတို့တွင်တပါးပါးသို့လားခဲ့သော်ကား အဆုံးမရှိသော သက်သာရာကို မရသော သည်းခံနိုင်ခဲသော ဆင်းရဲကိုတွေ့ရချေ၏ဟူ၍ တမလွန်ဘဝ၌ဖြစ်သော ချမ်းသာဆင်းရဲကိုနိုင်းယှဉ်ဆင်ခြင်ရာ၏။

ဤသို့ ပစ္စုပ္ပန်လောက, တမလွန်လောကနှစ်ပါးကို နိုင်းယှဉ်ဆင်ခြင်ခြင်းသည်ပညာနှင့်ပြည့်စုံသည်မည်၏။

ဤသို့လျှင် သဒ္ဓါ,သီလ, သုတ,စာဂ,ပညာ–ဤတရားငါးပါးနှင့်မိမိကိုယ်ကိုပြည့်စုံစွာဖြစ်စေပြီးသော် နတ်ပြည်ခြောက်ထပ်

ဗြဟ္မာပြည်၌ ဖြစ်ကုန်သော နတ်, ဗြဟ္မာ အပေါင်းတို့သည်လည်း ဤလူ့ပြည်၌ဖြစ်သောအခါ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ-ဤ ငါးပါးသော ကျေးဇူးတရားတို့နှင့် ပြည့်စုံကုန်သောကြောင့်သာလျှင် ဤလူ့ပြည်မှစုတေကုန်သော် နတ်ပြည်ခြောက်ထပ်, ဗြဟ္မာပြည်၌ဖြစ်ကုန်၏၊ ငါသည်လည်း ဤနတ်ဗြဟ္မာတို့ကဲ့သို့ နတ်ပြည်, ဗြဟ္မာပြည်၌ဖြစ်စေတတ်သော ငါးပါးသော ကျေးဇူးတရားနှင့် ပြည့်စုံ၏ဟူ၍ နတ်, ဗြဟ္မာတို့၏ဂုဏ်နှင့်တူသော မိမိဂုဏ်ကိုအာရုံပြု၍ အကြိမ်များစွာ အဖန်ဖန်တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းသည် ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို ပွားစေသည်မည်၏။

ဤသို့ ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို ပွားစေခြင်း၌ အကျိုးအာနိသင်တို့ကိုကား ဤသို့သောနည်းဖြင့် သိအပ်၏။

ဣမဉ္စ ပန ဒေဝတာနုဿတိံ အနုယုတ္တော
ဘိက္ခု ဒေဝတာနံ ပိယော ဟောတိ မနာပေါ၊
ဘိယျောသော မတ္တာယသဒ္ဓါဒိဝေပုလ္လံ မဓိဂစ္ဆ-
တိ။ ပီတိ ပါမောဇ္ဇဗဟုလော ဝိဟရတိ၊ ဥတ္တရိ
အပ္ပဋိဝိဇ္ဈန္တော ပန သုဂတိ ပရာယနော ဟောတိ။
(ဝိသုဒ္ဓိမဂ်၌လာ၏။)

**အနက်ကား**—ဣမဉ္စပနဒေဝတာနုဿတိံ၊ဤဒေဝတာနုဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ လုံ့လပြုသော။ ဘိက္ခု၊ သံသရာဘေးကိုရှုလေ့ရှိသော ယောကျာ်းမိန်းမကို။ ဝါ၊ သည်။ ဒေဝတာနံ၊ နတ်,ဗြဟ္မာတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ မနာပေါ၊ နှစ်သက်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိယျောသောမတ္တာယ၊ အတိုင်းထက်အလွန်။ သဒ္ဓါဒိဝေပုလ္လံ၊

သဒ္ဒါတရားနှင့်ပြန့်ပြောခြင်းသို့။ အဓိဂစ္ဆတိ၊ ရောက်၏။ ပီတိပါမောဇ္ဇဗဟုလော၊ နှစ်သက်သောစိတ်,ဝမ်းမြောက်သော စိတ်များသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ဥတ္တရိံ၊ မြတ်သောမဂ်,ဖိုလ်ကို။ အပ္ပတ္တိဝိဇ္ဈန္တောပန၊ မရသေးသော်လည်း။ အပါယံ၊ အပါယ်လေးပါးသို့။ အနုဂစ္ဆန္တော၊ မလားမူ၍။ သုဂတိပရာယနော၊ သုဂတိဘဝသို့လားရသည်။ ဟောတိ၊ ဖြစ်၏။

ဒေဝတာနုဿတိပုဒ်၏ အနက်,အဓိပ္ပါယ်အကျဉ်းကား ပြီး၏။

**မှတ်ချက်။** ။ဗုဒ္ဓါနုဿတိကစ၍ ဤခြောက်ပါးသော အနုဿတိကမ္မဋ္ဌာန်းတို့ကိုကား အရိယာပုဂ္ဂိုလ်တို့သည်သာလျှင် ပြည့်စုံစွာပွားစေနိုင်ကုန်၏၊ ပုထုဇဉ်တို့သည်ကား ပြည့်စုံစွာပွားစေခြင်းငှာ မစွမ်းနိုင်ကုန်၊ အဘယ့်ကြောင့်နည်း ဟူမူကား—နက်နဲလှသောကြောင့်တည်း၊ ထိုသို့ပင်ဖြစ်ငြား သော်လည်း သဒ္ဒါတရားပွားများစေခြင်းငှာ ဝါသနာဘာဂိယကျိုးငှာ သုဂတိဝဘသို့ လားရခြင်းအကျိုးငှာ ပုထုဇဉ်တို့သည်လည်း ပွားစေအပ်ကုန်၏။

# ၇-ဥပသမာနုဿတိ

ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေလိုသော သူတော်ကောင်းတို့သည် ဤသို့သောနည်းဖြင့် ပွားစေအပ်ကုန်၏။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာဝါ
အသင်္ခတာဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂ
မက္ခာယတိ။ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိန-
ယော အာလယသမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ
တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ၊
ဧဝံ သဗ္ဗဒုက္ခူ- ပသမသင်္ခါတဿ နိဗ္ဗာနဿ
ဂုဏာ အနုဿရိတဗ္ဗာ။

(ဝိသုဒ္ဓိမဂ်ဋ္ဌကထာ၏။)

ဘိက္ခဝေ၊ရဟန်းတို့။ယာဝတာ၊အကြင်မျှလောက်ကုန်သော။ သင်္ခတာ၊အကြောင်းတရားတို့သည်ပြုပြင်အပ်ကုန်သော။ ဓမ္မာဝါ၊ သတ္တလောကအစရှိကုန်သော တရားတို့သည်ဒင်း။ အသင်္ခတာ၊ အကြောင်းတရားတို့သည် မပြုပြင်အပ် ကုန်သော။ ဓမ္မာဝါ၊ ဟိမဝန်, မြင့်မိုရ်, စကြဝဠာ, မဟာပထဝီ, သစ်ပင်, တော, တောင်အစရှိသောအသင်္ခတတရားတို့သည်ဒင်း။အတ္ထိ-သန္တိ၊ရှိကုန်၏။ တေသံဓမ္မာနံ၊ ထိုသင်္ခတ,အသင်္ခတ တရားတို့တွင်။ ဝိရာဂေါ၊ ဝိရာဂဟု ဆိုအပ်သော နိဗ္ဗာန်ကို။ အဂ္ဂံ-အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

---

၇။ ဥပသမာနုဿတိ- ကိလေသာငြိမ်းသည်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

ယဒိဒံ–ယောမဒနိမ္မဒနော၊ အကြင်ငါဟူ၍ မာန်ယစ်ခြင်း, ငါယောကျ်ားဟူ၍ မာန်ယစ်ခြင်း၏ ကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ–သောမဒနိမ္မဒနော၊ ထိုငါဟူ၍ မာန်ယစ်ခြင်း, ငါယောကျ်ားဟူ၍ မာန်ယစ်ခြင်း၏ ကင်းရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ–အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ယဒိဒံ–ယောပိပါသဝိနယော၊ အကြင်တဏှာတည်းဟူသော မွတ်သိပ်ခြင်း၏ ပျောက်ရာဖြစ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ–သောပိပါသဝိနယော၊ ထိုတဏှာတည်းဟူသော မွတ်သိပ်ခြင်း၏ ပျောက်ရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ–အဂ္ဂေါ၊ မြတ်၏၊ ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ယဒိဒံ-ယောအာလယသမုဂ္ဃါတော၊ အကြင်လိုချင်ခြင်း မက်မောခြင်းတည်းဟူသော အာလယ၏ အကြွင်းမဲ့ပြတ်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ–သောအာလယသမုဂ္ဃါတော၊ ထိုလိုချင်ခြင်း မက်မောခြင်းတည်းဟူသော အာလယ၏အကြွင်းမဲ့ပြတ်ရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ–အဂ္ဂေါ၊ မြတ်၏ဟူ၏။ အက္ခာ–ယတိ၊ ဆိုအပ်၏။

ယဒိဒံ-ယောဝဋ္ဋုပစ္ဆေဒေါ၊ အကြင် ဝဋ္ဋဒုက္ခ၏ ပြတ်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ–သောဝဋ္ဋုပစ္ဆေဒေါ၊ ထိုဝဋ္ဋဒုက္ခ၏ ပြတ်ရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ–အဂ္ဂေါ၊ မြတ်၏ ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ယဒိဒံ-ယောတဏှာက္ခယော၊ အကြင်တဏှာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ-သောတဏှာက္ခယော၊ ထိုတဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ အဂ္ဂံ-အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ယဒိဒံ-ယောဝိရာဂေါ၊ အကြင်တပ်ခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ—သောဝိရာဂေါ၊ ထိုတပ်ခြင်း ကင်းရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ—အဂ္ဂေါ၊ မြတ်၏ဟူ၍။အက္ခာ-ယတိ၊ ဆိုအပ်၏။

ယဒိဒံ—ယောနိရောဓော၊ အကြင် သင်္ခါရတရားတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ—သောနိရောဓော၊ ထိုသင်္ခါရတရားတို့၏ ချုပ်ရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ—အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ယဒိဒံ—ယံနိဗ္ဗာနံ၊ အကြင်တဏှာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ—တံနိဗ္ဗာနံ၊ ထိုတဏှာမှထွက်မြောက်ရာဖြစ်သောနိဗ္ဗာန်ကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

ဣတိဝေ၊ ဤသို့။ သဗ္ဗဒုက္ခူပသမသင်္ခါတဿ၊ ခပ်သိမ်းသော ဒုက္ခ၏ငြိမ်းရာဟုဆိုအပ်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ ဂုဏာ၊ ဂုဏ်တို့ကို။ အနုဿရိတဗ္ဗာ၊ အဖန်တလဲလဲ အောက်မေ့အပ်ကုန်၏။ (ဝိသုဒ္ဓိမဂ်၏အနက်)

**တနည်းကား**– တေံသန္တံ တေံပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရ–
သမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှက္ခယော
နိရောဓော နိဗ္ဗာနံ။

(ဤကား ဥပသမာနုဿတိကိုပွားစေရာသောနည်းအား
ဖြင့် လာသောပါဠိတည်း၊ ဂိရိမာနန္ဒသုတ်၌လာ၏။)

**အနက်ကား**– ယဒိဒံ–ယောသဗ္ဗသင်္ခါရသမထော၊ အကြင်အလုံးစုံသော ခန္ဓာငါးပါးတည်းဟူသော သင်္ခါရ တရားတို့၏ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ယဒိဒံ–ယောသဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အကြင်အလုံးစုံသော ခန္ဓာငါးပါးတည်းဟူသော ဥပဓိတရား၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်၊ အတ္ထိ၊ ရှိ၏။ ယဒိဒံ–ယောတဏှက္ခယော၊ အကြင်တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ယဒိဒံ–ယောနိရောဓော၊ အကြင် ဝဋ္ဋဒုက္ခအပေါင်း၏ ချုပ်ရာဖြစ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ယဒိဒံ–ယံနိဗ္ဗာနံ၊ အကြင် တဏှာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တေံ–နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်းချမ်း၏။ တေံ–နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ ပဏီတံ၊ မြတ်၏။

ဤသို့လျှင် နိဗ္ဗာန်၏ဂုဏ်ကို အာရုံပြု၍ ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကို ပွားစေအပ်ကုန်၏။

## နိဗ္ဗာန်၏ အတ္ထုပ္ပတ္တိ ဥပမာစကားများ

ဤအရာ၌ နိဗ္ဗာန်၏ အတ္ထုပ္ပတ္တိ ဥပမာစကားကို မိလိန္ဒပဉှာ ကျမ်း၌ လာသောနည်းဖြင့် ဆိုအပ်၏။ ။အရှင်နာဂသိန်ကို မိလိန္ဒမင်းကြီး ဤသို့မေး၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ဤလောက၌ ကံကြောင့်ဖြစ်သော အရာလည်း ထင်၏၊ အကြောင်းကြောင့်ဖြစ်သော အရာလည်း ထင်၏၊ ရာသီကြောင့် ဖြစ်သောအရာလည်း ထင်၏၊ ဤသုံးပါးသောအကြောင်းကြောင့် မဖြစ်သော အရာလည်း ရှိဦးမည်လော၊ ဤသို့မေး၏။

**အရှင်နာဂသိန်။** ။ကောင်းကင်တပါး၊ နိဗ္ဗာန်တပါး၊ ဤနှစ်ပါးကား ကံကြောင့်လည်းမဖြစ်၊အကြောင်းကြောင့်လည်း မဖြစ်၊ ရာသီကြောင့် လည်းမဖြစ်၊ တစုံတခုသော အကြောင်းကြောင့်လည်းမဖြစ်၊ ဤသို့ရှင်နာဂသိန် ဖြေ၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ဘုရား သခင်သည် အရာမကသော အကြောင်းတို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုစိမ့်သောငှာ အကြောင်းကို ဟောတော်မူပါလျက် နိဗ္ဗာန်သည် တစုံတခုသော အကြောင်းကြောင့် မဖြစ်ဟူ၍ အရှင်နာဂသိန်ဆို၏တကားဟု မိလိန္ဒမင်းကြီးဆို၏။

**အရှင်နာဂသိန်။** ။မင်းကြီး....ဘုရားသခင်သည် အရာမကသော အကြောင်းတို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုစိမ့်သောငှာ အကြောင်းကိုဟောတော်မူပေ၏၊ နိဗ္ဗာန်၏ဖြစ်ခြင်း၏ အကြောင်းကိုကား ဟောတော်မူသည် မရှိဟု အရှင်နာဂသိန် ဆို၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်….ဤအရာ၌ အကျွန်ုပ်ကား တွေဝေ၏၊ မသိနိုင်၊ စင်စစ်ကား အကယ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၏ အကြောင်း ရှိသော်ကား နိဗ္ဗာန်၏ ဖြစ်ခြင်းအကြောင်း ရှိရာ၏၊ အရှင်နာဂသိန်….ဥပမာသော်ကား အကြင်သား၏ အဖသည်ရှိသော် ထိုအဖ၏ အဖကိုလည်း အလိုရှိအပ်သကဲ့သို့၊ အကြင် တပည့်၏ ဆရာသည်ရှိသော် ထိုဆရာ၏ဆရာ ကိုလည်း အလိုရှိအပ်သကဲ့သို့၊ အကြင် သစ် ပင်နွယ်တို့၏ အဖျားသည်ရှိသော် ထိုသစ်ပင် နွယ်တို့ အလယ်ရှိသကဲ့သို့ နိဗ္ဗာန်ကိုမျက် မှောက်ပြုခြင်း၏ အကြောင်း ရှိသော်ကား နိဗ္ဗာန် ဖြစ်ခြင်း၏ အကြောင်းသည်လည်း ရှိကောင်းပါ၏ တကားဟု မိလိန္ဒမင်းကြီး ဆို၏။

**အရှင်နာဂသိန်။** ။မင်းကြီး….နိဗ္ဗာန်သည်ဖြစ်ခြင်းကင်းသည်ဖြစ် သောကြောင့် နိဗ္ဗာန်ဖြစ်ခြင်း၏အကြောင်း ကား မရှိဟု အရှင်နာဂသိန် ဆိုတော်မူ၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်…ဤစကားကို အကြောင်း ဥပမာဆောင်၍ အကျွန်ုပ်အား သိပါစေ လော့ဟု လျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး…. ထိုသို့တပြီးကား ရိုသေစွာနာ လော့၊ အကြောင်းဥပမာဖြင့် ငါဆိုပေအံ့၊

မင်းကြီး....အကြင်ယောကျ်ားသည်ကြပတွေ့သောမိမိ၏အစွမ်းအားဖြင့်ဟိမဝန္တာတောသို့ သွားသော် ရောက်နိုင်ပါအံ့လော။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ရောက်နိုင်ရာ၏။

**အရှင်နာဂသိန်။** ။မင်းကြီး.... ထိုယောကျ်ားသည် ကြပတွေ့သောမိမိ၏ အစွမ်းအားဖြင့် ဟိမဝန္တာတောကို ဤအရပ်သို့ဆောင်နိုင်ပါအံ့လော။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....မဆောင်နိုင်ရာဟုလျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး....ဤအတူလည်းကောင်း နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၏ အကြောင်းကိုကား အစိမ္မေယျ ဟောတော်မူသောကြောင့် မင်းကြီးအား ငါကြားနိုင်၏၊ နိဗ္ဗာန်ကား အကြောင်းကြောင့်မဖြစ်သောကြောင့်နိဗ္ဗာန်၏ အကြောင်းကိုကား မင်းကြီးအား ငါမကြားနိုင်ချေ၊ မင်းကြီး.... ဥပမာတနည်းသော်ကား မင်းကြီး....အကြင် ယောကျ်ားသည် ကြပတွေ့သော မိမိ၏အစွမ်းအားဖြင့် သမုဒ္ဒရာကိုလှေဖြင့်ကူးလေ၍ ကမ်းတဖက်သို့ ရောက်နိုင်ရာအံ့လော။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ရောက်နိုင်ရာ၏။

အရှင်နာဂသိန်။ ။မင်းကြီး....ထိုယောကျာ်းကြီးသည် ကြပတော့သောမိမိ၏အစွမ်းအားဖြင့် သမုဒ္ဒရာ၏ကမ်းတဖက်ကို ဤအရပ်သို့ဆောင်နိုင်ရာအံ့လော။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်....မဆောင်နိုင်ရာ။

အရှင်နာဂသိန်။ ။မင်းကြီး....ဤအတူလည်းကောင်း နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်း၏ အကြောင်းကိုကား အစိမ္တေယျဟောတော်မူသောကြောင့် မင်းကြီးအား ငါကြားနိုင်၏၊ နိဗ္ဗာန်ကား အကြောင်းကြောင့် မဖြစ် သောကြောင့် နိဗ္ဗာန်၏အကြောင်းကိုကား မင်းကြီးအား ငါမကြားနိုင်ချေ။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်.... နိဗ္ဗာန်ကို တစုံတခုသော အကြောင်းသည် မပြုအပ်သလော။

အရှင်နာဂသိန်။ ။မင်းကြီး.... နိဗ္ဗာန်ကို တစုံ တခုသော အကြောင်းသည်မပြုအပ်၊ မင်းကြီး....နိဗ္ဗာန်ကို ဖြစ်ဆဲဟူ၍လည်း မဆိုအပ်၊ ဖြစ်လတ္တံ့ဟူ၍လည်း မဆိုအပ်၊ ဖြစ်ပြီးဟူ၍လည်းမဆိုအပ်၊ အတိတ်ကာလ ဟူ၍လည်း မဆိုအပ်၊ အနာဂတ် ကာလ ဟူ၍လည်း မဆိုအပ်၊ ပစ္စုပ္ပန် ကာလဟူ၍လည်း မဆိုအပ်၊ မျက်စိဖြင့်လည်း မမြင်အပ်၊ နားဖြင့်လည်းမကြားအပ်၊နှာခေါင်းဖြင့်လည်း မနမ်းအပ်၊လျှာဖြင့်လည်းမလျက်အပ်၊ကိုယ်ဖြင့်လည်းမတွေ့အပ်၊

နုလုံးဖြင့်လည်းမသိအပ် ဟု အရှင်နာဂသိန် ဆို၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်.... သို့ဖြစ်ခဲ့သော် နိဗ္ဗာန် မရှိသည် ဖြစ်ခဲ့၏တကား။

**အရှင်နာဂသိန်။** ။မင်းကြီး .... နိဗ္ဗာန်ကား မရှိ သည်လည်း မဟုတ်၊ နိဗ္ဗာန်ကား ရှိသောတရားပင်တည်း၊ မင်းကြီး....နိဗ္ဗာန်ကိုကား မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် သာ မြင်နိုင်သတည်း၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြင့်သာ သိနိုင်သတည်း။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန် .... အကြောင်း ဥပမာဖြင့် အကျွန်ုပ်အား ပြပါလော့၊ အကျွန်ုပ်အား သိပါစေလော့ဟု လျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး....အကြောင်းဥပမာဖြင့် သိစေအံ့၊ ရှိသေစွာနာလော့၊ မင်းကြီး....လေသည်ရှိ၏လော။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....လေသည်ရှိ၏။

**အရှင်နာဂသိန်။** ။မင်းကြီး.... ထိုလေကို ငါ့အားပြဘိလော့၊ ထိုလေကား သရုပ်သဏ္ဌာန်ဖြင့်ငယ်သလော, ကြီး သလော, ရှည်သော သဏ္ဌာန်ရှိသလော, တိုသောသဏ္ဌာန်ရှိသလောဟု အရှင်နာဂသိန် ဆို၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်….လေကိုအကျွန်ုပ်ပြအံ့သော ငှာ မတတ်နိုင်ချေ၊ လေကို လက်ဖြင့်လည်း မယူကောင်း၊ ခြေဖြင့်လည်း မနင်းကောင်း သည် ဖြစ်၏ဟု မိလိန္ဒမင်းကြီးဆို၏။

**အရှင်နာဂသိန်။** ။မင်းကြီး…. ထိုသို့တပြီးကား လေသည်မရှိ သလော။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်…. လေသည်ရှိ၏ ဟူ၍ကား အကျွန်ုပ်သိ၏၊ ထိုလေကို သရုပ်သဏ္ဌာန် ဖြင့် ပြအံ့သောငှာကား အကျွန်ုပ်မတတ်နိုင် ချေဟုလျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး…. ထို့အတူရှင်း နိဗ္ဗာန်သည်ကား ရှိ၏၊ နိဗ္ဗာန်၏ အဆင်းသဏ္ဌာန် ကိုကား ပြအံ့သောငှာမတတ်နိုင်ရာဟု အရှင်နာဂသိန် မိန့်တော်မူ၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်….ကောင်း၏၊ အရှင်နာဂသိန် ဆိုတိုင်း အကျွန်ုပ်ဝန်ခံ၏ဟု လျှောက်လေ၏၊ အရှင် နာဂသိန် …. အဘယ် သည်လျှင် ကံကြောင့် ဖြစ်သနည်း၊ အဘယ်သည်လျှင် အကြောင်းကြောင့် ဖြစ်သနည်း၊ အဘယ် သည် လျှင် ရတုကြောင့် ဖြစ်သနည်းဟု လျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး....အသက်ရှိသော သတ္တဝါဟူသ
ရွေ့ကား ကံကြောင့်ဖြစ်၏၊မြေ–ရေ–လေ–
မီး–တော–တောင် တို့ကား အကြောင်း
ကြောင့်ဖြစ်ကုန်၏၊ မျိုးစေ့ဟူသရွေ့ကား ရ
တုကြောင့်ဖြစ်ကုန်၏၊ ကောင်းကင်,နိဗ္ဗာန်–
ဤနှစ်ပါးကား ကံကြောင့်လည်းမဖြစ်၊ အ
ကြောင်းကြောင့် လည်းမဖြစ်၊ ရတုကြောင့်
လည်းမဖြစ်ဟု အရှင်နာဂသိန်မိန့်တော်မူ၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်.... သိမ်မွေ့စွာသောပြဿနာ
ကို ဖြေပေ၏၊အရှင်ဆိုတိုင်း အကျွန်ုပ်ဝန်ခံ
၏ဟု လျှောက်၏၊အရှင်နာဂသိန်....နိဗ္ဗာန်ရှိ
၏ဟူ၍ အရှင်ဆို၏၊ ထိုရှိသောနိဗ္ဗာန်ကို အ
ဆင်းအားဖြင့်ဂုဏ်း, သဏ္ဌာန်အားဖြင့်ဂုဏ်း,အ
ရွယ်အားဖြင့်ဂုဏ်း, အတိုင်းအရှည် အားဖြင့်
ဂုဏ်း,အကြောင်းအားဖြင့်ဂုဏ်း,အထုအားဖြင့်
ဂုဏ်း ပြအံ့သောငှာ တတ်ကောင်းမည်လော–
ဤသို့မိလိန္ဒမင်းကြီးလျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး....နိဗ္ဗာန်ကား အဆင်း, သဏ္ဌာန်
အစရှိသည် မရှိသောကြောင့် နိဗ္ဗာန်၏
အဆင်း, သဏ္ဌာန်အစရှိသည်ကို ငါပြခြင်းငှာ
မတတ်နိုင်။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....အသို့ဆိုသနည်း၊ ရှိသော
နိဗ္ဗာန်ကို အဆင်း, သဏ္ဌာန်စသည်ဖြင့် မပြ

နိုင်ဟု ဆိုသော အရှင်ဘုရား စကားကို အကျွန်ုပ်ဝန်မခံသေး၊ အကြောင်းဥပမာဖြင့် အကျွန်ုပ်ကို သိပါစေလော့ဟု လျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး....ထိုသို့တပြီးကား အကြောင်းဥပမာအားဖြင့် မင်းကြီးကိုသိစေအံ့-ရှိသေစွာနာလော့၊ မင်းကြီး....မဟာသမုဒ္ဒရာမည်သည် ရှိ၏လော။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်...မဟာသမုဒ္ဒရာမည်သည်ရှိ၏။

**အရှင်နာဂသိန်။** ။မင်းကြီး....မဟာသမုဒ္ဒရာ၌ ရေအတိမ်အနက်ရှိသနည်း၊ မဟာသမုဒ္ဒရာ၌ အတိမ်သောသတ္တဝါတို့သည် နေကုန်သနည်းဟူ၍ မင်းကြီးကို တစုံတယောက်သောသူက မေးသော် မင်းကြီး အဘယ်သို့ဆိုမည်နည်း။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....အကျွန်ုပ်ကို ဤသို့မေးသော်ဟယ် ယောကျ်ား..နင်ငါ့ကိုဤသို့မမေးလင့်၊ဤသို့သောပြဿနာကို တစုံတယောက်သောသူသည် မမေးရာ၊ မဟာသမုဒ္ဒရာ၌ ရေအတိုင်းအရှည်ကိုဂဏန်း, မဟာသမုဒ္ဒရာ၌ နေသောသတ္တဝါ အတိုင်းအရှည်ကိုဂဏန်း မသိနိုင်ရာဟူ၍ ထိုမေးသောသူကို အကျွန်ုပ်ဆိုပေရာ၏။

**အရှင်နာဂသိန်။** ။မင်းကြီး.... မဟာသမုဒ္ဒရာရှိ၏ဟု မင်းကြီး ဆိုတုံလျက် အဘယ့်ကြောင့် ဤသို့ ဆိုတုံ

ဘိသနည်း၊ ရေတွက်၍လျှင် မဟာသမုဒ္ဒရာ၌ ရေကားဤမျှရှိ၏၊ ဤမျှသော သတ္တဝါတို့ သည်လျှင် မဟာ သမုဒ္ဒရာ၌ နေကုန်၏ဟု မင်းကြီးပြောပေရာ၏တကား။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ဤသို့သော အတိုင်းအရှည် ကို သိခြင်းငှာ မတတ်နိုင်ရာ၊ ဤသို့သော အတိုင်းအရှည်ကို ပြောပေသည်ကား အရာ မဟုတ်။

**အရှင်နာဂသိန်။** ။မင်းကြီး....ထင်ရှားရှိသော မဟာသမုဒ္ဒရာ၌ ရေအတိုင်းအရှည်ကိုရင်း, သတ္တဝါ အတိုင်း အရှည်ကိုရင်း မရေတွက်နိုင်သကဲ့သို့၊ထို့အတူ ထင်ရှားရှိသောနိဗ္ဗာန်ကို အဆင်း အားဖြင့် ရင်း, သဏ္ဌာန်အားဖြင့်ရင်း, အရွယ်အား ဖြင့်ရင်း, အတိုင်း အရှည် အားဖြင့်ရင်း, အကြောင်းအားဖြင့်ရင်း, အထုအားဖြင့်ရင်း ပြခြင်းငှာမတတ်နိုင်ရာ၊ မင်းကြီး....တန်ခိုး အာနုဘော် ကြီးသောသူသည်ကား မဟာ သမုဒ္ဒရာ၌ ရေအတိုင်းအရှည်ကိုရင်း, မဟာ သမုဒ္ဒရာ၌နေသော သတ္တဝါအတိုင်းအရှည် ကိုရင်း ရေတွက်သော်ကား ရေတွက်နိုင်လေ ရာ၏၊ နိဗ္ဗာန်၏အဆင်း, သဏ္ဌာန်အစရှိသည် ကိုကား မြင်ခြင်းငှာမတတ်နိုင်ရာ၊မင်းကြီး.... နိဗ္ဗာန်၏အဆင်း, သဏ္ဌာန် အစရှိသည်ကို

မပြနိုင်ရာသော ဤမှတပါးသောအကြောင်း ဥပမာကိုလည်း မင်းကြီး နာဦးလော့၊ မင်းကြီး.... ရုပ်မရှိသောဗြဟ္မာဟူသည် ရှိ၏လော။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်.... ရုပ်မရှိသောဗြဟ္မာဟူသည် ရှိ၏ဟူ၍ကြားဘူး၏။

အရှင်နာဂသိန်။ ။မင်းကြီး.... ထိုရုပ် မရှိသော ဗြဟ္မာတို့၏ အဆင်း, သဏ္ဌာန် အစရှိသည်ကို မင်းကြီး ပြနိုင်အံ့လော။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်....မပြနိုင်ရာ။

အရှင်နာဂသိန်။ ။မင်းကြီး....ထိုသို့ မပြနိုင်ခဲ့သော် ထိုရုပ် မရှိသောဗြဟ္မာတို့သည် မရှိကုန်သလော။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်....ထိုရုပ် မရှိသော ဗြဟ္မာတို့သည်ကား ရှိကုန်၏၊ ထိုဗြဟ္မာတို့၏အဆင်း, သဏ္ဌာန်စသည်ကိုကား မပြနိုင်ရာ။

အရှင်နာဂသိန်။ ။မင်းကြီး.... ထိုအတူဧင်းလျှင် နိဗ္ဗာန်ကား ရှိ၏၊ နိဗ္ဗာန်၏အဆင်း, သဏ္ဌာန်အစရှိသည်ကိုကား မပြနိုင်ရာ။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်....ကောင်း၏၊ အရှင်ဆိုတိုင်း လျှင် အကျွန်ုပ်ဝန်ခံ၏၊ အရှင် နာဂသိန်.... တပါး သော ကျေးဇူး သည် နိဗ္ဗာန် ၏ ကျေးဇူးဥဿဝင်သော တစိုးတစိသော ဥပမာ

ဖြင့်ပြကောင်းသော နိဗ္ဗာန်၏ကျေးဇူးသည် ရှိရာ၏လော။

အရှင်နာဂသိန်။ ။မင်းကြီး....သရုပ်ဖြင့်ကား မရှိ၊ ကျေးဇူးဖြင့် ဥပမာမျှ တည်းဖြင့်ကား ပြနိုင်ကောင်း၏။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်....ကောင်းစွ၊ တပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သော တစိုးတစိမျှကိုပြခြင်းငှာ အလိုရှိပါ၏၊ လျင်စွာပြဘိလော့။

အရှင်နာဂသိန်။ ။မင်းကြီး.... တပါးသော တစိုးတစိသော ကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်သော အခြင်းအရာကိုပြပေအံ့—နာဦးလော့၊ မင်းကြီး....ကြာပဒုမ္မာ၏ တပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်၏၊ ရေ၏ နှစ်ပါးသောကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်၏၊ ဆေး၏သုံးပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်၏၊ မဟာသမုဒ္ဒရာ၏ လေးပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ဝင်၏၊ ထမင်း၏ ငါးပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်၏၊ ကောင်းကင်၏ ဆယ်ပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်၏၊ ပတ္တမြားရတနာ၏သုံးပါးသောကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ဝင်၏၊ စန္ဒကူးနီ၏ နှစ်ပါး

သောကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်၏၊ထောပတ်ကြည်၏ သုံးပါးသောကျေးဇူး သည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်၏၊တောင်ထွဋ်၏ ငါးပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ဝင်၏။

၁။ မင်းကြီး....ကြာပဒုမ္မာ၏ တပါးသော ကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သနည်း ဟူမူကား– မင်းကြီး.... နာဦးလော့၊ ကြာပဒုမ္မာသည် ရေနှင့်လိမ်းကျံခြင်း မရှိသကဲ့သို့ နိဗ္ဗာန်သည်လည်း ခပ်သိမ်းသော ကိလေသာတို့ဖြင့် လိမ်းကျံခြင်းမရှိ၊ ဤသို့လျှင် ရေဖြင့်လိမ်းကျံခြင်းမရှိသော ကြာပဒုမ္မာ၏တပါးသောကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ ဝင်သတည်း။

၂။ ရေ၏ နှစ်ပါးသောကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သနည်း ဟူမူကား–ရေသည် ချမ်းအေးခြင်းသဘော ရှိသည်ဖြစ်၍ ပူပန်ခြင်းကို ဖျောက်တတ်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သည်လည်း ချမ်းမြေ့သောသဘောရှိသည်ဖြစ်၍ ကိလေသာ ပူပန်ခြင်းကို ဖျောက်ပေတတ်၏၊ ချမ်းအေးသော သဘောရှိသောရေသည် မွတ်သိပ်သော သတ္တဝါတို့အား မွတ်သိပ်ခြင်းကို ဖျောက်

ပေသကဲ့သို့၊ ထို့အတူ ချမ်းမြေ့သော သဘောရှိသော နိဗ္ဗာန်သည်လည်း တဏှာ ဟူသော မွတ်သိပ်ခြင်းကို ဖျောက်ပေတတ်၏၊ ဤသို့လျှင် ရေ၏နှစ်ပါးသောကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ဝင်သတည်း။

၃။ ဆေး၏ သုံးပါးသောကျေးဇူးသည် အဘယ် သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ဝင်သနည်း ဟူမူ ကား–အဆိပ်ဖြင့်နှိပ်စက်သောသတ္တဝါအား ဆေးသည်ကိုးကွယ်ရာဖြစ်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သည်လည်း ကိလေသာဟူသောအဆိပ် ဖြင့် နှိပ်စက်သောသတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်၏၊ ဆေးသည် အနာပျောက်ခြင်းကို ပြုတတ်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သည်လည်း ခပ်သိမ်းသော ဝဋ္ဋဆင်းရဲ တည်းဟူသော အနာပျောက်ခြင်းကို ပြုတတ်၏၊ ဆေးသည် အမြိုက်မည်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သည် လည်း အမြိုက်မည်၏၊ ဤသို့လျှင် သုံးပါး သောဆေး၏ကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး ၌ဝင်သတည်း။

၄။ မဟာသမုဒ္ဒရာ၏လေးပါးသောကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သ နည်းဟူမူကား– မဟာသမုဒ္ဒရာ၌ အကောင် ပုပ် မရှိသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်၌လည်း

ကိလေသာဟူသော အကောင်ပုပ်မရှိ၊ မဟာ
သမုဒ္ဒရာသည် အလွန်ကြီး၏၊ ကမ်းတဖက်
လည်း မထင်၊ ခပ်သိမ်းသော မြစ်တို့သည်
စီးဝင်သော်လည်းမပြည့်နိုင်သကဲ့သို့၊ထို့အတူ
နိဗ္ဗာန်သည်လည်း အလွန်ကြီး၏၊ ကမ်းတဖက်
လည်း မထင်၊ ခပ်သိမ်းသော သူတို့သည်
ဝင်လေသော်လည်း မပြည့်နိုင်၊ မဟာ
သမုဒ္ဒရာသည် စင်ကြယ်စွာ၏၊အညစ်အကြေး
မရှိ၊ အထူးထူးသောပန်းတို့နှင့် နှောသကဲ့သို့၊
ထို့အတူ နိဗ္ဗာန်သည်လည်း စင်ကြယ်စွာ
သော သဏ္ဍာန်ရှိ၏၊ အညစ်အကြေးမရှိ၊
သိတတ်သောပညာသခင်္ဂါရမှ လွတ်ခြင်းတည်း
ဟူသော ပန်းတို့ဖြင့် နှော၏၊ ဤသို့လျှင်
မဟာသမုဒ္ဒရာ၏ လေးပါးသော ကျေးဇူး
သည် နိဗ္ဗာန်၏ကျေးဇူး၌ဝင်သတည်း။

၅။ ထမင်း၏ငါးပါးသောကျေးဇူးသည် အဘယ်
သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သနည်းဟူမူ
ကား— ထမင်းသည် ခပ်သိမ်းသောသတ္တဝါ
တို့၏ အသက်ကိုလည်း ဖြစ်စေ၏၊ ခွန်အား
ကိုလည်း ပွားစေ၏၊ အဆင်းလှခြင်းကိုလည်း
ဖြစ်စေ၏၊ မွတ်သိပ်ခြင်းကိုလည်းငြိမ်းစေ၏၊
အားနည်းခြင်းကိုလည်း ပျောက်စေ၏၊ ထို့
အတူ နိဗ္ဗာန်သည်လည်း ခပ်သိမ်းသော

သတ္တဝါတို့၏ အသက်ကိုလည်းဆောင်တတ်၏၊ တန်ခိုးအားကိုလည်း ပွားစေ၏၊ သတင်းဟူသော အဆင်းလှခြင်းကိုလည်း ဖြစ်စေ၏၊ ခပ်သိမ်းသောကိလေသာကိုလည်းငြိမ်းစေ၏၊ ခပ်သိမ်းသော ဆင်းရဲခြင်း တည်းဟူသော အားနည်းခြင်းကိုလည်း ပျောက်ပေတတ်၏၊ ဤသို့လျှင် ထမင်း၏ ငါးပါးသောကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၅ဝင်သတည်း။

၆။ ကောင်းကင်၏ ဆယ်ပါးသောကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သနည်းဟူမူကား—ကောင်းကင်သည် ဖြစ်ခြင်းလည်းမရှိ၊ အိုခြင်းလည်းမရှိ၊ သေခြင်းလည်းမရှိ၊ ရွေ့ခြင်းလည်းမရှိ၊ ကိုယ်ထင်ဖြစ်ခြင်းလည်းမရှိ၊ သူတပါးတို့သည်လည်း အနိုင်အထက်မပြုနိုင်၊ ခိုးသူတို့လည်း မဆောင်နိုင်၊ တပါးကိုလည်းမမှီ၊ ငှက်တို့၏သွားရာလည်းဖြစ်၏၊အဆုံးလည်းမရှိ၊ထို့အတူ နိဗ္ဗာန်သည်လည်းဖြစ်ခြင်းလည်းမရှိ၊ အိုခြင်းလည်းမရှိ၊ သေခြင်းလည်းမရှိ၊ ရွေ့ခြင်းလည်းမရှိ၊ ကိုယ်ထင် ဖြစ်ခြင်းလည်းမရှိ၊ သူတပါးတို့သည်လည်း အနိုင်အထက်မပြုနိုင်၊ ခိုးသူတို့လည်း မဆောင်နိုင်၊ သူတပါးကိုလည်းမမှီ၊ သူတော်ကောင်းတို့၏လားရာလည်း ဖြစ်၏၊ ပိတ်ပင်

တတ်သော တရားလည်းမရှိ၊ ဤသို့လျှင် ကောင်းကင်၏ဆယ်ပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သတည်း။

၇။ ပတ္တမြား ရတနာ၏ သုံးပါးသော ကျေးဇူး သည် အဘယ်သို့လျှင် နိဗ္ဗာန်၏ ကျေးဇူး၌ ဝင်သနည်းဟူမူကား—ပတ္တမြား ရတနာသည် ခပ်သိမ်းသော အလိုကိုလည်း ပေးတတ်၏။ စိတ်၏ ရွှင်ခြင်းကိုလည်း ဖြစ်စေတတ်၏၊ တောက်ပခြင်းကိုလည်း ပြုတတ်၏၊ထို့အတူ နိဗ္ဗာန်သည်လည်း ခပ်သိမ်းသော အလိုကို လည်း ပြီမ်းစေတတ်၏၊ သူတော်ကောင်း တို့၏ စိတ်နှစ်သက်ခြင်းကိုလည်း ဖြစ်စေ တတ်၏၊ တောက်ပသော တန်ခိုး အရောင် အဝါလည်း ရှိ၏၊ ဤသို့လျှင် ပတ္တမြား ရတနာ၏ သုံးပါးသောကျေးဇူးသည် နိဗ္ဗာန် ၏ကျေးဇူး၌ ဝင်သတည်း။

၈။ စန္ဒကူးနီ၏ နှစ်ပါးသော ကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ ကျေးဇူး၌ ဝင် သနည်း ဟူမူကား—ရခဲလှစွာသော စန္ဒကူးနီ သည် အတုမဲ့သော အနံ့လည်းရှိ၏၊ သူတော် ကောင်း တို့သည်လည်း ချီးမွမ်း ထိုက်၏၊ ထို့အတူ နိဗ္ဗာန်သည်လည်း အတုမဲ့သော အနံ့လည်း ရှိ၏၊ သူတော်ကောင်းတို့သည်

လည်း ချီးမွမ်းထိုက်၏၊ဤသို့လျှင် စန္ဒကူးနီ၏ နှစ်ပါးသောကျေးဇူးသည်နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သတည်း။

၉။ ထောပတ်ကြည်၏သုံးပါးသောကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သနည်းဟူမူကား — ထောပတ်ကြည်သည် အဆင်းနှင့်လည်းပြည့်စုံ၏၊ အနံ့နှင့်လည်း ပြည့်စုံ၏၊ အရသာနှင့်လည်းပြည့်စုံ၏၊ ထို့အတူ နိဗ္ဗာန်သည်လည်း အဆင်းနှင့်လည်း ပြည့်စုံ၏၊ အနံ့နှင့်လည်းပြည့်စုံ၏၊ အရသာနှင့်လည်းပြည့်စုံ၏၊ ဤသို့လျှင် ထောပတ်ကြည်၏သုံးပါးသောကျေးဇူးသည် နိဗ္ဗာန်၏ ကျေးဇူး၌ ဝင်သတည်း။

၁၀။ တောင်ထွတ်၏ ငါးပါးသော ကျေးဇူးသည် အဘယ်သို့လျှင် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သနည်း ဟူမူကား—တောင်ထွတ်သည် အလွန်လည်းမြင့်၏၊ တုန်လှုပ်ခြင်းလည်းမရှိ၊ အလွန်လည်းတက်နိုင်ခဲ၏၊ ခပ်သိမ်းသောမျိုးစေ့တို့သည်လည်း မရောက်၊ ချစ်ခြင်း, မုန်းခြင်းလည်း ကင်း၏၊ ထို့အတူ နိဗ္ဗာန်သည်လည်း အလွန်လည်းမြင့်၏၊တုန်လှုပ်ခြင်းလည်း ကင်း၏၊ အလွန်လည်း တက်နိုင်ခဲ၏၊ခပ်သိမ်းသော ကိလေသာ ဟူသောမျိုးစေ့လည်း မရောက်၊

မုန်းခြင်း, ချစ်ခြင်းလည်းကင်း၏၊ဤသို့လျှင် တောင်ထွဋ်၍ ငါးပါးသော ကျေးဇူးသည် နိဗ္ဗာန်၏ကျေးဇူး၌ ဝင်သတည်း။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ကောင်းစွ၊ အရှင်နာဂသိန် ဆိုတိုင်း အကျွန်ုပ်ဝန်ခံ၏၊ အရှင်နာဂသိန်.... နိဗ္ဗာန်ကား အဘယ်အရပ်၌ တည်သနည်း၊ အရှေ့အရပ်၌တည်သလော၊ တောင်အရပ်၌ တည်သလော၊ အနောက်အရပ်၌ တည် သလော၊ မြောက်အရပ်၌ တည်သလော၊ အထက်အရပ်၌ တည်သလော၊အောက်အရပ် တည်သလော၊ နိဗ္ဗာန်၏တည်ရာအရပ်ကိုဆိုဘိ လော့ဟု မိလိန္ဒမင်းလျှောက်၏။

**အရှင်နာဂသိန်။** ။မင်းကြီး....နိဗ္ဗာန်၏ တည်ရာအရပ်ကားမရှိ။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....နိဗ္ဗာန်၏ တည်ရာအရပ်မရှိ တပြီးကား နိဗ္ဗာန်မရှိသည်ဖြစ်ခဲ့ရာ၏၊အကြင် သူတော်ကောင်းသည် နိဗ္ဗာန်ကိုမျက်မှောက် ပြုသည် ဟူ၏၊ ထိုသူ၏ မျက်မှောက်ပြု၏ ဟူသော စကားသည်လည်း မှား၏၊ အရှင် နာဂသိန်.... ဥပမာကား စပါးရှိရာ အရပ် ကား လယ်တည်း၊ နံ့သာရှိရာ အရပ်ကား ပန်းတည်း၊ အသီးရှိရာအရပ်ကား သစ်ပင် တည်း၊ ရတနာရှိရာအရပ်ကား သမုဒ္ဒရာ တည်း၊ စပါးအစရှိသည်ကို အလိုရှိသောသူ

သည် လယ်အစရှိသည်ကိုသွား၍ စပါး အစ ရှိသည်ကိုယူသကဲ့သို့၊ ထို့အတူ နိဗ္ဗာန်ရှိသည် မှန် မူကား နိဗ္ဗာန်၏တည်ရာ အရပ်သည် ရှိရာ ၏၊ နိဗ္ဗာန် မရှိသောကြောင့်သာ နိဗ္ဗာန်၏ တည်ရာအရပ် မရှိသတည်း၊ နိဗ္ဗာန်၏တည်ရာ အရပ် မရှိသောကြောင့် နိဗ္ဗာန်မရှိသည်ဖြစ်ခဲ့ ရာ၏ တကား၊ အကြင်သူတော်ကောင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသည် ဟူ၏၊ ထိုသူ၏ မျက်မှောက်ပြု၏ ဟူသော စကားသည်လည်း မှား၏ဟု အကျွန်ုပ်ဆိုသတည်းဟု လျှောက် ၏။

အရှင်နာဂသိန်။ ။မင်းကြီး....နိဗ္ဗာန်၏တည်ရာအရပ်ကား မရှိ သည် မှန်၏၊ နိဗ္ဗာန်ကားရှိ၏၊ မရှိသည် မဟုတ်၊ ကောင်းစွာ ကျင့်သောသူသည် "သမ္မသင်္ခါရာ အနိစ္စာ" အစရှိသည်ဖြင့် ဝိပဿနာအကျင့်ကို အားထုတ်၍ မဂ်,ဖိုလ်ကို ရလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြု သတည်း။

မင်းကြီး.... ဥပမာကား မီးသည်ရှိ၏၊ မီး၏တည်ရာအရပ်ကားမရှိ၊ သစ်သားနှစ်ခု ပွတ်လျှင် မီးရသတည်း၊ ထို့အတူ နိဗ္ဗာန် ကား ရှိ၏၊ နိဗ္ဗာန်၏တည်ရာအရပ်ကား မရှိ၊ ကောင်းစွာကျင့်သောသူသည်"သမ္မသင်္ခါရာ အနိစ္စာ"အစရှိသည်ဖြင့် ဝိပဿနာအကျင့်ကို

အားထုတ်၍ မဂ်, ဖိုလ်ကိုရလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုရသတည်း။

မင်းကြီး ဥပမာတနည်းသော်ကားအကြင် စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရားရတနာ,သူဌေးရတနာ, သားကြီးရတနာ,- ဤခုနစ်ပါးသောရတနာတို့သည် ရှိကုန်၏၊ ထိုရတနာခုနစ်ပါးတို့၏ တည်ရာအရပ်ကားမရှိ၊ ကောင်းစွာကျင့်သောစကြဝတေးမင်းအား ဤရတနာခုနစ်ပါးတို့သည် ရောက်လာကုန်၏၊ မင်းကြီး.... ထိုအတူရှင်းလျှင် နိဗ္ဗာန်ကားရှိ၏၊ နိဗ္ဗာန်၏တည်ရာအရပ်ကားမရှိ၊ ကောင်းစွာကျင့်သောသူသည် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးပါးသို့တင်၍ ဝိပဿနာကိုအားထုတ်၍ မဂ်,ဖိုလ်ကိုရလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုရသတည်း။

မိလိန္ဒမင်းကြီး။ ။အရှင်နာဂသိန်....အရှင်ဆိုတိုင်း အကျွန်ုပ်ဝန်ခံ၏၊ နိဗ္ဗာန်၏တည်ရာမရှိသည် မှန်စေ၊ အဘယ့်ကြောင့် နိဗ္ဗာန်ကိုရသနည်း၊အဘယ်အရပ်၌ တည်သောသူသည် နိဗ္ဗာန်ကိုရရာသနည်း၊နိဗ္ဗာန်ကိုရခြင်း၏အကြောင်း,နိဗ္ဗာန်ကိုရရာသောအရပ် ရှိသလော၊ အရှင်နာဂသိန်ဆိုဘိလော့ဟု လျှောက်၏။

**အရှင်နာဂသိန်**။ ။မင်းကြီး....သီလသည်လျှင် နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းတည်း၊ သီလနှင့် ပြည့်စုံသောသူသည် သက္ကာယမည်သောတော၌ နေသော်၎င်း, စိဏ္ဍဝိဂတမည်သောကျွန်း၌ နေသော်၎င်း, အလသန္ဒမည်သောကျွန်း၌ နေသော်၎င်း, နေကုမ္ဘမည်သောရွာ–ကတိကာလ မည်သော ရွာ–ကသ္မိရမည်သော တိုင်း–ဂန္ဓာရမည်သော တိုင်း၌ နေသော်၎င်း, တောင်ထိပ်ထက်နေသော်၎င်း, ဗြဟ္မာပြည်၌ နေသော်၎င်း ကောင်းသောအကျင့်ကိုကျင့်၍သီလနှင့် ပြည့်စုံလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုရ၏။

မင်းကြီး....ဥပမာ သော်ကား မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် သက္ကာယအမည်ရှိသောတော၌နေသော်၎င်း, ဗြဟ္မာပြည်၌နေသော်၎င်း ကောင်းကင်ပြင်ကို မြင်သကဲ့သို့၊ ထို့အတူ သီလ၌တည်သောသူသည် ခန္ဓာငါးပါး သင်္ခါရ တရားတို့ကို လက္ခဏာရေး သုံးပါးသို့ တင်၍ ဝိပဿနာအကျင့်ကို အားထုတ်သည် ဖြစ်အံ့၊ အမှတ်မဲ့သော အရပ်၌နေသော်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

မင်းကြီး....ဤမှတပါး ဥပမာ တနည်း သော်ကား–သက္ကာယအမည်ရှိသော တော၌

နေသောသူအားရင်း, ဗြဟ္မာပြည်၌နေသော
သူအားရင်း အရှေးအရပ်မျက်နှာသည် ရှိ
သကဲ့သို့၊ ထို့အတူ သီလ၌ တည်သောသူ
အား ကောင်းသောနှလုံးသွင်းခြင်းဖြင့် ခန္ဓာ
ငါးပါး သင်္ခါရတရားတို့ကို လက္ခဏာရေးသို့
တင်၍ ခုနစ်ပါးသော အနုပဿနာဉာဏ်,
ဆယ်ပါးသော ဝိပဿနာဉာဏ်, တဆယ့်
ရှစ်ပါးသော မဟာဝိပဿနာ ဉာဏ်တို့ဖြင့်
ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်သည်ဖြစ်
အံ့၊ အမှတ်မဲ့သောအရပ်၌ တည်သော်လည်း
နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

**မိလိန္ဒမင်းကြီး။** ။အရှင်နာဂသိန်....ကောင်းစွ၊ နိဗ္ဗာန်ကို မျက်
မှောက် ပြုရအံ့သောအကြောင်းကို အရှင်
ကောင်းစွာဆိုပေ၏၊ တရားတည်းဟူသော
တံခွန်ကိုလည်း အရှင်ဆောက်ပေ၏၊ အရှင်
ဆိုတိုင်းအကျွန်ုပ်ဝန်ခံ၏ဟုလျှောက်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလွန်မြင်နိုင်ခဲသော အလွန်သိနိုင်ခဲသော အလွန် သိမ်မွေ့သော အလွန်နက်နဲသော အလွန်ရောက်နိုင်ခဲသော အတုမရှိသော တရားဖြစ်သော နှိုင်းခိုင်းစရာဥပမာမရှိသော တရားဖြစ်သောနိဗ္ဗာန်ကိုအာရုံပြု၍နိဗ္ဗာန် ဟူသည်ကား ရာဂမီးလည်းမရှိ၊ဒေါသမီးလည်း မရှိ၊မောဟမီးလည်းမရှိ၊ ဇာတိမီးလည်းမရှိ၊ ဇရာမီးလည်းမရှိ၊ မရဏမီးလည်း မရှိ၊ သောကမီးလည်း မရှိ၊ပရိဒေဝမီးလည်းမရှိ၊ ကိုယ်၏ ဆင်းရဲခြင်းတည်း

ဟူသော ဒုက္ခမီးလည်း မရှိ၊ စိတ်၏ ဆင်းရဲခြင်း တည်းဟူသော ဒေါမနဿမီးလည်းမရှိ၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတည်းဟူသော ဥပါယာသမီးလည်း မရှိ၊ ဤတဆယ့်တပါးသော မီးတို့၏ ငြိမ်းရာဖြစ်၏ဟု နိဗ္ဗာန်၏ ဂုဏ်ကိုအောက်မေ့ဆင်ခြင်၍ ဥပသမာနုဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲ ပွားစေအပ်ကုန်၏။

## ဥပသမာနုဿတိပွားများရကျိုး

ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ ပွားစေခြင်း၌ အကျိုးအာနိသင်ကား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌ ဆိုအပ်ခဲ့ပြီးသော အကျိုးဆက်တို့ကိုလည်းရ၏၊ ဤမှတပါးသော အကျိုးအာနိသင်ကိုလည်း ဤသို့သောနည်းဖြင့် သိအပ်၏။ "ဣမဉ္စ ပန ဥပသမာနုဿတိံ မနုယုတ္တော ဘိက္ခု သုခံ သုပတိ" အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာ၏၊ အဓိပ္ပါယ်ကား— ဥပသမာနုဿတိကို ပွားစေသည်ဖြစ်၍ လုံ့လပြုသော ယောကျ်ား, မိန်းမသည်—

၁။ ချမ်းသာစွာ အိပ်ရသည်။
၂။ ချမ်းသာစွာ နိုးရသည်။
၃။ ငြိမ်သက်သော စက္ခုအစရှိသော ဣန္ဒြေရှိသည်။
၄။ ငြိမ်သက်သော စိတ်ရှိသည်။
၅။ ဟိရီ, ဩတ္တပ္ပနှင့် ပြည့်စုံသည်။
၆။ ကြည်ညိုဖွယ်သောမျက်နှာရှိသည်။
၇။ မြတ်သော နှလုံးသွင်းခြင်းရှိသည်။
၈။ အတူနေသော အပေါင်းအဖော်တို့သည် အလေးအမြတ်ပြုအပ်သည်။

၉။ မြတ်နိုးခြင်းကို ပွားစေအပ်သည်။

၁၀။ ယခုဘဝ၌ပင် မြတ်သောမဂ်ဖိုလ်ကို မရသေးသော်လည်း အပါယ်မလားမူ၍ သုဂတိဘဝသို့လားရသည်။

ဤသို့လျှင် များမြတ်သော အကျိုးအာနိသင်ရှိသောကြောင့် ဥပသမာနုဿတိကမ္မဋ္ဌာန်းကို သူတော်ကောင်း ဖြစ်ကုန်သော ယောကျ်ား မိန်းမတို့သည် မမေ့မလျော့ ပွားစေအပ်ကုန်၏။

ဥပသမာနုဿတိပုဒ်၏ အနက်အဓိပ္ပါယ်အကျဉ်းကား ပြီး၏။

# ၈-မရဏာနုဿတိ

မရဏာနုဿတိကို ပွားစေလိုသော သူတော်ကောင်းတို့သည်ကား ဤသို့သောနည်းဖြင့် ပွားစေအပ်ကုန်၏။

ဇီဝိတိန္ဒြိယုပစ္ဆေဒသင်္ခါတဿ မရဏဿ
သရဏံ မရဏဿတိ၊ တံ ဘာဝေတုကာမေန
ရဟောဂတေန ပဋိသလ္လီနေန မရဏံ ဘဝိဿတိ၊
ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတီတိဝါ မရဏံ မရဏန္တိ-
ဝါ ယောနိသော မနသိကာရော ပဝတ္တေ-
တဗ္ဗော။

(ဝိသုဒ္ဓိမဂ်ဋ္ဌကထာ၏။)

၈- မရဏာနုဿတိ- သေခြင်းကို အာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း။

**အနက်ကား**—ဇီဝိတိန္ဒြိယုပစ္ဆေဒသင်္ခါတဿ၊ ဇီဝိတိန္ဒြေ ပျက်ခြင်းဟုဆိုအပ်သော။ မရဏဿ၊သေခြင်းကို။ သရဏံ၊ အောက်မေ့ခြင်းသည်။ မရဏဿတိ၊ မရဏဿတိမည်၏။ တံမရဏဿတိံ၊ ထိုမရဏာနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေတုကာမေန၊ ပွားစေလိုသောသူသည်။ ရဟောဂတေန၊ဆိတ်ငြိမ်ရာအရပ်သို့ကပ်သဖြင့်။ ပဋိသလ္လီနေန၊ တယောက်အထီးတည်းနေသဖြင့်။ မရဏံ၊သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ ဥပစ္ဆိဇ္ဇိဿတိ၊ပြတ်လတ္တံ့။ဣတိဝါ၊ဤသို့ရင်း။ မရဏံ၊ သေခြင်း။ မရဏံ၊သေခြင်း။ဣတိဝါ၊ ဤသို့ရင်း။ ယောနိသော၊အသင့်အားဖြင့်။မနသိကာရော၊နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။

## ပွားပုံအကြောင်း ၈-ပါး

ဤသို့လျှင် မရဏာနုဿတိကို ပွားစေသောသူသည် ရှစ်ပါးသောအကြောင်းတို့ဖြင့် ပွားစေရာ၏၊ ရှစ်ပါးသောအကြောင်းဟူသည်ကား—

၁။ သန်လျက် လက်စွဲသော သူသတ်ယောက်ျားသည် ရှေ့တူရှု၍ ကပ်လှာသကဲ့သို့ သေခြင်း သဘော၏ ရှေ့တူရှု၍ ကပ်လှာသောအားဖြင့်ရင်း။

၂။ ပြည့်စုံသော အင်္ဂါကြီးငယ်, ဇီဝိတိန္ဒြေ၏ မချွတ်မယွင်း ပျက်စီးခြင်းသို့ ရောက်ရအံ့သောအားဖြင့်ရင်း။

၃။ သေလေကုန်သော သူတပါးတို့ကို မိမိကိုယ်သို့ ဆောင်သော အားဖြင့်ရင်း။

၄။ မိမိခန္ဓာကိုယ်၏ များသောပိုးမျိုး, များသောဘေးရန်, များသောအနာရောဂါနှင့် ဆက်ဆံသောအားဖြင့်၎င်း။
၅။ ဇီဝိတိန္ဒြေဟု ဆိုအပ်သောအသက်၏ အားနည်းသောအားဖြင့်၎င်း။
၆။ သေရအံ့သော အသက်အပိုင်းအခြား အစရှိသည်ကို အမှတ်သညာမရှိသောအားဖြင့်၎င်း။
၇။ အသက်ရှည်သောနေ့-လ-နှစ်ဟုဆိုအပ်သော ကာလကို ပိုင်းခြားသောအားဖြင့်၎င်း။
၈။ ဇီဝိတိန္ဒြေဖြစ်သော ကာလ၏ အလွန်တိုသောအားဖြင့်၎င်း။

ဤရှစ်ပါးသော အကြောင်းတို့ဖြင့် မရဏာနုဿတိကို ပွားစေရာ၏။

**မိမိသို့ဆောင်သောအားဖြင့်ပွားပုံ ၇-ပါး**

ထိုရှစ်ပါးသော အကြောင်းတို့တွင် သေလေ ကုန်ပြီးသော သူတပါးတို့ကို မိမိကိုယ်သို့ဆောင်သောအားဖြင့် မရဏာနုဿတိကို ပွားစေရာ၌ ခုနစ်ပါးသော အကြောင်းတို့ဖြင့် ပွားစေရာ၏၊ ခုနစ်ပါးသောအကြောင်းဟူသည်ကား—

၁။ အခြံအရံ များကုန်သော ပြည့်စုံသော ဥစ္စာ, စပါး, ဆင်ယာဉ်, မြင်းယာဉ် ရှိကုန်သော မဟာသမ္မတမင်း, မန္ဓာတ်မင်း, မဟာသုဒဿနစကြဝတေးမင်း, နေမိမင်း အစရှိသော သေလေကုန်ပြီးသော သူတို့ကို မိမိသို့ ဆောင်သောအားဖြင့်၎င်း။
၂။ ကြီးမြတ်သော ဘုန်းရှိကုန်သော များမြတ်ကုန်သော

ဥစ္စာ, ရွှေ, ငွေရှိကုန်သော ဇောတိကသူဌေး, ဇဋိလသူဌေး, ဥဂ္ဂသူဌေး, မေဏ္ဍကသူဌေး, ပုဏ္ဏသူဌေး–အစရှိသော သေလေကုန်ပြီးသောသူတို့ကို မိမိသို့ဆောင်သောအားဖြင့်ရင်း။

၃။ ကြီးမြတ်သောစွမ်းပကားခွန်အားရှိကုန်သော ဝါသုဒေဝမင်းသား, ဗလဒေဝမင်းသား, ဘီမသေနစစ်သူသူကြီး, ယုဓိဋ္ဌိလလက်ပမ်းသည်, စာရူရလက်ပမ်းသည်, ဗန္ဓုလစစ်သူကြီး– အစရှိသော သေလေကုန်ပြီးသောသူတို့ကို မိမိသို့ဆောင်သောအားဖြင့်ရင်း။

၄။ တန်ခိုးကြီးသော အရှင်မောဂ္ဂလာန်၏ သေမင်းနိုင်ငံသို့ ပါရလေသော အဖြစ်ကို မိမိသို့ ဆောင်သော အားဖြင့်ရင်း။

၅။ ပညာကြီးသော အရှင်သာရိပုတ္တရာ၏ သေမင်းနိုင်ငံသို့ ပါရလေသော အဖြစ်ကို မိမိသို့ ဆောင်သော အားဖြင့်ရင်း။

၆။ တန်ခိုးအာနုဘော်, ပညာအမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ပစ္စေကဗုဒ္ဓါ၏ သေမင်းနိုင်ငံသို့ ပါရလေသောအဖြစ်ကို မိမိသို့ ဆောင်သောအားဖြင့်ရင်း။

၇။ အတုမရှိသော သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူသော မြတ်စွာဘုရား၏ သေမင်းနိုင်ငံသို့ ပါရလေသောအဖြစ်ကို မိမိသို့ဆောင်သောအားဖြင့်ရင်း။

ဤသို့လျှင် ခုနစ်ပါးသောအကြောင်းတို့ဖြင့် သေလေကုန်ပြီးသော သူတပါးတို့ကို မိမိသို့ဆောင်သောအားဖြင့် ဘုန်းတန်ခိုး

အာနုဘော်, ပညာအမြော်အမြင်, စည်းစိမ်ဥစ္စာ, အခြံအရံ, ဆင်, မြင်း, ရထားမရှိသော ငါတို့သော်ကား အဘယ်မှာလျှင် မသေနေရကုန်အံ့နည်း၊ ကေန်မချွတ်လျှင် သေမင်းနိုင်ငံသို့ ပါရ ချေအံ့သည် တကားဟု မရဏာနုဿတိကို မပြတ်မလပ် အဖန် တလဲလဲ ပွားစေအပ်ကုန်၏။

**အသက်အားနည်းသောအားဖြင့် ပွားပုံ ၈-ပါး**

ဇီဝိတိန္ဒြေဟုဆိုအပ်သောအသက်၏ အားနည်းသောအားဖြင့် မရဏာနုဿတိကို ပွားစေသောသူသည် ရှစ်ပါးသောအကြောင်း တို့ဖြင့် ပွားစေရာ၏၊ ရှစ်ပါးသောအကြောင်းဟူသည်ကား—

၁။ ဇီဝိတိန္ဒြေမည်သည်ကား ထွက်သက်နှင့်လည်း စပ်၍ ဖြစ်၏။

၂။ ဝင်သက်နှင့်လည်း စပ်၍ဖြစ်၏။

၃။ အချမ်းအပူဟု ဆိုအပ်သော ဥတုနှင့်လည်း စပ်၍ ဖြစ်၏။

၄။ ပထဝီ, တေဇော, အာပေါ, ဝါယောဟုဆိုအပ်သော ဓာတ်လေးပါးနှင့်လည်း စပ်၍ဖြစ်၏။

၈။ အာဟာရနှင့်လည်း စပ်၍ဖြစ်၏။

ဤသို့လျှင် ဇီဝိတိန္ဒြေသည် ရှစ်ပါးသောအကြောင်းနှင့် စပ် ၍ ဖြစ်၏၊ ထိုရှစ်ပါးတို့တွင်—

၁။ အဘယ်သို့လျှင် ဇီဝိတိန္ဒြေသည် ထွက်သက်နှင့်စပ်၍ ဖြစ်သနည်း ဟူမူကား— ထွက်သက် ဖြစ်သော်သာလျှင် ဇီဝိတိန္ဒြေဖြစ်၏၊ ထွက်သက်မဖြစ်သည်ရှိသော် ဇီဝိတိန္ဒြေ မဖြစ်၊ ထွက်သက်ချုပ်သည်ရှိသော် ဇီဝိတိန္ဒြေ၏ ပျက်

ခြင်းသည်ဖြစ်၏၊ ဤသို့လျှင် ဇီဝိတိန္ဒြေသည် ထွက်သက်နှင့် စပ်၍ဖြစ်သတည်း။

၂။ အဘယ်သို့လျှင် ဇီဝိတိန္ဒြေသည် ဝင်သက်နှင့် စပ်၍ဖြစ်သနည်း ဟူမူကား– ဝင်သက် ဖြစ်သော်သာလျှင် ဇီဝိတိန္ဒြေဖြစ်၏၊ ဝင်သက်မဖြစ်သည်ရှိသော် ဇီဝိတိန္ဒြေမဖြစ်၊ ဝင်သက်ချုပ်သည်ရှိသော် ဇီဝိတိန္ဒြေ၏ ပျက်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် ဇီဝိတိန္ဒြေသည် ဝင်သက်နှင့် စပ်၍ဖြစ်သတည်း။

၃။ အဘယ်သို့လျှင် ဇီဝိတိန္ဒြေသည် အချမ်းအပူဟုဆိုအပ်သော ဥတုနှင့်စပ်၍ ဖြစ်သနည်းဟူမူကား– ချမ်းအေးခြင်း အလွန်နှိပ်စက်သော်လည်း ဇီဝိတိန္ဒြေ မဖြစ်၊ ပူလောင်ခြင်း အလွန်နှိပ်စက်သော်လည်း ဇီဝိတိန္ဒြေမဖြစ်၊ အချမ်းအပူဟုဆိုအပ်သော ဥတုမျှ သော်သာလျှင် ဇီဝိတိန္ဒြေဖြစ်၏၊ အချမ်းအပူဟု ဆိုအပ်သောဥတုဖောက်ပြန်သည်ရှိသော် ဇီဝိတိန္ဒြေပျက်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် ဇီဝိတိန္ဒြေသည် အချမ်းအပူဟုဆိုအပ်သော ဥတုနှင့်စပ်၍ ဖြစ်သတည်း။

၄။ အဘယ်သို့လျှင် ဇီဝိတိန္ဒြေသည် ပထဝီ, အာပေါ, တေဇော, ဝါယောဟု ဆိုအပ်သော ဓာတ်လေးပါးနှင့် စပ်၍ဖြစ်သနည်းဟူမူကား– ဤဓာတ် လေးပါးညီမျှသော်သာလျှင် ဇီဝိတိန္ဒြေဖြစ်၏၊ ဓာတ်လေးပါးမညီမျှသည်ရှိသော် ဇီဝိတိန္ဒြေမဖြစ်၊ ဓာတ်လေးပါးတို့တွင် တပါးပါးပျက်သည်ရှိသော် ဇီဝိတိန္ဒြေ၏ပျက်

ခြင်းသည်ဖြစ်၏၊ ဤသို့လျှင် ဇီဝိတိန္ဒြေသည် ပထဝီ, အာပေါ, တေဇော, ဝါယောဟုဆိုအပ်သော ဓာတ်လေးပါးနှင့် စပ်၍ဖြစ်သတည်း။

၈။ အဘယ်သို့လျှင် ဇီဝိတိန္ဒြေသည် အာဟာရနှင့် စပ်၍ဖြစ်သနည်းဟူမူကား—အာဟာရကိုမှီဝဲရသော်သာလျှင် ဇီဝိတိန္ဒြေဖြစ်၏၊ အာဟာရကိုမမှီဝဲရသည်ရှိသော် ဇီဝိတိန္ဒြေမဖြစ်၊ ခုနစ်ရက်မျှ အာဟာရပြတ်သည်ရှိသော် ဇီဝိတိန္ဒြေ၏ ပျက်ခြင်းသည် ဖြစ်၏၊ ဤသို့လျှင် ဇီဝိတိန္ဒြေသည် အာဟာရနှင့်စပ်၍ဖြစ်သတည်း။

ဤသို့လျှင် မရဏာနုဿတိကို ပွားစေသောသူသည် ရှစ်ပါးသောအကြောင်းနှင့်စပ်၍ ဇီဝိတိန္ဒြေသည်ဖြစ်၏၊ ရှစ်ပါးသောအကြောင်းတို့တွင် တပါးပါးသောအကြောင်းချို့သည်ရှိသော် ဇီဝိတိန္ဒြေ၏ ပျက်ခြင်းသည်ဖြစ်၏ဟု မရဏာနုဿတိကို ပွားစေအပ်ကုန်၏။

## အင်္ဂုတ္တိုရ်လာ ပွားပုံ ၇-ပါး

ထိုမှတပါးလည်း သတ္တင်္ဂုတ္တရကျမ်း၌လာသောနည်းဖြင့် ခုနစ်ပါးသော ဥပမာတို့ဖြင့် မရဏာနုဿတိကို ပွားစေအပ်ကုန်၏၊ ခုနစ်ပါးသောဥပမာဟူသည်ကား—

၁။ နံနက်အခါ မြက်ဖျား၌တင်သော ဆီးနှင်းပေါက်သည် နေရောင် ကျောက်သောခဏ၌ ပျောက်၏၊ ရှည်မြင့်သောကာလပတ်လုံး မတည်သကဲ့သို့၊ ထို့အတူ နတ်, ဗြဟ္မာတို့၏ အသက်ကိုထောက်၍ လူတို့၏အသက်သည်

ကား တိုသောဖြစ်ခြင်းရှိ၏၊ ရှည်မြင့်စွာသော ကာလ ပတ်လုံး မတည်၊ များသောဆင်းရဲခြင်းရှိ၏၊များသော ပင်ပန်းခြင်းရှိ၏၊ ဤသို့သောအကြောင်းကို ပညာဖြင့် သိ၍ အလှူပေးခြင်း အစရှိသောကုသိုလ်ကို များစွာ ပြုအပ်ကုန်၏၊ ငါးပါးသောသီလ, ရှစ်ပါးသောသီလ ဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်အပ်ကုန်၏။

၂။ ဥပမာတနည်းသော်ကား— မိုးရွာသောအခါ ရေ၌ တက်လာသော ရေပွက်သည် တခဏမျှသာ တည်၍ ပျက်၏၊ရှည်မြင့်စွာသောကာလပတ်လုံး မတည်သကဲ့သို့၊ ထို့အတူ နတ်, ဗြဟ္မာတို့၏ အသက်ကို ထောက်၍ လူတို့၏အသက်သည်ကား တိုသောဖြစ်ခြင်းရှိ၏၊ ရှည် မြင့်စွာသောကာလပတ်လုံး မတည်၊ များသောဆင်း ရဲခြင်းရှိ၏၊ များသောပင်ပန်းခြင်းရှိ၏၊ ဤသို့သော အကြောင်းကို ပညာဖြင့်သိ၍ အလှူပေးခြင်း အစရှိ သောကုသိုလ်ကို များစွာပြုအပ်ကုန်၏၊ ငါးပါးသော သီလ, ရှစ်ပါးသော သီလဟုဆိုအပ်သော မြတ်သော အကျင့်ကို ကျင့်အပ်ကုန်၏။

၃။ ဥပမာတနည်းသော်ကား—ရေ၌ လှင်ကန်ဖြင့် ခတ်သော အရေးသည် တခဏမျှသာတည်၍ ပျက်၏၊ ရှည်မြင့် စွာသောကာလပတ်လုံး မတည်သကဲ့သို့၊ထို့အတူ နတ် ဗြဟ္မာတို့၏အသက်ကိုထောက်၍ လူတို့၏အသက်သည် ကား တိုသောဖြစ်ခြင်း ရှိ၏၊ရှည်မြင့်စွာသော ကာလ ပတ်လုံးမတည်၊များသောဆင်းရဲခြင်းရှိ၏၊ များသော

ပင်ပန်းခြင်းရှိ၏၊ ဤသို့သော အကြောင်းကိုပညာဖြင့်သိ၍ အလှူပေးခြင်း အစရှိသော ကုသိုလ်ကို များစွာပြုအပ်ကုန်၏၊ ငါးပါးသော သီလ, ရှစ်ပါးသော သီလ ဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်အပ်ကုန်၏။

၄။ ဥပမာတနည်းသော်ကား— နံနက်အခါ၌ တက်သော နေမင်းသည် ဝင်ခြင်းသို့သာ ရှေးရှုသွား၏၊ ရောက်ရာ ရောက်ရာ အရပ်မှ စဉ်းငယ်မျှ နစ်သော မည်သည် မရှိ သကဲ့သို့၊ ထို့အတူ ခပ်သိမ်းသော သတ္တဝါတို့သည်လည်း ပဋိသန္ဓေ နေသော အခါမှစ၍ တနေ့ထက်တနေ့ တလ ထက် တလ တနှစ်ထက်တနှစ် သေအံ့သော ကာလသို့သာ ရှေးရှုရောက်၏၊ရောက်ရာရောက်ရာကာလမှ စဉ်းငယ်သော ကာလ နစ်သောမည်သည် မရှိ၊ များသောဆင်းရဲခြင်း ရှိ၏၊ များသော ပင်ပန်းခြင်း ရှိ၏၊ ဤသို့သော အကြောင်းကို ပညာဖြင့်သိ၍ အလှူပေးခြင်း အစရှိသော ကုသိုလ်ကို များစွာပြုအပ်ကုန်၏၊ ငါးပါးသော သီလ, ရှစ်ပါးသော သီလဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်အပ်ကုန်၏။

၅။ ဥပမာတနည်းသော်ကား— တောင်ထိပ်မှထွက်သော မြစ်ရေ အယဉ်သည် မျှောအပ်သော မြက်သစ်ရွက် တို့ကို မျှော၍ လျင်သောအယဉ်ရှိ၏၊ တခဏသော ကာလမျှ ရင်း, တလယသောကာလမျှရင်း, တမုဟုတ်သောကာလ မျှရင်း တန့်ရပ်သော မည်သည်မရှိသကဲ့သို့၊ ထို့အတူ ခပ်သိမ်းသော သတ္တဝါတို့သည် ပဋိသန္ဓေနေသောအခါ

မှုစ၍ သေရအံ့သော ကာလအနီးသို့သာ စီးဝင်လေကုန်၏၊ နတ်,ပြဟ္မာတို့၏အသက်ကိုထောက်၍ လူတို့၏အသက်သည်ကား တိုသောဖြစ်ခြင်းရှိ၏၊ ရှည်မြင့်စွာသောကာလ ပတ်လုံးမတည်၊ များသောဆင်းရဲခြင်းရှိ၏၊ များသော ပင်ပန်းခြင်းရှိ၏၊ ဤသို့သော အကြောင်းကို ပညာဖြင့် သိ၍ အလှူပေးခြင်းအစရှိသောကုသိုလ်ကို များစွာပြုအပ်ကုန်၏၊ ငါးပါးသောသီလ, ရှစ်ပါးသောသီလဟုဆိုအပ်သော မြတ်သောအကျင့်တို့ကို ကျင့်အပ်ကုန်၏။

၆။ ဥပမာတနည်းသော်ကား—လောလောပူသောသံအိုးကင်း၌ ချအပ်သော အသားစိုသည် တခဏချင်း ခန်းခြောက်ခြင်းသို့ရောက်၏၊ ရှည်မြင့်စွာသောကာလပတ်လုံး မတည်သကဲ့သို့၊ထို့အတူ နတ်,ပြဟ္မာတို့၏ အသက်ကိုထောက်၍ လူတို့၏အသက်သည်ကား တိုသောဖြစ်ခြင်းရှိ၏၊ ရှည်မြင့်စွာသော ကာလပတ်လုံး မတည်၊များသော ဆင်းရဲခြင်းရှိ၏၊ များသောပင်ပန်းခြင်းရှိ၏၊ ဤသို့သောအကြောင်းကို ပညာဖြင့်သိ၍ အလှူပေးခြင်းအစရှိသော ကုသိုလ်ကို များစွာ ပြုအပ်ကုန်၏၊ ငါးပါးသောသီလ, ရှစ်ပါးသော သီလဟုဆိုအပ်သော မြတ်သော အကျင့်တို့ကို ကျင့်အပ်ကုန်၏။

၇။ ဥပမာတနည်းသော်ကား—သတ်အပ်သောနွားကိုသတ်ရာသင်းချိုင်းသို့ ဆောင်ယူ၍ သွားသည်ရှိသော် ခြေလှမ်းတိုင်း လှမ်းတိုင်း တလှမ်းထက် တလှမ်း သေရအံ့သော ကာလအနီးသို့ ရောက်သကဲ့သို့၊ ထို့အတူ ခမ်းသိမ်းသော

သတ္တဝါတို့သည် ပဋိသန္ဓေနေသောအခါမှစ၍တနေ့ထက် တနေ့ တလထက်တလ တနှစ်ထက်တနှစ် သေရအံ့သော ကာလအနီးသို့ ရောက်ကုန်၏၊ များစွာသော ဆင်းရဲခြင်း ရှိ၏၊ များစွာသော ပင်ပန်းခြင်း ရှိ၏၊ ဤသို့သော အကြောင်းကို ပညာဖြင့်သိ၍ အလှူပေးခြင်းအစရှိသော ကုသိုလ်ကို များစွာပြုအပ်ကုန်၏၊ ငါးပါးသော သီလ, ရှစ်ပါးသော သီလဟု ဆိုအပ်သော မြတ်သောအကျင့် တို့ကို ကျင့်အပ်ကုန်၏။

ဤသို့လျှင် ခုနစ်ပါးသော ဥပမာတို့ဖြင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို သူတော်ကောင်းတို့သည် ပွားစေအပ်ကုန်၏။

**မရဏာနုဿတိပွားများရကျိုး**

မရဏာနုဿတိကို ပွားစေခြင်း၌ အကျိုးအာနိသင် ကိုကား ဤသို့သိအပ်၏။

ဣမဉ္စ ပန မရဏဿတိံ အနုယုတ္တော<br>
ဘိက္ခု သတတ မပ္ပမတ္တော ဟောတိ။

အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်၌လာ၏၊ အဓိပ္ပါယ်ကား– ဤ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုလို့လပြု၍သရဇ္ဈာယ်သောသူသည်–

၁။ မပြတ်မလပ် မမေ့မလျော့သော ဝီရိယရှိသည်။

၂။ ဘဝသုံးပါးတို့၌ မမွေ့လျော်သော သညာကိုရသည်။

၃။ အသက်၌တပ်ခြင်းကို စွန့်နိုင်သည်။

၄။ မကောင်းမှုကို ကဲ့ရဲ့လိုသော စိတ်ရှိသည်။

၅။ ပစ္စည်းပရိက္ခရာကို များစွာမသိုမှီးလိုသော စိတ်ရှိသည်။

၆။ ကင်းသောမစ္ဆေရရှိသည်။

၉။ အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာကို ထင်သည်။
၁၀။ တွေ့ဝေခြင်းမရှိ သတိနှင့်ပြည့်စုံသည်ဖြစ်၍စုတေရသည်။
၁၁။ စုတေရသည်၏အခြားမဲ့၌ သုဂတိဘဝသို့လားရသည်။

ဤသို့လျှင် များမြတ်သော အကျိုးအာနိသင်ရှိသောကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို မပြတ်မလပ် သူတော်ကောင်း တို့သည် ပွားစေအပ်ကုန်၏။

မရဏာနုဿတိပုဒ်၏အနက်, အဓိပ္ပါယ်အကျဉ်းကား ပြီး၏။

# ၉-ကာယဂတာသတိ

ကာယဂတာသတိကို ပွားစေလိုသော သူတော်ကောင်း တို့သည် ဤသို့သောနည်းဖြင့် ပွားစေအပ်ကုန်၏။

ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော
ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ
အသုစိနော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ
ကာယေ ကေသာ လောမာ နခါ ဒန္တာ
တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ
ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ
အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ
ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု
ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ
ပဒ္ဓိကူလံ။

ဤကား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းပါဋ္ဌိ၊ ဤအရာ၌ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကိုပင် ကာယဂတာသတိ ကမ္မဋ္ဌာန်းဟူ၍ ဆိုသတည်း။

(ဤဒွတ္တိံသာကာရကမ္မဋ္ဌာန်း၌ မတ္ထလုင်္ဂံကို ကရီသံပုဒ်၏နောက်၌ ရွတ်သင့်သည်ဟု ကျမ်းဆရာတို့ မိန့်တော်မူကုန်၏။)

ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျား တိုင်အောင်။ ကေသမတ္ထကာ၊ အထက်ဆံဖျားမှ။ အဓော၊ အောက်ခြေဘဝါးပြင် တိုင်အောင်။ တစပရိယန္တံ၊ အရေလျှင် အပိုင်းအခြားရှိသော။ နာနပ္ပကာရဿ၊ အထူးထူးအပြားပြားသော။ အသုစိနော၊ကျင်ကြီး,ကျင်ငယ် အစရှိသည်ဖြင့်။ ပူရံ၊ပြည့်သော။ ဣမမေဝကာယံ၊ ဤမိမိ၏ခန္ဓာကိုယ်ကို။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ပစ္စဝေက္ခေယျ၊ဆင်ခြင်ရာ၏။ကိံ ပစ္စဝေက္ခေယျ၊အဘယ်သို့ ဆင်ခြင်ရာသနည်း ဟူမူကား—

၁။ ဣမသ္မိံ ကာယေ၊ ဤငါ၏ကိုယ်ခန္ဓာ၌။ ပဋိကူလာ၊ ရွံရှာဖွယ် ရှိကုန်သော။ ကေသာ၊ နှစ်ကုဋေလေးသန်းသော ဆံတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။

၂။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိကုန်သော။ လောမာ၊ကိုးသောင်းကိုးထောင်သောအမွေးတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။

၃။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိကုန်သော။ နခါ၊ လက်သည်း—ခြေသည်းတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။

၄။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိကုန်သော။ ဒန္တာ၊ သုံးဆယ့်နှစ်ချောင်းသော သွားတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။

၅။ ပဋိက္ကူလော၊ ရွံရှာဖွယ်ရှိသော။ တစော၊တကိုယ်လုံးကို ခွာ၍ လုံးသည်ရှိသော် ဇီးကင်းမျှသာ ပမာဏရှိသော အရေပါးသည်။ အတ္ထိ၊ ရှိ၏။

၆။ ပဋိက္ကူလံ၊ရွံရှာဖွယ်ရှိသော။ မံသံ၊ကိုးရာသောအသားတစ်သည်။ အတ္ထိ၊ ရှိ၏။

၇။ ပဋိက္ကူလံ၊ ရွံရှာဖွယ်ရှိသော။ နှာရု၊ ကိုးရာသောအကြောသည်။ အတ္ထိ၊ ရှိ၏။

၈။ ပဋိက္ကူလံ၊ ရွံရှာဖွယ်ရှိသော။ အဋ္ဌိ၊ သုံးရာသောအရိုးသည်။ အတ္ထိ၊ ရှိ၏။

၉။ ပဋိက္ကူလံ၊ရွံရှာဖွယ်ရှိသော။ အဋ္ဌိမိဉ္ဇံ၊ခြင်ဆီသည်။ အတ္ထိ၊ ရှိ၏။

၁၀။ ပဋိက္ကူလံ၊ ရွံရှာဖွယ်ရှိသော။ ဝက္ကံ၊ ရေမျိုမှထွက်သော တခုသောအမြစ်ဖြင့် အတန်ငယ်သွား၍ နှစ်ဖြာကွဲသော ရုန့်ရင်းသောအကြောဖြင့် မေးသည်ဖြစ်၍ နှလုံးသားကို ရံလျက်တည်သော ကျောက်ကပ်ဟုဆိုအပ်သော အညို့သည်။ အတ္ထိ၊ ရှိ၏။

၁၁။ ပဋိက္ကူလံ၊ရွံရှာဖွယ်ရှိသော။ ဟဒယံ၊ရာဂဖြစ်သောအခါ နီသော, ဒေါသဖြစ်သောအခါမဲသော, မောဟဖြစ်သော အခါ သားဆေးရေနှင့်တူသော, အကြံအစည်ဖြစ်သော အခါ ပဲပြုတ်ရည်နှင့်တူသော, သဒ္ဓါဖြစ်သောအခါ မဟာ လှေခါးပန်းအဆင်းနှင့် တူသော, ပညာဖြစ်သောအခါ ပြိုးပြိုးပြက်ဖြူသော, တလက်ဖက်မျှလောက် သွေးဖြင့် ပြည့်သော, ပဒုမ္မာကြာငုံသဏ္ဌာန်ရှိသော, ပညာရှိသော

သူအား အဖျားကားသော, ပညာနည်းသောသူအား အဖျားရှုန့်သောနှလုံးသည်။ အတ္ထ၊ ရှိ၏။

၁၂။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ ယကနံ၊ ကလေသရွက် သဏ္ဌာန်ရှိသော,ပညာနည်းသောသူအား တခုတည်းသာ ကြီးသော, ပညာကြီးသောသူအား နှစ်ခုသုံးခုငယ်သော အသည်းသည်။ အတ္ထိ၊ ရှိ၏။

၁၃။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ ကိလောမကံ၊ တကိုယ်လုံး၌ တည်သော ဖုံးလွှမ်းသောအမြှေး, မဖုံးလွှမ်းသောအမြှေး သည်။ အတ္ထိ၊ ရှိ၏။

၁၄။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ ပိဟကံ၊ ကြောင်ပန်းပွင့် အဆင်းနှင့်တူသော နွားလျှာသဏ္ဌာန်ရှိသော သရက်ရွက် ဟု ဆိုအပ်သော အဖျဉ်းသည်။ အတ္ထိ၊ ရှိ၏။

၁၅။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ ပပ္ဖါသံ၊ သုံးဆယ့်နှစ်ပါး သောအသားတုံးရှိသော မမှည့်လွန်းသောရေသဖန်းသီး အဆင်းနှင့်တူသော အဆုတ်သည်။ အတ္ထိ၊ ရှိ၏။

၁၆။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ အန္တံ၊ ယောကျ်ားတို့အား သုံးဆယ့်နှစ်တောင်, မိန်းမတို့အား နှစ်ဆယ့်ရှစ်တောင် ရှိသော အူမသည်။ အတ္ထိ၊ ရှိ၏။

၁၇။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ အန္တဂုဏံ၊အူမကိုဖွဲ့ရစ်လျက် တည်သော အူသိမ်သည်။ အတ္ထိ၊ ရှိ၏။

၁၈။ ပဋိကူလံ၊ ရွံရှာဖွယ်ရှိသော။ ဥဒရိယံ၊ ခွေးအန်ဖတ်နှင့် တူသော အစာသစ်သည်။ အတ္ထိ၊ ရှိ၏။

၁၉။ ပဥ္စိကူလံ၊ ရွံရှာဖွယ်ရှိသော။ ကရိသံ၊ ကျင်ကြီးသည်။ အတ္ထိ၊ ရှိ၏။

၂၀။ ပဥ္စိကူလံ၊ ရွံရှာဖွယ်ရှိသော။ မတ္ထလုင်္ဂံ၊ ဦးနှောက်သည်။ အတ္ထိ၊ ရှိ၏။

၂၁။ ပဥ္စိကူလံ၊ ရွံရှာဖွယ်ရှိသော။ ပိတ္တံ၊ အအိမ်ဖြင့်ဖွဲ့သော သည်းခြေ, အအိမ်ဖြင့် မဖွဲ့သောသည်းခြေသည်။ အတ္ထိ၊ ရှိ၏။

၂၂။ ပဥ္စိကူလံ၊ ရွံရှာဖွယ်ရှိသော။ သေမှံ၊ တသပိတ်မျှလောက် သော သလိပ်သည်။ အတ္ထိ၊ ရှိ၏။

၂၃။ ပဥ္စိကူလော၊ ရွံရှာဖွယ်ရှိသော။ ပုဗ္ဗော၊ မီးလောင်ခြင်း, ခေါ်းလုံ့ခိုက်တိုက်မိခြင်းဖြင့် အနာ၌တည်သောပြည်သည်။ အတ္ထိ၊ ရှိ၏။

၂၄။ ပဥ္စိကူလံ၊ ရွံရှာဖွယ်ရှိသော။ လောဟိတံ၊ အစုအခဲ တည်သော သွေး, ထိုမှဤမှရွေ့သောသွေးသည်။ အတ္ထိ၊ ရှိ၏။

၂၅။ ပဥ္စိကူလော၊ ရွံရှာဖွယ်ရှိသော။ သေဒေါ၊ နေပူခြင်း, မီးပူခြင်း, ဥတုမညီညွတ်ခြင်းဖြင့် တွေ့သောအခါ အမွေး တွင်းမှ ယိုသောချွေးသည်။ အတ္ထိ၊ ရှိ၏။

၂၆။ ပဥ္စိကူလော၊ ရွံရှာဖွယ်ရှိသော။ မေဒေါ၊အဆီအခဲသည်။ အတ္ထိ၊ ရှိ၏။

၂၇။ ပဥ္စိကူလံ၊ ရွံရှာဖွယ်ရှိသော။ အဿု၊ မျက်ရည်သည်။ အတ္ထိ၊ ရှိ၏။

၂၈။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိသော။ ဝသာ၊ အဆီကြည်သည်။ အတ္ထိ၊ ရှိ၏။

၂၉။ ပဋိကူလော၊ ရွံရှာဖွယ်ရှိသော။ ခေဠော၊ တံတွေးသည်။ အတ္ထိ၊ ရှိ၏။

၃၀။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိသော။ သိင်္ဃာဏိကာ၊ နှပ်သည်။ အတ္ထိ၊ ရှိ၏။

၃၁။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိသော။ လသိကာ၊ တရာရှစ်ဆယ် သော အရိုးဆက်၌တည်သော ညောင်းညာ၍ဆန့်သော အခါ ဖျစ်ဖျစ်မြည်သောအစေးသည်။ အတ္ထိ၊ ရှိ၏။

၃၂။ ပဋိကူလံ၊ရွံရှာဖွယ်ရှိသော။ မုတ္တံ၊ ကျင်ငယ်သည်။ အတ္ထိ၊ ရှိ၏။

ဣမေဒွတ္တိံသာကာရာ၊ ဤသုံးဆယ်နှစ်ပါးသောအခြင်းအရာ တို့သည်။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်ရင်း။ သဏ္ဌာနတောပိ၊ သဏ္ဌာန်အားဖြင့်ရင်း။ ဂန္ဓတောပိ၊ အနံ့အားဖြင့်ရင်း။ အာသယ တောပိ၊ ဖြစ်ကြောင်းအားဖြင့်ရင်း။ ဩကာသတောပိ၊ တည်ရာ အားဖြင့်ရင်း။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိကုန်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ပစ္စဝေက္ခေယျ၊ ဆင်ခြင်ရာ၏။ (ဤကား အနက်တည်း။)

### အဓိပ္ပါယ်

**သည်းခြေ။** ။ထိုသုံးဆယ့်နှစ်ပါးသော ဒွတ္တိံသာကာရတို့ တွင် သည်းခြေသည် ဗဒ္ဓသည်းခြေ, အဗဒ္ဓသည်းခြေဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဗဒ္ဓသည်းခြေသည် အအိမ်၌ တည်၏၊ အဗဒ္ဓသည်းခြေသည် တကိုယ်လုံးကိုနှံ့၍တည်၏၊ ထိုနှစ်

ပါးသော သည်းခြေတို့တွင် အဗဒ္ဓသည်းခြေ ပျက်သည်ရှိသော် မျက်စိတို့သည် ရွှေသော ဝါသော အဆင်းရှိသည် ဖြစ်ကုန်၏၊ မျက်စိတို့သည် ချာချာလည်ကုန်၏၊ ကိုယ်တို့သည် တုန်လှုပ်ကုန်၏၊ ယားနာ, ဝဲနာတို့သည် ဖြစ်ကုန်၏၊ ဗဒ္ဓသည်းခြေပျက်သည် ရှိသော် ရူးခြင်း, စိတ်ပြန့်လွင့်ခြင်းတို့သည် ဖြစ်ကုန်၏၊ မတည်မကြည်ခြင်းတို့သည် ဖြစ်ကုန်၏။"

**သလိပ်။** ။သလိပ်သည် ချက်အထက်အရပ်၌ တသပိတ်အတိုင်းအရှည်ရှိ၏၊ မှော်ဖြင့်ဖုံးလွှမ်းသော ရေအပြင်၌ အုတ်ခဲကိုချအပ်သည်ရှိသော် တဖန်ဖုံးလွှမ်းမြဲဖုံးလွှမ်းပြန်သကဲ့သို့ ထမင်း, ဟင်း, အဖျော်, ဘောဇဉ်တို့သည် ကျရာအရပ်၌ ပြတ်၍ပြတ်၍ တဖန်ဖုံးလွှမ်းမြဲဖုံးလွှမ်းပြန်၏၊ ထိုသလိပ် အားနည်းသောအခါ အပုပ်နံ့တို့သည် ဆန်တက်၍ စကားပြောသောအခါ အပုပ်နံ့တို့သည် လှိုင်ကုန်၏၊ ခံတွင်းပုပ်ကုန်၏၊ ထိုသလိပ်အားကြီးသော် သာလျှင် ရေအိမ်ကို ပိတ်ဆို့၍ ထားသကဲ့သို့ အပုပ်နံ့တို့သည် အထက်သို့ မဆန်မတက်နိုင်ကုန်။

**ပြည်။** ။ပြည်–သည်ကား အခါခပ်သိမ်းကိုယ်၌တည်သည် မဟုတ်၊ အအိုင်းအမာဖြစ်သောအခါ၌ ဖြစ်၏။

**သွေး။** ။သွေးသည်ကား အစုအခဲတည်သောသွေး, ထိုမှ ဤမှ ရွေ့သောသွေးဟူ၍နှစ်ပါးအပြားရှိ၏၊ထိုနှစ်ပါးတို့တွင် ထိုမှဤမှရွေ့သောသွေးသည် တကိုယ်လုံးကို နှံ့၍တည်၏၊ အစုအခဲတည်သောသွေးသည် အသည်း၏အောက်အဖို့၌တည်၏၊ တသပိတ်အတိုင်းအရှည်ရှိ၏၊ ထိုအစုအခဲတည်သောသွေးသည် အသည်း, နှလုံး, ကျောက်ကပ်တို့ကို ဆွတ်၍ဆွတ်၍တည်၏၊ ထိုသွေးသည်

အသည်း, နှလုံး, ကျောက်ကပ်, အဆုတ်တို့ကို မဆွတ်သောအခါ သတ္တဝါတို့သည် ရေငတ်ကုန်၏၊ ရေကိုတောင့်တကုန်၏။

**ဒွတ္တိံသာကာရအားဖြင့် စီးဖြန်းနည်း**

ဤဒွတ္တိံသာကာရကို စီးဖြန်းနည်းကား ပဋိကူလအားဖြင့် စီးဖြန်းနည်း, ကသိုဏ်းအားဖြင့်စီးဖြန်းနည်း, ဓာတ်အားဖြင့်စီးဖြန်းနည်းဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးသောစီးဖြန်းနည်းတို့တွင် ပဋိကူလအားဖြင့် စီးဖြန်းနည်းကို ဆိုပေအံ့။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ ပဋိကူ–
လာ၊ လောမာ ပဋိကူလာ၊ နခါ ပဋိကူလာ၊
ဒန္တာ ပဋိကူလာ၊ တစော ပဋိကူလော၊ မံသံ
ပဋိကူလံ၊ နှာရု ပဋိကူလံ၊ အဋ္ဌိ ပဋိကူလံ၊
အဋ္ဌိမိဉ္ဇံ ပဋိကူလံ၊ ဝက္ကံပဋိကူလံ၊ ဟဒယံ
ပဋိကူလံ၊ ယကနံ ပဋိကူလံ၊ ကိလောမကံ
ပဋိကူလံ၊ ပိဟကံ ပဋိကူလံ၊ ပပ္ဖါသံ ပဋိ–
ကူလံ၊ အန္တံ ပဋိကူလံ၊ အန္တဂုဏံ ပဋိကူလံ၊
ဥဒရိယံ ပဋိကူလံ၊ ကရီသံ ပဋိကူလံ၊ မတ္ထလုင်္ဂံ
ပဋိကူလံ၊ ပိတ္တံ ပဋိကူလံ၊ သေမှံ ပဋိကူလံ၊
ပုဗ္ဗော ပဋိကူလော၊ လောဟိတံ ပဋိကူလံ၊
သေဒေါ ပဋိကူလော၊ မေဒေါ ပဋိကူလော၊
အဿု ပဋိကူလံ၊ ဝသာ ပဋိကူလာ၊ ခေဠော
ပဋိကူလော၊ သိင်္ဃာဏိကာ ပဋိကူလာ၊လသိကာ
ပဋိကူလာ၊ မုတ္တံ ပဋိကူလံ။

ဤသို့ပွားစေရာ၏။ (အနက်လွယ်ပြီ)

တနည်းအားဖြင့်လည်း—

၁။ ကေသာနာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ ပဋိကူလာ။

၂။ လောမာနာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ ပဋိကူလာ။

၃။ နခါနာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ ပဋိကူလာ။

၄။ ဒန္တာနာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ ပဋိကူလာ။

၅။ တစောနာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ ပဋိကူလော။

၆။ မံသံနာမ ဝဏ္ဏတောပိ သဏ္ဌာနတောပိ ဂန္ဓတောပိ အာသယတောပိ ဩကာသတောပိ ပဋိကူလံ။

ဤသို့ အစရှိသည်ဖြင့် သုံးဆယ့်နှစ်ပုဒ် စေ့အောင် ပွားစေအပ်ကုန်၏။

**အနက်ကား**— ကေသာနာမ၊ ဆံတို့မည်သည်ကား။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်ရင်း။ သဏ္ဌာနတောပိ၊ သဏ္ဌာန်အားဖြင့်

ငင်း။ ဂန္ဓတောပိ၊ အနံ့အားဖြင့်ငင်း။ အာသယတောပိ၊ ဖြစ်ကြောင်းအားဖြင့်ငင်း။ ဩကာသတောပိ၊တည်ရာအားဖြင့်ငင်း။ ပဋိကူလာ၊ ရွံရှာဖွယ်ရှိကုန်၏။

(ဤအတူအနက်ကိုဆိုလေ၊ ဖြစ်ကြောင်းဟူသည်ကား ဆံ၏ဖြစ်ကြောင်းကား ဆံမှကြွင်းသော သုံးဆယ့်ဘပါးသည် ဆံဖြစ်ခြင်း၏ အကြောင်းမည်၏၊ ဤနည်းအတူ လောမာအစရှိသည်တို့၌ သိလေအပ်၏။)

အနုလောမ, ပဋိလောမအားဖြင့် စီးဖြန်းနည်းကား ဤသို့တည်း၊ ရွံရှာဖွယ်အားဖြင့် နှလုံးသွင်း၍—

၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။
ဤအနုလောမတစပဉ္စကကို ၅-ရက်ပတ်လုံး စီးဖြန်း။

၂။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။
ဤသို့ ပဋိလောမကို ၅-ရက်ပတ်လုံး စီးဖြန်း။

၃။ လောသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။
ဤအနုလောမ, ပဋိလောမနှစ်ပုဒ်ကို ၅-ရက်ပတ်လုံး စီးဖြန်း။

ဤကား တစပဉ္စက၌ ၁၅-ရက်စေ့အောင် စီးဖြန်း နည်းတည်း၊ ဤအတူ—

ဝက္ကပဉ္စက၌ ၁၅-ရက်။
ပပ္ဖါသပဉ္စက၌ ၁၅-ရက်။
မတ္ထလုင်္ဂပဉ္စက၌ ၁၅-ရက်။

မေဒဆက္က၌ ၁၅-ရက်။
မုတ္တဆက္က၌ ၁၅-ရက်။
ဤအလုံးစုံကိုပေါင်းသော် ဝါတွင်းသုံးလဖြစ်၏၊ ဤကား ဝါတွင်း ၃-လပတ်လုံး စီးဖြန်းနည်းတည်း။

**ဝက္ကပဉ္စကဟူသည်ကား**—ရှိရှာဖွယ်အားဖြင့် နှလုံးသွင်း၍—

၁။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ။
ဤအနုလောမဝက္ကပဉ္စကကို ၅-ရက်စီးဖြန်း။

၂။ ဝက္ကံ၊ အဋ္ဌိ မိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။
ဤပဋိလောမကို ၅-ရက်။

၃။ တဖန်အနုလောမ, ပဋိလောမနှစ်ပါးကို တပေါင်းတည်းပြု၍ ၅-ရက်၊ ဤသို့လျှင် ဝက္ကပဉ္စက၌ ၁၅-ရက်ဖြစ်၏။

**ပပ္ဖါသပဉ္စကဟူသည်ကား**—

၁။ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ။
ဤအနုလောမပပ္ဖါသပဉ္စကကို ၅-ရက်စီးဖြန်း။

၂။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။
ဤပဋိလောမကို ၅-ရက်။

၃။ တဖန်အနုလောမ, ပဋိလောမနှစ်ပါးကို တပေါင်းတည်းပြု၍ ၅-ရက်၊ ဤသို့လျှင် ပပ္ဖာသပဉ္စက၌ ၁၅-ရက်ဖြစ်၏။

**မတ္ထလုင်္ဂပဥ္စကဟူသည်ကား—**

၁။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ ။
ဤအနုလောမ မတ္ထလုင်္ဂ ပဉ္စကကို ၅-ရက်စီးဖြန်း။

၂။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။
ပပ္ဖာသံ၊ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။
ဤပဋိလောမကို ၅-ရက်၊

၃။ တဖန်အနုလောမ, ပဋိလောမနှစ်ပါးကို တပေါင်းတည်း ပြု၍ ၅-ရက်။
ဤသို့လျှင် မတ္ထလုင်္ဂ-ပဉ္စက၌ ၁၅-ရက်ဖြစ်၏။

**မေဒဆက္ကဟူသည်ကား—**

၁။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ။
ဤအနုလောမမေဒဆက္ကကို ၅-ရက်စီးဖြန်း။

၂။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှ၊ ပိတ္တံ။
မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။
ပပ္ဖာသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။
ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။
တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။
ဤပဋိလောမကို ၅-ရက်။

၃။ တဖန်အနုလောမ, ပဋိလောမနှစ်ပါးကို တပေါင်းတည်း ပြု၍ ၅-ရက်၊ဤသို့လျှင် မေဒဆက္က၌ ၁၅-ရက်ဖြစ်၏။

**မုတ္တာဆက္ကဟူသည်ကား—** ရှုံရှာဖွယ်အားဖြင့်နှလုံးသွင်း၍—

၁။ အသာ၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။ ဤအနုလောမ မုတ္တာဆက္ကကို ၅-ရက်စီးဖြန်း။

၂။ မုတ္တံ၊ လသိကာ၊ သိင်္ဃာဏိကာ၊ ခေဠော၊ ဝသာ၊ အသု။ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ။ ပပ္ဖာသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရူ၊ မံသံ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ။ ဤပဋိလောမကို ၅-ရက်စီးဖြန်း။

၃။ တဖန် အနုလောမ, ပဋိလောမနှစ်ပါးကို တပေါင်းတည်းပြု၍ ၅-ရက်စီးဖြန်း။

ဤသို့လျှင် မုတ္တာဆက္ကဌ် တဆယ့်ငါးရက်ဖြစ်၏။

ဤသို့စီးဖြန်းသောအခါ ဤဆံအစရှိသော ၃၂-ပါးသော ကောဋ္ဌာသတို့တွင် တပါးပါးသည် အလွန်စက်ဆုပ်ဖွယ် အားဖြင့် စိတ်၌ထင်လာမည်၊ ထိုသို့ထင်သောအခါ ၃၁-ပါးသော ကောဋ္ဌာသကိုလွှတ်၍ အလွန်စက်ဆုပ်ဖွယ်အားဖြင့် စိတ်၌ထင်သော တခုသော ကောဋ္ဌာသကိုသာ စွဲ၍စီးဖြန်းသောအခါ ဝဏ္ဏ, သဏ္ဌာန, ဂန္ဓ, အာသယ, ဩကာသဟုဆိုအပ်သော ငါးပါးသော အခြင်းအရာဖြင့် အလွန်ရှုံရှာဖွယ်အားဖြင့် စိတ်၌ထင်လေ၏။

ဤသို့သောအားဖြင့် ထင်အောင်စီးဖြန်းသော ကမ္မဋ္ဌာန်းသည်သာလျှင် ဈာန်ကိုရင်း, မဂ်ဖိုလ်ကိုရင်း ဥပါဒ်နိုင်သတည်း၊

ရေးဘ၀၌ ဤသို့သောနည်းဖြင့် စီးဖြန်းခဲ့ဘူးသော တိဟိတ်ဖြစ်သော သူတော်ကောင်းတို့သည်ကား ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ၁-ရက်ငင်း, ၂-ရက်ငင်း, ၃-ရက်ငင်း စီးဖြန်းလျှင်ပင် ဈာန်ကိုငင်း, မဂ်ဖိုလ်ကိုငင်း-ဥပါဒ်လေသတည်း၊ ယခုအခါ၌ သူတော်ကောင်းတို့သည်ကား တိဟိတ်မဟုတ်၍ ဈာန်,မဂ်,ဖိုလ်ကိုပင် မဥပါဒ်နိုင်သော်လည်း ဝါသနာဘာဂီယ ဖြစ်အောင် အားထုတ်အပ်ကုန်၏။

အနုလောမ, ပဋိလောမအားဖြင့် စီးဖြန်း၍ ရှုံရှာဖွယ်အား ဖြင့် မထင်သော ကောဋ္ဌာသကိုလွှတ်၍ ရှုံရှာဖွယ်အားဖြင့် အလွန်ထင်သော တခုသောကောဋ္ဌာသကိုသာ စွဲ၍စီးဖြန်းရာ၌ ဥပမာသော်ကား ၃၂-ပင်အစဉ်ရှိသော ထန်းတော၌နေသော မျောက်ကို ယူလိုသောမုဆိုးသည် အစထန်းပင်၌ ထန်းရွက်ကို မြှားဖြင့်ပစ်၍ ကြွေးကြော်လေသော် အစဉ်သဖြင့် မျောက်သည် တပင်မှသည်တပင် ခုန်၍ပြေးလေသော် အဆုံးဖြစ်သော ထန်းပင်သို့ရောက်လေ၏၊ အဆုံးဖြစ်သောထန်းပင်၌ ထန်းရွက်ကို မြှားဖြင့်ပစ်၍ ကြွေးကြော်လေသော် အစဉ်သဖြင့် မျောက်သည် တပင်မှသည် တပင်ခုန်၍ ပြေးလေသော် အစဖြစ်သောထန်းပင်သို့ ရောက်ပြန်လေ၏၊ ဤသို့သောနည်းဖြင့် ပြန်တုံသွားတုံချောက်ဖန်များ၍ ပြန်တုံသွားတုံ ပြေးဖန်များလတ်သော် ပင်ပန်းသော မျောက်သည် တခုသောထန်းပင်၌ ထန်းဖူးကို ဖက်၍ဝပ်လေ၏၊ မုဆိုးချောက်သော်လည်း မပြေးပြီ၊ ထိုအခါ မုဆိုးလေးနှင့်ပစ်၍ အလွယ်ယူလေ၏။

ဤဥပမာ၌ မုဆိုးနှင့်ကား ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်နှင့်တူ၏၊ မျောက်နှင့်ကား ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်၏စိတ်နှင့်တူ၏၊ ၃၂-ပင်အစဉ်ရှိသော ထန်းတောနှင့်ကား ဒွတ္တိံသာကာရကမ္မဋ္ဌာန်းနှင့်တူ၏၊ ပင်ပန်းသောမျောက်သည် တခုသော ထန်းပင်၏ ထန်းဖူးကိုမြဲစွာကိုင်၍ ဝပ်သည်နှင့်ကား ရှုံရှာဖွယ်သော အားဖြင့်မထင်သော တခုသောကောဋ္ဌာသ တို့ကိုလွှတ်၍ ရှုံရှာဖွယ်အားဖြင့်ထင်သော တခုသောကောဋ္ဌာသကိုသာ မြဲစွာ စွဲ၍ စီးဖြန်းသည်နှင့်တူ၏။

ကာယဂတာ သတိကမ္မဋ္ဌာန်းကို စီးဖြန်းနည်းကား ပဋိကူလ အားဖြင့် စီးဖြန်းနည်း, ကသိဏအားဖြင့် စီးဖြန်းနည်း, ဓာတု အားဖြင့် စီးဖြန်းနည်းဟူ၍ သုံးပါးအပြားရှိ၏၊ထိုသုံးပါးတို့တွင် ယခုဆိုအပ်ခဲ့ပြီးသည်ကား ပဋိကူလအားဖြင့် စီဖြန်းနည်းတည်း။

## ကသိဏအားဖြင့်စီးဖြန်းနည်း

ကသိဏအားဖြင့်သော်ကား ဝဏ္ဏကသိုဏ်းလေးပါးအားဖြင့် စီးဖြန်းရာ၏၊ အဘယ်သို့စီးဖြန်းရာသနည်းဟူမူကား— မိမိကိုယ်၌ ရှိသော ညိုသောဆံ, ညိုသောအမွေး, ညိုသောမျက်လုံး, ညိုသော အဆင်းရှိသော အဖျဉ်း အစရှိသည်ကိုအာရုံပြု၍ "နီလံ-နီလံ" ဟူ၍ စီးဖြန်းအပ်၏၊ ရွှေသောအရေ, ရွှေသောမျက်လုံး, ရွှေသော အဆင်းရှိသော အဆီခဲအစရှိသည်ကို အာရုံပြု၍ "ပီတံ-ပီတံ" ဟူ၍ စီးဖြန်းအပ်၏၊ နီသောအသား, နီသောအသွေး, နီသောအရေ, နီသောအဆင်းရှိသော နှလုံးအစရှိသည်ကိုအာရုံပြု၍ "လောဟိတံ-လောဟိတံ" ဟူ၍ စီးဖြန်း အပ်၏။ ဖြူသော ခြေသည်း

လက်သည်း,ဖြူသောမျက်လုံး,ဖြူသောဆံ,ဖြူသော အဆင်းရှိသော အရိုးစသည်ကို အာရုံပြု၍ "ဩဒါတံ–ဩဒါတံ" ဟူ၍ စီးဖြန်းအပ်၏။

## ဓာတုအားဖြင့်စီးဖြန်းနည်း

ဓာတ်အားဖြင့်စီးဖြန်းရာသောအခြင်းအရာကို ကမ္မဋ္ဌာနဒီပနီ၌ ဆိုအပ်ခဲ့ပြီ၊ ကေသာကကို မတ္ထလုင်္ဂ တိုင်အောင် ဤ၂၀–သည် ပထဝီဓာတ်မည်၏၊ ပိတ္တံကကို မုတ္တံတိုင်အောင် ဤ ၁၂-ပါးသည်ကား အာပေါဓာတ်မည်၏၊ ရက်ချန်ဖျားခြင်းအစရှိသည်ကို ဖြစ်စေတတ်သော သန္တပတိတေဇောဓာတ်, ဆံဖြူခြင်း–အရေလိပ်ခြင်း- အရွယ်၏ယုတ်ခြင်းကို ဖြစ်စေတတ်သော ဇီရတိတေဇောဓာတ်, အလွန်သည်းမခံနိုင်အောင် ပူခြင်းကိုဖြစ်စေတတ်သော ပရိဍယှတိတေဇောဓာတ်, စားအပ် သောက်အပ် လျက်အပ်သော အာဟာရကို ကြေစေတတ်သော သမာပရိဏာမတေဇောဓာတ်၊ ဤသို့အားဖြင့် တေဇောဓာတ် တို့သည်ကား လေးပါးတို့တည်း။

အထက်သို့ဆန်တက်သော ဥဒ္ဓံဂမဝါယောဓာတ်,အောက်သို့စုန်သော အဓောဂမဝါယောဓာတ်, အအူ၏ပြင်၌တည်သော ကုစ္ဆိသယာ ဝါယောဓာတ်, အအူ၏ အတွင်း၌ တည်သော ကောဋ္ဌာသယာဝါယောဓာတ်, အင်္ဂါကြီးငယ်သို့လျှောက်သော အင်္ဂမင်္ဂါနုသာရိဝါယောဓာတ်, ထွက်သက်ဝင်သက်ကို ဖြစ်စေတတ်သော အဿာသ ပဿာသဝါယောဓာတ်၊ ဤသို့အားဖြင့် ဝါယောဓာတ်တို့သည်ကား ၆–ပါးတို့တည်း။

ဤသို့လျှင် ပထဝီခါတ် ၂၀၊ အာပေါခါတ် ၁၂-ပါး၊ တေဇောခါတ် ၄-ပါး၊ ဝါယောခါတ် ၆-ပါး အားဖြင့် ပေါင်းသော် ၄၂-ပါးသော ခါတ်တို့သည် ဤကိုယ်တွင်း၌ ရှိကုန်၏။

## ကာယဂတာသတိ ပွားများရကျိုး

ဤ ကာယဂတာသတိဟု ဆိုအပ်သော ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကား အလွန်လျှင် အကျိုးကြီးမြတ်၏၊ ဥပမာကား— ခပ်သိမ်းသောသတ္တဝါတို့၏ ခြေရာသည် ဆင်ခြေရာ၌ဝင်သကဲ့သို့ ခပ်သိမ်းသောကမ္မဋ္ဌာန်းတို့၏ အကျိုးအာနိသင်သည် ဤဒွတ္တိံသာ ကာရကမ္မဋ္ဌာန်း၌ ဝင်လေတော့သည်၊ အကြင် ယောကျ်ား, မိန်းမတို့သည် ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းသည်ဖြစ်၍ သုံးဆောင်ကုန်၏၊ ထိုယောကျ်ား,မိန်းမတို့သည် နိဗ္ဗာန်ချမ်းသာ ကို မျက်မှောက် ပြုရသည်ဖြစ်၍ သုံးဆောင်ရကုန်၏၊ အကြင် ယောကျ်ား,မိန်းမတို့သည်ကား ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသည်ဖြစ်၍ မသုံးဆောင်ကုန်၊ ထိုယောကျ်ား,မိန်းမတို့သည် ကား နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသည်ဖြစ်၍ မသုံးဆောင် ရကုန်။

ရှေးရှေးသော ဘုရားသခင်သာသနာတော်၌ ဤကာယဂတာ သတိ ကမ္မဋ္ဌာန်းကိုစီးဖြန်းသရဇ္ဈာယ်ခဲ့ဘူးသောကောင်းမှုကြောင့် ငါတို့ဘုရားသခင်လက်ထက်တော်၌ မဂ်ဖိုလ်ရ၍ နိဗ္ဗာန်ကို မျက် မှောက်ပြုရကုန်သော ယောကျ်ား, မိန်းမတို့ကား မရေတွက် နိုင်ကုန်၊ များစွာသောလူတို့သည် နိဗ္ဗာန်ကိုရကြကုန်၏၊ ထို့ ကြောင့် နောင်ဘုရားသခင်တို့၏ အထံတော်၌ နိဗ္ဗာန်ချမ်းသာကို

မျက်မှောက်ပြုလိုသောသူတော်ကောင်းတို့သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မပြတ်မလပ် စီးဖြန်းသရဇ္ဈာယ်အပ်ကုန်၏၊ ထိုမှ တပါးသော အကျိုးအာနိသင်ကိုလည်း ဤသို့ဟောတော်မူ၏။

ကေစမ္ဘော ဘိက္ခဝေ ဘာဝိတော ဗဟုလီ
ကတော မဟာတော သံဝေဂါယ သံဝတ္တတိ။

အစရှိသည်ဖြင့် များစွာဟောတော်မူ၏၊ အဓိပ္ပါယ်ကား—

၁။ ရဟန်းတို့....ပွားစေအပ်သောအကြိမ်များစွာသရဇ္ဈာယ်
အပ်သော တပါးသော ကာယဂတာသတိ ကမ္မဋ္ဌာန်း
သည်ကား များသောအားဖြင့် သံဝေဂကိုရခြင်းငှာ
လည်း ဖြစ်၏။

၂။ အကျိုးစီးပွားများခြင်းငှာလည်း ဖြစ်၏။

၃။ ယောဂလေးပါးတို့၏ ကုန်ခြင်းငှာလည်း ဖြစ်၏။

၄။ သတိသမ္ပဇညနှင့်ပြည့်စုံခြင်းငှာလည်း ဖြစ်၏။

၅။ ဉာဏ်အမြင်ကို ရခြင်းငှာလည်း ဖြစ်၏။

၆။ မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေရ
ခြင်းငှာလည်း ဖြစ်၏။

၇။ ဝိဇ္ဇာသုံးပါးကို မျက်မှောက်ပြုခြင်းငှာလည်း ဖြစ်၏။

၈။ ဝိဇ္ဇာရှစ်ပါးကို မျက်မှောက်ပြုခြင်းငှာလည်း ဖြစ်၏။

၉။ သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှာလည်း
ဖြစ်၏။

၁၀။ သကဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှာလည်းဖြစ်၏။

၁၁။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာလည်းဖြစ်၏။

၁၂။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာလည်း ဖြစ်၏။
၁၃။ ပညာဝေပုလ္လအကျိုးငှာလည်း ဖြစ်၏။
၁၄။ မဟာပညာကို ရခြင်းငှာလည်း ဖြစ်၏။
၁၅။ ပုထုပညာကို ရခြင်းငှာလည်း ဖြစ်၏။
၁၆။ ဝိပုလပညာကို ရခြင်းငှာလည်း ဖြစ်၏။
၁၇။ ဂမ္ဘီရပညာကို ရခြင်းငှာလည်း ဖြစ်၏။
၁၈။ အသမတ္တပညာကို ရခြင်းငှာလည်း ဖြစ်၏။
၁၉။ ဘူရိပညာကို ရခြင်းငှာလည်း ဖြစ်၏။
၂၀။ သီဃပညာကို ရခြင်းငှာလည်း ဖြစ်၏။
၂၁။ လဟုပညာကို ရခြင်းငှာလည်း ဖြစ်၏။
၂၂။ ဟာသပညာကို ရခြင်းငှာလည်း ဖြစ်၏။
၂၃။ ဇဝနပညာကို ရခြင်းငှာလည်း ဖြစ်၏။
၂၄။ တိက္ခပညာကို ရခြင်းငှာလည်း ဖြစ်၏။
၂၅။ နိဗ္ဗေဓိကပညာကို ရခြင်းငှာလည်း ဖြစ်၏။

ဤသို့လျှင် များမြတ်သော အကျိုးအာနိသင်တို့ကို ဆင်ခြင်မှတ်သား၍ ပညာရှိကုန်သော သူတော်ကောင်းတို့သည် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မပြတ်မလပ် စီးဖြန်းသရဇ္ဈာယ်အပ်ကုန်၏။

ကာယဂတာသတိပုဒ်၏အနက်, အဓိပ္ပါယ်အကျဉ်းကား ပြီး၏။

# ၁၀-အာနာပါနသတိ

အာနာပါနသတိ ကမ္မဋ္ဌာန်းကို ပွားစေလိုသော သူတော်ကောင်းတို့သည် ဤသို့သောနည်းဖြင့် ပွားစေအပ်ကုန်၏။

အယံပိ ခေါ ဘိက္ခဝေ အာနာပါနသတိ သမာဓိ ဘာဝိတော ဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။ ကထံ ဘာဝိတော စ ဘိက္ခဝေ အာနာပါနသတိ သမာဓိ ကထံဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သော သတောဝ အဿသတိ၊ သတော ပဿသတိ၊

---

၁၀-အာနာပါနသတိ-ထွက်လေ, ဝင်လေကို အဖန်တလဲလဲ အောက်မေ့ခြင်း။

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ပီတိပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ ပီတိပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သုခပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ စိတ္တသင်္ခါရပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တသင်္ခါရပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ၊ အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊ အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ၊

သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ၊
ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊
ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ၊ ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ၊ နိရောဓာ-နုပဿီ အဿသိဿာမီသိ သိက္ခတိ၊ နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ၊ ပဋိနိဿဂ္ဂါ-နုပဿီ အဿသိဿာမီတိ သိက္ခတိ၊ ပဋိနိဿဂ္ဂါ-နုပဿီ ပဿသိဿာမီတိ သိက္ခတိ၊ ဧဝံ ဘာဝိတော ခေါ ဘိက္ခဝေ အာနာပါနဿတိ ... ဝတ္ထုကံ အာနာပါနဿတိကမ္မဋ္ဌာနံ ဘဂဝတာ နိဒ္ဒိဋ္ဌံ။

ဤကား အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားစေရသော စတုက္ကလေးပါး ပါဠိတည်း။

**အနက်ကား**—ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ ဘာဝိတော၊ ပွားစေအပ်သော။ ဗဟုလီကတော၊ အကြိမ်များစွာ သရဇ္ဈာယ်အပ်သော။ အယံပိ—ခေါ အာနာပါနဿတိသမာဓိ၊ ဤအာနာပါနဿတိသမာဓိကမ္မဋ္ဌာန်းသည်။ သန္တော စေဝ၊ ငြိမ်သက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ပဏီတော စ၊ မွန်မြတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

အသေစနကောစ၊ ပရိကံ့, ဥပစာတို့နှင့် မရောသည်လည်း။ ဟောတိ၊ ဖြစ်၏။

(ပရိကမ္မဘာဝနာဖြင့်လည်းကောင်း ငြိမ်သက်သည်မဟုတ်၊ မိမိသဘောအားဖြင့်ပင် ငြိမ်သက်သော ကမ္မဋ္ဌာန်းဟူလိုသည်။)

သုခေါစဝိဟာရော၊ ချမ်းသာစွာနေရသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပ္ပန္နုပ္ပန္နေ၊ ဖြစ်ကုန်ဖြစ်ကုန်သော။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေဓမ္မေစ၊ အကုသိုလ်တရားတို့ကိုလည်း။ ဌာနသော၊ ခဏချင်း။ အန္တရာဓာပေတိ၊ ကွယ်စေနိုင်၏။ ဝူပသမေတိ၊ ငြိမ်းစေနိုင်၏။

ဘိက္ခဝေ၊ သံသရာဘေးကိုရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ ကထံဘာဝိတောစ၊ အဘယ်သို့ပွားစေအပ်သော။ ကထံဗဟုလီကတော၊ အဘယ်သို့အကြိမ်များစွာ သရဇ္ဈာယ်အပ်သော။ အာနာပါနသတိသမာဓိ၊ အာနာပါနသတိသမာဓိကမ္မဋ္ဌာန်းသည်။ သန္တောစေဝ၊ ငြိမ်သက်သည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ ပဏီတောစ၊ မွန်မြတ်သည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ အသေစနကောစ၊ ပရိကံ့, ဥပစာတို့နှင့် မရောသည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ သုခေါစဝိဟာရော၊ ချမ်းသာစွာနေသည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ ဥပ္ပန္နုပ္ပန္နေ၊ ဖြစ်ကုန် ဖြစ်ကုန်သော။ ပါပကေ၊ ယုတ်မာကုန်သော။ အကုသလေဓမ္မေစ၊ အကုသိုလ်တရားတို့ကိုလည်း။ ဌာနသော၊ ခဏချင်း။ အန္တရ–ဓာပေတိ၊ ကွယ်စေနိုင်သနည်း။ ဝူပသမေတိ၊ ငြိမ်းစေနိုင်သနည်း။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေး ကိုရှုလေ့ရှိသောသူသည်။အရညဂတောဝါ၊ တောသို့ကပ်၍ရင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ ကပ်၍ရင်း။ သုညာဂါရ ဂတောဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ရင်း။ ပလ္လင်္ကံ၊ ထက် ဝယ်ကို။ အာဘုဇိတွာ၊ ဖွဲ့၍။ ကာယံ၊ကိုယ်ကို။ ဥဇုံ၊ ဖြောင့် ဖြောင့်။ ပဏိဓာယ၊ ထား၍။ ပရိမုခံသတိံ၊ ကမ္မဋ္ဌာန်းကိုရှေးရှု သော သတိကို၊ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ နေ၏။

သောဘိက္ခု၊ ထိုသံသရာဘေးကို ရှုလေ့ရှိသောသူသည်။ သတောဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကိုဖြစ်စေ၏။ သတောဝ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍ သာလျှင်၊ ပဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏။ ဒီဃံဝါအဿ— သန္တော၊ ရှည်သော ထွက်သက်ကို ဖြစ်စေသည်ရှိသော်လည်း။ ဒီဃံအဿသာမိတိ၊ ရှည်သောထွက်သက်ကိုဖြစ်စေ၏ဟု။ ပဇာ— နာတိ၊သိ၏။ဒီဃံဝါပဿသန္တော၊ရှည်သောဝင်သက်ကိုဖြစ်စေသည် ရှိသော်လည်း။ ဒီဃံပဿသာမိတိ၊ ရှည်သောဝင်သက်ကိုဖြစ်စေ၏ ဟု။ ပဇာနာတိ၊သိ၏။ရဿံဝါ အဿသန္တော၊တိုသောထွက်သက် ကို ဖြစ်စေသည်ရှိသော်လည်း။ ရဿံအဿသာမိတိ၊ တိုသော ထွက်သက်ကိုဖြစ်စေ၏ဟု။ပဇာနာတိ၊သိ၏။ရဿံဝါပဿသန္တော၊ တိုသောဝင်သက်ကိုဖြစ်စေသည်ရှိသော်လည်း ။ရဿံပဿသာမိတိ၊ တိုသောဝင်သက်ကိုဖြစ်စေ၏ဟု။ ပဇာနာတိ၊ သိ၏။ သဗ္ဗကာယ— ပဋိသံဝေဒီ၊ အလုံးစုံသောထွက်သက်ဝင်သက်အပေါင်း၏ အစ, အလယ်, အဆုံးကိုသိသည်ဖြစ်၍ ထင်သည်ဖြစ်၍။ အဿသိဿာ—

မိတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ သဗ္ဗကာယ–ပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်အပေါင်း၏ အစ, အလယ်, အဆုံးကို သိသည်ဖြစ်၍ ထင်သည်ဖြစ်၍။ ပဿသိဿာမိတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။

(ထွက်သက်၏အစကား ချက်၊ အလယ်ကား ရင်၊ အဆုံးကား နှာသီးဖျား၊ ဝင်သက်၏အစကား နှာသီးဖျား၊ အလယ်ကား ရင်၊ အဆုံးကား ချက်၊ ဤကား ထွက်သက် ဝင်သက်၏ အစ, အလယ်, အဆုံးတည်း၊ အာနဟူသည်ကား ထွက်သက်တည်း၊ ပါနဟူသည်ကား ဝင်သက်တည်း၊ အဿာသ ဟူသည်ကား ထွက်သက်တည်း၊ ပဿာသ ဟူသည်ကား ဝင်သက်တည်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် အမိဝမ်းမှဖွားစဉ် ထွက်သက် ရှေးလျင်ဖြစ်ကုန်သတည်း၊ ဝင်သက်နောက် ဖြစ်ကုန်သတည်း၊ အမိဝမ်းတွင်း၌တည်စဉ်ကား အဿာသ, ပဿာသ မရှိကုန်။)

ကာယသင်္ခါရံ၊ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ–ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမိတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ ကာယသင်္ခါရံ၊ ရုန့်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ–ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်။ ပဿ–သိဿာမိတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။

ဤကား ပဌမစတုက္က၌အနက်တည်း။

ပီတိပဋိသံဝေဒီ၊ ပီတိကိုထင်စွာပြုလျက်။ အဿသိဿာမိတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ ပီတိပဋိသံဝေဒီ၊ ပီတိကိုထင်စွာပြုလျက်။ ပဿသိဿာမိတိ၊ ဝင်သက်ကို ဖြစ်စေ-

အံ့ဟု။ သိက္ခတိ၊ ကျင့်၏။ သုခပဋိသံဝေဒီ၊ သုခကို ထင်စွာ ပြုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု၊ သိက္ခတိ၊ ကျင့်၏။ သုခပဋိသံဝေဒီ၊ သုခကို ထင်စွာပြုလျက်။ ပဿသိ–ဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တ–သင်္ခါရပဋိသံဝေဒီ၊ ဝေဒနာ, သညာဟုဆိုအပ်သော စိတ္တသင်္ခါရကိုထင်စွာပြုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တသင်္ခါရ ပဋိသံဝေဒီ၊ ဝေဒနာ, သညာဟုဆိုအပ်သော စိတ္တသင်္ခါရကိုထင်စွာပြုလျက်။ ပဿသိ–ဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တ–သင်္ခါရံ၊ ရုန့်ရင်းသောစိတ္တသင်္ခါရကို။ ပဿမ္ဘယံ–ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တသင်္ခါရံ၊ ရုန့်ရင်းသောစိတ္တသင်္ခါရကို။ ပဿမ္ဘယံ–ပဿမ္ဘေန္တော၊ ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။

(ဤကား ဒုတိယ စတုက္ကဥ္စအနက်တည်း၊ ဤဒုတိယ စတုက္ကသည် သမထ ဝိပဿနာသမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အရာသာ ဖြစ်၏။)

စိတ္တပဋိသံဝေဒီ၊ စျာန်စိတ်ကိုထင်စွာပြုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တပဋိသံဝေဒီ၊ စျာန်စိတ်ကိုထင်စွာပြုလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တံ၊ စျာန်စိတ်ကို။ အဘိပ္ပမောဒယံ– အဘိပ္ပမောဒေန္တော၊ အလွန် ရွှင်စေလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။

စိတ္တံ၊ ချွန်စိတ်ကို။ အဘိပ္ပမောဒယံ– အဘိပမောဒေန္တော၊ အလွန်ရွှင်စေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တံ၊ချွန်စိတ်ကို။ သမာဒဟံ-သမာဒဟန္တော၊ ကောင်းစွာကသိုဏ်း အစရှိသောအာရုံ၌ထားလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တံ၊ ချွန်စိတ်ကို။ သမာဒဟံ–သမာဒဟန္တော၊ ကောင်းစွာကသိုဏ်း အစရှိသောအာရုံ၌ထားလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တံ၊ ချွန်စိတ်ကို။ ဝိမောစယံ- ဝိမောစေန္တော၊ နီဝရဏအစရှိသည်မှလွတ်စေလျက်။ အဿသိဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ စိတ္တံ၊ ချွန်စိတ်ကို။ ဝိမောစယံ–ဝိမောစေန္တော၊ နီဝရဏအစရှိသည်မှ လွတ်စေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။

(ဤကား တတိယစတုက္က၌အနက်တည်း၊ဤတတိယ စတုက္ကသည်လည်း သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ အရာသာဖြစ်၏။)

အနိစ္စာနုပဿီ၊ ခန္ဓာပဥ္စကကို အနိစ္စအားဖြင့် ရှုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ အနိစ္စာနုပဿီ၊ခန္ဓာပဥ္စကကို အနိစ္စအားဖြင့်ရှုလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ဖြစ်စေအံ့ဟု။သိက္ခတိ၊ ကျင့်၏။ ဝိရာဂါနုပဿီ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟု ဆိုအပ်သော ဝိရာဂကိုရှုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ ဝိရာဂါနုပဿီ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟုဆိုအပ်သော

ဝိရာဂကိုရလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ နိရောဓာနုပဿီ၊ ဖိုလ်, နိဗ္ဗာန်ကိုရှုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ နိရောဓာနုပဿီ၊ဖိုလ်,နိဗ္ဗာန်ကိုရှုလျက်။ပဿသိဿာမီတိ၊ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ကျင့်၏။ ပဋိနိဿဂ္ဂါနုပဿီ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟုဆိုအပ်သော ပဋိနိဿဂ္ဂကိုရှုလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။ ပဋိနိဿဂ္ဂါနုပဿီ။ ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟု ဆိုအပ်သော ပဋိနိဿဂ္ဂကို ရှုလျက်။ ပဿသိဿာမီတိ၊ဝင်သက်ကိုဖြစ်စေအံ့ဟု။ သိက္ခတိ၊ ကျင့်၏။

(ဤကား စတုတ္ထစတုက္ကဥ္စအနက်တည်း၊ ဤစတုတ္ထ စတုက္ကသည်လည်း ခုနစ်ပါးသော အနုပဿနာဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့အားသာ ဖြစ်၏။)

ဧဝံ၊ ဤသို့။သောဠသဝတ္ထုကံ၊ ၁၆–ပါးသောအကြောင်းရှိသော။ အာနာပါနဿတိကမ္မဋ္ဌာနံ၊အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌံ၊ ပြတော်မူအပ်၏။

(ဤအာနာပါနဿတိကမ္မဋ္ဌာန်းကား ဒွာလွန်သိမ်မွေ့နက်နဲခက်ခဲလှ၏၊ ဝိသုဒ္ဓိမဂ်ကျမ်း, ပဋိသမ္ဘိဒါပါဠိတော်, အဋ္ဌကထာတို့၌ ကျယ်ဝန်းစွာလာ၏၊ အလွန်သိနိုင်ခဲ၏။)

**အကျဉ်းအားဖြင့်စတုက္ကဥ္စအဓိပ္ပါယ်ကား—**

ပီယော၊ ချစ်အပ်သည်။ ဂရု၊ အလေးအမြတ်ပြုအပ်သည်။ ဘာဝနီယော၊ မြတ်နိုးခြင်းကို ပွားစေတတ်သည်။ ဝတ္တာ၊

မကောင်းမှုကိုပြုလျှင် စောင့်၍ ဆိုတတ်သည်။ ဝစနက္ခမော၊ စကားပြောဆိုခြင်းငှာခန့်သည်။ ဂမ္ဘီရဥ္စကထံကတ္တာ၊ နက်နဲသော အကျိုးစီးပွားရှိသောစကားကို ပြောတတ်သည်။ နောစဋ္ဌာနေ- နိယောဇယေ၊ အကြောင်းမဟုတ်သည်၌ မယှဉ်စေတတ်သည်။ ဤခုနစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော ကလျာဏမိတ္တ အစစ်ဖြစ်သော ကမ္မဋ္ဌာန်းဆရာအထံ ဆည်းကပ်၍ ကမ္မဋ္ဌာန်း၌ ငါးပါးသော အဆစ်ကို လေ့ကျက်မှတ်သားအပ်၏။

**ငါးပါးသောအဆစ်ဟူသည်ကား—**

၁။ ဥဂ္ဂဟော-အာနာပါနဿတိကမ္မဋ္ဌာန်းကိုသင်ခြင်း။
၂။ ပရိပုစ္ဆာ-အာနာပါနဿတိကမ္မဋ္ဌာန်းကို မေးမြန်းခြင်း။
၃။ ဥပဋ္ဌာနံ-အာနာပါနဿတိကမ္မဋ္ဌာန်းကို နှလုံး၌ထင်ခြင်း။
၄။ အပ္ပနာ-အာနာပါနဿတိကမ္မဋ္ဌာန်းကိုသက်ခြင်း။
၅။ လက္ခဏံ- အာနာပါနဿတိကမ္မဋ္ဌာန်း၏ လက္ခဏာကို မှတ်ခြင်း။

ဤငါးပါးသော ကမ္မဋ္ဌာန်း၌ အဆစ်ကို လေ့ကျက်မှတ်သားအပ်၏၊ ဤသို့လျှင် ကမ္မဋ္ဌာန်း၌ ငါးပါးသော အဆစ်တို့ကို မှတ်သားပြီးသော် အာနာပါနဿတိကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ စီးဖြန်းရာသော ရှစ်ပါးသောအခြင်းအရာကို သိအပ်မှတ်အပ်၏၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ စီးဖြန်းရာသော—

**ရှစ်ပါးသောအခြင်းအရာဟူသည်ကား—**

၁။ ဂဏနာ-ထွက်သက်ဝင်သက်ကိုရေတွက်ခြင်း။
၂။ အနုဗန္ဓနာ-ထွက်သက်ဝင်သက်သို့အစဉ်လိုက်၍ကျင့်ခြင်း။

၃။ ဖုသနာ–ထွက်သက်ဝင်သက်၏ ထိရာအရပ်ကိုမှတ်ခြင်း။
၄။ ဌပနာ–ထွက်သက်ဝင်သက်တည်းဟူသော ကမ္မဋ္ဌာန်းသို့ သက်ခြင်း။ တနည်းကား–စျာန်သို့သက်ခြင်း။
၅။ သလ္လက္ခဏာ–အနိစ္စအစရှိသည်ဖြင့် ဝိပဿနာ ရှုခြင်း။
၆။ ဝိဝဋ္ဋနာ–မဂ်စိတ်ကျခြင်း။
၇။ ပါရိသုဒ္ဓိ–ဖိုလ်စိတ်ကျခြင်း။
၈။ တေသဉ္စပဋိပဿနာ– ထိုမဂ်, ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်ခြင်း။

ဤရှစ်ပါးသောကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ စီးဖြန်းရာသော အခြင်းအရာကို သိအပ်မှတ်အပ်၏၊ ထိုရှစ်ပါးတို့တွင် အစစွာ ကမ္မဋ္ဌာန်းဟူသော အမှုရှိသောယောဂီသည် ရှေးဦးစွာရေတွက်ခြင်းဖြင့် ဤအာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏၊ ထွက်သက်,ဝင်သက်ကို ရေတွက်သောယောဂီသည် ငါးချက်အောက်လည်း မယုတ်စေအပ်၊ ဆယ်ချက်ထက်လည်း မလွန်စေအပ်၊ ငါးချက် ဆယ်ချက်အကြား၌လည်း မပြတ်မပျက်စေအပ်၊ ထွက်သက်ဝင်သက်ကိုရေတွက်သောအခါ၌ ရှေးဦးစွာ စပါးခြင်သော သူတို့၏ ရေတွက်ခြင်းကဲ့သို့ နှေးနှေးရေတွက်အပ်၏၊ ထို့နောင်မှ နွားကျောင်းသား၏ နွားကိုရေတွက်ခြင်းကဲ့သို့ မြန်မြန်ရေတွက်အပ်၏၊ နှာခေါင်းဝ၌ရင်း, အထက်နှုတ်ခမ်းဖျား၌ရင်း ခိုက်၍ ထွက်လှာဝင်လှာသော လေကိုမှတ်၍–

၁–ချက်၊ ၂–ချက်၊ ၃–ချက်၊ ၄–ချက်၊ ၅–ချက်၊
၁–ချက်၊ ၂–ချက်၊ ၃–ချက်၊ ၄–ချက်၊ ၅–ချက်၊ ၆–ချက်။

၁—ချက်၊ ၂—ချက်၊ ၃—ချက်၊ ၄—ချက်၊ ၅—ချက်၊ ၆—ချက်၊ ၇—ချက်။
၁—ချက်၊ ၂—ချက်၊ ၃—ချက်၊ ၄—ချက်၊ ၅—ချက်၊ ၆—ချက်၊ ၇—ချက်၊ ၈—ချက်။
၁—ချက်၊ ၂—ချက်၊ ၃—ချက်၊ ၄—ချက်၊ ၅—ချက်၊ ၆—ချက်၊ ၇—ချက်၊ ၈—ချက်၊ ၉—ချက်။
၁—ချက်၊ ၂—ချက်၊ ၃—ချက်၊ ၄—ချက်၊ ၅—ချက်၊ ၆—ချက်၊ ၇—ချက်၊ ၈—ချက်၊ ၉—ချက်၊ ၁၀—ချက်။

ဤသည်ကား တဝါရမည်၏။

ဤရေတွက်နည်းအတိုင်း အကြား၌ မပြတ် မပျက်ရအောင် နှစ်ဝါရရင်း, သုံးဝါရရင်း, လေးဝါရရင်း, ငါးဝါရရင်း, ဆယ်ဝါရရင်း, ဝါရတရာပြည့်အောင်ရင်း, ဝါရတထောင်ပြည့်အောင်ရင်း ရေတွက်နိုင်ချေသည်၊အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားစေသည်မည်တော့သည်ဟု မှတ်အပ်၏။

ထွက်၍သွားသောလေကိုလည်း မမှတ်၊ ဝင်၍သွားသောလေကိုလည်း မမှတ်၊ နှာခေါင်းဖျား,အထက်နှုတ်ခမ်းဖျား၌ ခိုက်ရာအရပ်ကိုသာမှတ်၍ ရေတွက်ခြင်း၌ ဥပမာကား—ခဆွံ့ သားလှဲ့သော ဥပမာ,တံခါးစောင့်ဥပမာ,လွှတိုက်ဥပမာတို့ဖြင့် သိအပ်၏။

တပါးသောကမ္မဋ္ဌာန်းတို့မှာ စီးဖြန်းလေလေ ထင်လေလေရှိသည်၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းမှုကား စီးဖြန်းလေလေ မထင်လေလေရှိသည်၊ အဘယ့်ကြောင့်နည်းဟူမူကား—အစစ္စာ

သောကာလ၌ ထွက်သက်ဝင်သက်ရှည်ရှင်းလေသည်၊ နောက်နောက် စီးဖြန်းဖန် များသောကာလ၌ ထွက်သက်ဝင်သက် သိမ်မွေ့သော လေသည်ဖြစ်သောကြောင့်တည်း၊ ဤသို့စီးဖြန်း၍ ထွက်သက် ဝင်သက် သိမ်မွေ့သောအားဖြင့် မထင်ပဲရှိခဲ့သော် ကမ္မဋ္ဌာန်းပျောက်ခဲ့ပြီဟု မလျှော့အပ်၊ ဤသို့ဆင်ခြင်၍ စီးဖြန်းအပ်၏၊ အဘယ်သို့ ဆင်ခြင်အပ်သနည်း ဟူမူကား—ဤ ထွက်သက်ဝင်သက် မည်သည်ကား အဘယ်ပုဂ္ဂိုလ်၌ ရှိသနည်း၊ အဘယ်ပုဂ္ဂိုလ်၌မရှိသနည်းဟု ဆင်ခြင်အပ်၏၊ ဤထွက်သက်၊ ဝင်သက်မည်သည်ကား—

၁။ အမိဝမ်း၌ကိန်းသောသူငယ်အားလည်း မရှိ။
၂။ ရေ၌နစ်ကုန်သောသူတို့အားလည်း မရှိ။
၃။ မိန်းမောသောသူတို့အားလည်း မရှိ။
၄။ သေသောသူတို့အားလည်းမရှိ။
၅။ စတုတ္ထစျာန်ကိုဝင်စားသော ကာမပုဂ္ဂိုလ်အားလည်း မရှိ။
၆။ ရူပါဝစရပုဂ္ဂိုလ်အားလည်း မရှိ။
၇။ အရူပါဝစရပုဂ္ဂိုလ်အားလည်း မရှိ။
၈။ နိရောဓသမာပတ်ကို ဝင်စားသော ကာမပုဂ္ဂိုလ်အားလည်း မရှိ။

ဤသို့ဆင်ခြင်၍ မိမိကိုယ်မိမိ စောဒနာအပ်၏၊ သင်သည် ဤရှစ်ယောက်သော ထွက်သက်ဝင်သက် မရှိသော သူတို့တွင် တယောက်ယောက်သောသူ မဟုတ်တကား။ မန္ဒပညာ ဖြစ်၍ သိမ်မွေ့သော ထွက်သက် ဝင်သက်ကို မသိမ်းဆည်း နိုင်သော

ကြောင့် မထင်လေသည်၊ နှာခေါင်းဖျား, အထက်နှုတ်ခမ်းဖျား ကြုံပတွေ့ထိရာအရပ်၌ စိတ်ကိုထား၍ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

## အာနာပါနဿတိပွားများရကျိုး

ဤအာနာပါနကမ္မဋ္ဌာန်း သည်ကား ဉာဏ်ပညာ ကြီးမြတ်သော ပုဂ္ဂိုလ်တို့အရာသာဖြစ်ချေသည်၊ သို့သော်လည်း ဝါသနာဘာဂီယ ဖြစ်အောင် စီးဖြန်းအပ်ကုန်၏၊ ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားစေသော သူသည် စုတိစိတ် ကျခါနီးသော ကာလ၌ မတွေမဝေသတိရရ စုတိစိတ်ကျရသည်၊ ဤသို့လျှင် ကြီးမြတ်သော အကျိုးအာနိသင်ရှိသောကြောင့် သူတော်ကောင်းတို့သည် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို မပြတ်မလပ် ပွားစေအပ်ကုန်၏။

အာနာပါနဿတိပုဒ်၏ အနက်, အဓိပ္ပါယ် အကျဉ်းကား ပြီး၏။

ဤသို့သောနည်းဖြင့် အနုဿတိဆယ်ပါးတို့၏ အနက်,အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ပြခြင်းသည်ကား ပြီး၏။

## ဗုဒ္ဓါနုဿတိကို ပွားခဲ့သူ

ထိုဆယ်ပါးသော အနုဿတိကမ္မဋ္ဌာန်းတို့တွင်"ဗုဒ္ဓါနုဿတိ" ၌ သက်သေသော်ကား- အနာထပိဏ်သူဌေးညီ အရှင်သုဘူတိမထေရ်သည် ပဒုမုတ္တိုရ်ဘုရားသခင် လက်ထက်တော်၌ သူဋ္ဌေးမျိုး၌ဖြစ်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အသက်ထက်ဆုံးပွားစေ၏၊ ထိုကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှ စုတေသော် သိကြားမင်း

အဖြစ် အကြိမ်ရှစ်ဆယ်၊ စကြဝတေးမင်းအဖြစ်အကြိမ်တထောင်၊ ပဒေသရာဇ် ကေရာဇ် သူဌေးကြီး သူကြွယ်ကြီး အဖြစ်ကိုကား မရေတွက်နိုင်၊ ရှည်လျားစွာသော ကမ္ဘာပတ်လုံး သုဂတိ ဘဝ၌သာ ကျင်လည်၍ ငါတို့ဘုရားရှင် လက်ထက် သာဝတ္ထိ ပြည်၌ အနာထပိဏ်သူဌေးညီ သုဘူတိဟု ဖြစ်လာ၏၊ ရဟန်းပြု၍ ရဟန္တာဖြစ်၍ မေတ္တာစျာန်ကို ဝင်စားတတ်သောအရာ၌ ဧတဒဂ် ရလေ၏။

## ဓမ္မာနုဿတိကို ပွားခဲ့သူ

အရှင်သာရိပုတ္တရာသည် အနောမဒဿီဘုရားသခင်လက်ထက် တော်၌ ရဟန်းပြု၍ ပိဋကတ်သုံးပုံကိုအကုန်တတ်၍ "ဓမ္မာနုဿတိ" ကမ္မဋ္ဌာန်းကို ပွားစေသော ကောင်းမှုကြောင့် မရေတွက် နိုင် သော ဘဝတို့၌ လူချမ်းသာ, နတ်ချမ်းသာကိုရသည်၊ ပညာ ကြီးသည်၊ ငါတို့ဘုရားသခင် လက်ထက်တော်၌ ပုဏ္ဏားသူကြွယ် မျိုး၌ဖြစ်၍ ရဟန်းပြုလေသော် ရဟန္တာဖြစ်၍ ပညာကြီးသော အရာ၌ ဧတဒဂ်ရလေ၏။

## သံဃာနုဿတိကို ပွားခဲ့သူ

အရှင်တိသရဏာဂမနိယထေရ်သည် အနောမဒဿီဘုရားသခင် လက်ထက်တော်၌ အမျိုးကောင်းသားဖြစ်၍ သရဏဂုံသုံးပါး ကို ရိုသေစွာဆောက်တည်၏၊ "ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာ နုဿတိ"ကို အသက်ထက်ဆုံး ပွားစေ၏၊ ထိုကောင်းမှုကြောင့် ထိုကိုယ်၏အဖြစ်မှ စုတေလေသော် သိကြားမင်းအဖြစ် အကြိမ် ရှစ်ဆယ်၊ စကြဝတေးမင်းအဖြစ် ခုနစ်ဆယ့်ငါးကြိမ်၊ ပဒေသရာဇ်

ကေရာဇ် သူဌေး သူကြွယ်ကြီး အဖြစ်ကိုကား မရေတွက်နိုင်၊ ရှည်လျားစွာသောကာလပတ်လုံး သုဂတိဘဝ၌သာလျှင် ကျင်လည်၍ ဘဝတိုင်းဘဝတိုင်း ရှစ်ပါးသောအကျိုးကို ရလေ၏၊ ရှစ်ပါးသောအကျိုးဟူသည်ကား—

၁။ သွားလေရာရာ အရပ်ရှစ်မျက်နှာတို့၌ သူခပ်သိမ်းတို့၏ ပူဇော်ကိုခံရသည်။

၂။ နတ်တို့ကောင်းစွာစောင့်ရှောက်သည်။

၃။ မြတ်သောမင်းမျိုး,ပုဏ္ဏားမျိုး၌ ဖြစ်ရသည်။

၄။ စည်းစိမ်ဥစ္စာ များမြတ်သည်။

၅။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်။

၆။ သူခပ်သိမ်းတို့ ချစ်မြတ်နိုးသည်။

၇။ တည်ကြည်ငြိမ်သက်သော စိတ်နှလုံးရှိသည်။

၈။ လောကဓံတရားရှစ်ပါးတို့ဖြင့် တုန်လှုပ်ခြင်းမရှိသည်။

ဤရှစ်ပါးသောအကျိုးတို့ကို ဘဝတိုင်းဘဝတိုင်းရ၍ ငါတို့ဘုရားရှင်လက်ထက်တော်၌ မဟာသာလအမျိုး၌ဖြစ်၍ သာမဏေပြုလေသော် ခုနစ်နှစ်အရွယ်ကပင်ရဟန္တာဖြစ်၍ တိသရဏဂမနိယထေရ်ဟု ကျော်စောထင်ရှားစွာ ဖြစ်၏။

## သီလာနုဿတိ ပွားခဲ့သူ

အရှင် ပဉ္စသီလသမာဒါနိယ မထေရ်သည် အနောမဒဿီဘုရားရှင်လက်ထက် သူဆင်းရဲမျိုး၌ဖြစ်၍ ငါးပါးသောသီလကို ကောင်းစွာဆောက်တည်၍ "သီလာနုဿတိ"ကို ပွားစေ၏၊ ထိုကိုယ်၏အဖြစ်မှုစုတေလေသော်ထိုကောင်းမှုကြောင့်တာဝတိံသာ

နတ်ပြည်မှ သိန္တောမြင်းကသော နတ်ရထားဖြင့် တင်လှာ၍ သိကြားမင်းအဖြစ် အကြိမ်သုံးဆယ်၊ စကြာဝတေးမင်း အဖြစ် ခုနစ်ဆယ့်ငါးကြိမ်၊ ပဒေသရာဇ် ကေရာဇ် သူဌေး သူကြွယ်ကြီး အဖြစ်ကိုကား မရေတွက်နိုင်၊ ရှည်လျားစွာသော ကာလပတ်လုံး သုဂတိဘဝ၌သာလျှင် ကျင်လည်၍ ဘဝတိုင်းဘဝတိုင်း ငါးပါးသောအကျိုးကို ရလေ၏၊ ငါးပါးသောအကျိုး ဟူသည်ကား—

၁။ အသက်ရှည်သည်။
၂။ စည်းစိမ်ဥစ္စာကြွယ်ဝသည်။
၃။ ပညာကြီးသည်။
၄။ အနာရောဂါကင်းသည်။
၅။ အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့်ပြည့်စုံသည်။

ဤငါးပါးသောအကျိုးကိုရ၍ ငါတို့ဘုရားရှင် လက်ထက်တော်၌ သူကြွယ်အမျိုး၌ဖြစ်၍ သာမဏေပြုလေလျှင် ငါးနှစ်ရှယ်ကပင် ရဟန္တာဖြစ်၍ ပဋိသမ္ဘိဒါပ္ပတ္တ မထေရ်ဟု ကျော်စောထင်ရှားစွာ ဖြစ်လေ၏။

## ကာယဂတာသတိပွားခဲ့သူ

အရှင်အာနန္ဒာ, အရှင်နန္ဒက, အရှင်ဝင်္ဂီသ မထေရ်တို့သည်ကား ပဒုမုတ္တိုရ် ဘုရားရှင်လက်ထက်တော်၌ "ကာယဂတာသတိ"ဟု ဆိုအပ်သော ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို ပွားစေခဲ့ဘူးသော ကောင်းမှုကြောင့်ရှည်လျားစွာသောကမ္ဘာပတ်လုံး လူချမ်းသာ, နတ်ချမ်းသာဟု ဆိုအပ်သော သုဂတိဘဝသို့ လားရလေကုန်၏၊ ငါတို့ဘုရားရှင် လက်ထက်တော်၌ ရဟန်းပြု၍ ဒွတ္တိံသာကာရ

ကမ္မဋ္ဌာန်းကို စီးဖြန်းလေကုန်လျှင် ရှေးက စီးဖြန်းခဲ့ဘူးသော ဝါသနာပါ၍ မကြာမြင့်မီ ရဟန္တာ ဖြစ်ရလေကုန်၏၊ အရှင်အာနန္ဒာ,အရှင်နန္ဒက, အရှင်ဂိုသမထေရ်ဟု ကျော်စောထင်ရှားစွာ ဖြစ်လေ၏။

အနုဿတိ ၁၀-ပါး ပြီး၏။

---

# ဝိပဿနာကမ္မဋ္ဌာန်း

## ကမ္မဋ္ဌာန်း ၂-မျိုး

မြတ်စွာဘုရားတို့သည် ဝေနေယျတို့အား ကမ္မဋ္ဌာန်း ပေးတော်မူကုန်သည်ရှိသော် ရှေးကလေ့လာခဲ့ဘူးသော ကမ္မဋ္ဌာန်းကို ဉာဏ်တော်ဖြင့် ကြည့်တော်မူ၍ ကမ္မဋ္ဌာန်းပေးတော်မူကုန် မြဲဟု မှတ်အပ်ကုန်၏။

ကမ္မဋ္ဌာန်းသည် ရူပကမ္မဋ္ဌာန်း, နာမကမ္မဋ္ဌာန်းဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာကိုစွဲ၍ စီးဖြန်းသော ကမ္မဋ္ဌာန်းသည် ရူပကမ္မဋ္ဌာန်းမည်၏၊ နာမက္ခန္ဓာလေးပါးကိုစွဲ၍ စီးဖြန်းသောကမ္မဋ္ဌာန်းသည် နာမကမ္မဋ္ဌာန်းမည်၏၊ တနည်းကား သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ နှစ်ပါးအပြား ရှိ၏၊ ထိုနှစ်ပါးတို့တွင်—

၁။ ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, အနုဿတိ ဆယ်ပါး, ဗြဟ္မဝိဟာရ လေးပါး, အရူပါဝစရလေးပါး,

အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်—
ဤလေး ဆယ်သည် သမထကမ္မဋ္ဌာန်းမည်၏။

၂။ ခန္ဓာငါးပါး,အာယတနတဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါး တို့တွင် တပါးပါးကို အနိစ္စ အစရှိသော လက္ခဏာရေးသို့တင်၍ စီးဖြန်းခြင်းသည် ဝိပဿနာ ကမ္မဋ္ဌာန်းမည်၏။

## ခန္ဓာ ၅-ပါး

**ဤဝိပဿနာကမ္မဋ္ဌာန်း၌ ခန္ဓာငါးပါးဟူသည်ကား—**

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော၊ဝေဒနာက္ခန္ဓော၊သညာက္ခန္ဓော၊
သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓောတိ။
(ဝိဘင်းပါဠိတော်)

**အနက်ကား**—ခန္ဓာ၊ ခန္ဓာတို့သည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ ၎င်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ၎င်း။ သညာက္ခန္ဓော၊ သညာက္ခန္ဓာ၎င်း။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ၎င်း။ ဝိညာက္ခန္ဓော၊ ဝိညာဏက္ခန္ဓာ၎င်း။ ဣတိ၊ ဤသို့။ပဉ္စ၊ ငါးပါး တို့တည်း။

**အဓိပ္ပါယ်ကား—**

၁။ ပထဝီ, အာပေါ, တေဇော, ဝါယော ဟုဆိုအပ်သော မဟာဘုတ်လေးပါး၊ ဤမဟာဘုတ်လေးပါး ကိုမှီ၍စွဲ၍ဖြစ်သော ဥပါဒါရုပ်နှစ်ဆယ့်လေးပါး၊ ဤ နှစ်ဆယ့်ရှစ်ပါးသည် ရူပက္ခန္ဓာမည်၏။

ဥပါဒါရုပ်နှစ်ဆယ့်လေးပါး ဟူသည်ကား–စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှာပသာဒရုပ်, ကာယပသာဒရုပ်, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဘာဝရုပ်နှစ်ခု, ဟဒယဝတ္ထုရုပ်, ဇီဝိတိန္ဒြေရုပ်, ကဗဠီကာရအာဟာရရုပ်, အာကာသဓာတုရုပ်, ကာယဝိညတ္တိရုပ်, ဝစီဝိညတ္တိရုပ်, ရူပဿလဟုတာရုပ်, ရူပဿမုဒုတာရုပ်, ရူပဿကမ္မညတာရုပ်, ဥပစယရုပ်, သန္တတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်–ဤနှစ်ဆယ့်လေးပါးသည် ဥပါဒါရုပ်မည်၏။

၂။ စိတ်တခုယုတ်ကိုးဆယ်၌ယှဉ်သော ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။

၃။ စိတ်တခုယုတ်ကိုးဆယ်၌ယှဉ်သောသညာစေတသိက်သည် သညာက္ခန္ဓာမည်၏။

၄။ စိတ်တခုယုတ်ကိုးဆယ်၌ ယထာရဟယှဉ်သော စေတသိက် ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။

စေတသိက်ငါးဆယ်ဟူသည်ကား–ဖဿစေတသိက်, စေတနာစေတသိက်, ဧကဂ္ဂတာစေတသိက်, ဇီဝိတိန္ဒြေစေတသိက်, မနသိကာရစေတသိက်, ဝိတက်စေတသိက်, ဝိစာရစေတသိက်, အဓိမောက္ခစေတသိက်, ဝီရိယစေတသိက်, ပီတိစေတသိက်, ဆန္ဒစေတသိက်။

မောဟစေတသိက်, အဟိရိကစေတသိက်, အနောတ္တပ္ပစေတသိက်, ဥဒ္ဓစ္စစေတသိက်, လောဘစေတသိက်, ဒိဋ္ဌိစေတသိက်, မာနစေတသိက်, ဒေါသစေတသိက်, ဣဿာစေတသိက်, မစ္ဆရိယ

စေတသိက်, ကုက္ကုစ္စစေတသိက်, ထိနစေတသိက်, မိဒ္ဓစေတသိက်, ဝိစိကိစ္ဆာစေတသိက်။

သဒ္ဓါစေတသိက်, သတိစေတသိက်, ဟိရီစေတသိက်, ဩတ္တပ္ပစေတသိက်, အလောဘစေတသိက်, အဒေါသစေတသိက်,တတြ-မဇ္ဈတ္တတာ စေတသိက်, ကာယပဿဒ္ဓိ စေတသိက်, စိတ္တပဿဒ္ဓိစေတသိက်,ကာယလဟုတာစေတသိက်, စိတ္တလဟုတာစေတသိက်, ကာယမုဒုတာစေတသိက်, စိတ္တမုဒုတာစေတသိက်, ကာယကမ္မ-ညတာစေတသိက်, စိတ္တကမ္မညတာစေတသိက်, ကာယပါဂုညတာစေတသိက်, စိတ္တပါဂုညတာစေတသိက်, ကာယုဇုကတာစေတ-သိက်, စိတ္တုဇုကတာစေတသိက်။

သမ္မာဝါစာစေတသိက်, သမ္မာကမ္မန္တစေတသိက်,သမ္မာအာဇီဝစေတသိက်, ကရုဏာစေတသိက်, မုဒိတာစေတသိက်, အမောဟစေတသိက်- ဤငါးဆယ်သော စေတသိက်သည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စိတ်တခုယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။

စိတ်တခုယုတ်ကိုးဆယ်ဟူသည်ကား— ကာမာဝစရစိတ် ငါးဆယ့်လေးခု၊ ရူပါဝစရစိတ် တဆယ့်ငါးခု၊ အရူပါဝစရစိတ် တဆယ့်နှစ်ခု၊လောကုတ္တရာစိတ်ရှစ်ခုအားဖြင့် တခုယုတ်ကိုးဆယ်ဖြစ်သတည်း၊ ကာမာဝစရစိတ် ငါးဆယ့်လေးခုဟူသည်ကား—အကုသိုလ်စိတ်တဆယ့်နှစ်ခု၊ အဟိတ်စိတ်တဆယ့်ရှစ်ခု၊ မဟာကုသိုလ်စိတ် နှစ်ဆယ့်လေးခုအားဖြင့် ငါးဆယ့်လေးခု ဖြစ်သတည်း၊ ဤသို့လျှင် ခန္ဓာငါးပါးတို့၏အဓိပ္ပါယ်ကို သိအပ်ကုန်၏၊ မိမိကိုယ်၌ ခန္ဓာငါးပါးကို ဤသို့ရှုဆင်ခြင်အပ်၏။

## ခန္ဓာ ၅-ပါးကို ဥပမာဖြင့် ရှုပုံ

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။
(သမ္မောဟဝိနောဒနီပါဠိ)

**အနက်ကား**—ရူပံ၊ ရူပက္ခန္ဓာကို။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်ကို ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို။ ပုဗ္ဗုဠူပမာ။ ရေပွက်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သညာ၊ သညာက္ခန္ဓာကို။ မရီစိကူပမာ၊ တံလျှပ်ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့ကို။ ကဒလူပမာ၊ ငှက်ပျောတုံးကိုကဲ့သို့၊ ဒဋ္ဌဗ္ဗာ။ ရှုအပ်ကုန်၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို။ မာယူပမဉ္စ၊ မျက်လှည့်သည်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပဉ္စက္ခန္ဓာ၊ ငါးပါးသောခန္ဓာတို့ကို။ ဒဋ္ဌဗ္ဗတော၊ ရှုဆင်ခြင်သောအားဖြင့်။ ဒေသိတာ၊ ဟောတော်မူအပ်ကုန်၏။

## ၇-ပါးသော အနုပဿနာဉာဏ်ဖြင့် ရှုပုံ

ဤသို့ရှုဆင်ခြင်ပြီးသော် မိမိကိုယ်၌ ခန္ဓာပဉ္စကကို ခုနစ်ပါးသောအနုပဿနာဉာဏ်တို့ဖြင့် ရှုဆင်ခြင်အပ်၏။

**ခုနစ်ပါးသောအနုပဿနာဉာဏ်ဟူသည်ကား**—

အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊
အနတ္တာနုပဿနာဉာဏ်၊ နိဗ္ဗိဒါနုပဿနာဉာဏ်၊

ဝိရာဂါနုပဿနာဉာဏံ၊ နိရောဓာနုပဿနာဉာဏံ၊ ပဋိနိဿဂ္ဂါနုပဿနာဉာဏန္တိ ဣမာနိ သတ္တ အနုပဿနာဉာဏာနိနာမ။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟတိ၊ အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟတိ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟတိ၊ ဝိရဇ္ဇန္တော ရာဂံ ပဇဟတိ၊ နိရောဓေန္တော သမုဒယံ ပဇဟတိ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။

(သမ္မောဟဝိနောဒနီပါဠိ)

**အနက်ကား**–အနိစ္စာနုပဿနာဉာဏံ၊ ခန္ဓာငါးပါးကို အနိစ္စဟု အဖန်တလဲလဲရှုသောဉာဏ်ရင်း။ ဒုက္ခာနုပဿနာဉာဏံ၊ ခန္ဓာငါးပါးကို ဒုက္ခဟု အဖန်တလဲလဲရှုသောဉာဏ်ရင်း။ အနတ္တာနုပဿနာဉာဏံ၊ ခန္ဓာငါးပါးကို အနတ္တဟု၊ အလိုသို့မလိုက်တတ်ဟု အဖန်တလဲလဲရှုတတ်သောဉာဏ်ရင်း။ နိဗ္ဗိန္ဒာနုပဿနာဉာဏံ၊ ခန္ဓာငါးပါးကို ငြီးငွေ့သောအားဖြင့် အဖန်တလဲလဲ ရှုတတ်သောဉာဏ်ရင်း။ ဝိရာဂါနုပဿနာဉာဏံ၊ ခန္ဓာငါးပါး၌ တပ်ခြင်းကင်းသောအားဖြင့် အဖန်တလဲလဲ ရှုသောဉာဏ်ရင်း။ နိရောဓာနုပဿနာဉာဏံ၊ ခန္ဓာငါးပါးတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုသောဉာဏ်ရင်း။ ပဋိနိဿဂ္ဂါနုပဿနာဉာဏံ၊ ပရိစ္စာဂ ပဋိနိဿဂ္ဂ, ပက္ခန္ဒန ပဋိနိဿဂ္ဂကို အဖန်တလဲလဲရှုသော

ဉာဏ်ရင်း။ ဣတိ၊ ဤသို့။ ဣမာနိသတ္တ၊ ဤခုနစ်ပါးတို့သည်။ အနုပဿနာဉာဏာနိနာမ၊ အနုပဿနာဉာဏ်တို့မည်ကုန်၏။

(ဝိပဿနာဉာဏ်သည် ပရိစ္စာဂပဋိနိဿဂ္ဂမည်၏၊ မဂ်ဉာဏ်သည် ပက္ခန္ဒနပဋိနိဿဂ္ဂမည်၏ဟု မှတ်အပ်၏။)

ပဉ္စက္ခန္ဓေ၊ ငါးပါးကုန်သောခန္ဓာတို့ကို။ အနိစ္စတော၊အနိစ္စဟူ၍။ အနုပဿန္တော၊ အဖန် တလဲလဲရှုသော ယောဂီသည်။ နိစ္စသညံ၊ မြဲ၏ဟူသောအမှတ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။ ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ ဒုက္ခတော၊ ဒုက္ခဟူ၍။ အနုပဿန္တော၊ အဖန်တလဲလဲရှုသောယောဂီသည်။ သုခသညံ၊ချမ်းသာ၏ဟူသော အမှတ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။ ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ အနတ္တတော၊ အနတ္တဟူ၍။ အနုပဿန္တော၊ အဖန်တလဲလဲရှုသောယောဂီသည်။ အတ္တသညံ၊ အလိုသို့လိုက်တတ်၏ဟူသောအမှတ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။ နိဗ္ဗိန္ဒန္တော၊ ခန္ဓာငါးပါး၌ ငြီးငွေ့သောယောဂီသည်။ နန္ဒိံ၊ ခန္ဓာငါးပါး၌ နှစ်သက်မြတ်နိုးခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ ဝိရဇ္ဇန္တော၊ ခန္ဓာငါးပါး၌ တပ်ခြင်းကင်းသောယောဂီသည်။ ရာဂံ၊ ခန္ဓာငါးပါး၌ တပ်မက်မောခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ နိရောဓေန္တော၊ ခန္ဓာငါးပါးတို့ကို အကြွင်းမဲ့ချုပ်စေသောယောဂီသည်။သမုဒယံ၊ ခန္ဓာငါးပါးတို့၏ အကြောင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ ပဋိနိဿဇ္ဇန္တော၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်နှင့် ပြည့်စုံသောယောဂီသည်။ အာဒါနံ၊ ခန္ဓာပဉ္စကတည်းဟူသောဝဋ်၌ မြဲစွာစွဲလမ်းခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။

## ၁၈–ပါးသော မဟာဝိပဿနာပညာဖြင့်ရှုပုံ

ဤသို့လျှင် ခုနစ်ပါးသော အနုပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ပြီးသော် ဘုံသုံးပါး၌ဖြစ်သော ကာမဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရခန္ဓာတို့ကို တဆယ့်ရှစ်ပါးသော မဟာ ဝိပဿနာပညာဖြင့် ရှုဆင်ခြင်အပ်ကုန်၏။

**တဆယ့်ရှစ်ပါးသောမဟာဝိပဿနာပညာဟူသည်ကား—**

အဋ္ဌာရသမဟာဝိပဿနာ ပညာနာမ အနိစ္စာ-
နုပဿနံ ဒုက္ခာနုပဿနံ အနတ္တာနုပဿနံ နိဗ္ဗိန္ဒာ
နုပဿနံ ဝိရာဂါ နုပဿနံ နိရောဓာ နုပဿနံ
ပဋိနိဿဂ္ဂါနုပဿနံ ခယာနုပဿနံ ဝယာနုပဿနံ
ဝိပရိဏာမာနုပဿနံ အနိမိတ္တာနုပဿနံ အပ္ပဏိ-
ဟိတာ နုပဿနံ သုညတာနုပဿနံ အဓိပညာဓမ္မ-
ဝိပဿနံ ယထာဘူတဉာဏဒဿနံ အာဒီနဝါ
နုပဿနံ ပဋိသင်္ခါနုပဿနံ ဝိဝဋ္ဋာနုပဿနန္တိ
ဣမာသု ပဝတ္တာသု ပညာ။
(ဝိသုဒ္ဓိမဂ်ပါဠိ)

အဋ္ဌာရသမဟာဝိပဿနာပညာနာမ၊ တဆယ့်ရှစ်ပါးသော မဟာဝိပဿနာပညာတို့မည်သည်ကား။အနိစ္စာနုပဿနံ၊ခန္ဓပဉ္စကကိုအနိစ္စဟုအဖန်တလဲလဲရှုခြင်းဉာဏ်။ ဒုက္ခာနုပဿနံ၊ ခန္ဓပဉ္စကကို ဒုက္ခဟူ၍အဖန်တလဲလဲရှုခြင်းဉာဏ်။ အနတ္တာနုပဿနံ၊ ခန္ဓပဉ္စကကို အနတ္တဟုအဖန်တလဲလဲရှုခြင်းဉာဏ်။ နိဗ္ဗိန္ဒာနုပဿနံ၊ ခန္ဓပဉ္စကကို ငြီးငွေ့သောအားဖြင့် အဖန်တလဲလဲရှုခြင်းဉာဏ်။ ဝိရာဂါနုပဿနံ၊

ခန္ဓပဉ္စကကို တပ်ခြင်းကင်းသောအားဖြင့် အဖန်တလဲလဲ ရှုခြင်း ၎င်း။ နိရောဓာနုပဿနာ၊ ခန္ဓပဉ္စက၏ ချုပ်ရာနိဗ္ဗာန်ကို အဖန် တလဲလဲရှုခြင်း၎င်း။

ပဋိနိဿဂ္ဂါနုပဿနာ။ ပရိစ္စာဂပဋိနိဿဂ္ဂ, ပက္ခန္ဒနပဋိနိဿဂ္ဂကို အဖန်တလဲလဲရှုခြင်း၎င်း။ ခယာနုပဿနာ၊ ခန္ဓပဉ္စက၏ ကုန် တတ်သောသဘောကို အဖန်တလဲလဲရှုခြင်း၎င်း။ ဝယာနုပဿနာ၊ ခန္ဓပဉ္စက၏ပျက်တတ်သောသဘောကို အဖန်တလဲလဲရှုခြင်း၎င်း။ ဝိပရိဏာမာနုပဿနာ၊ ခန္ဓပဉ္စက၏ ဖောက်ပြန်တတ်သောသဘော ကို အဖန်တလဲလဲရှုခြင်း၎င်း။ အနိမိတ္တာနုပဿနာ၊ ခန္ဓပဉ္စက၏ အတ္တနိမိတ်ကင်းသည်၌ အဖန်တလဲလဲရှုခြင်း၎င်း။ တနည်းကား– အတ္တနိမိတ်ကင်းသော ခန္ဓပဉ္စကကို မမြဲသောအားဖြင့် အဖန် တလဲလဲရှုခြင်း၎င်း။ အပ္ပဏိဟိတာနုပဿနာ၊ ရာဂ, ဒေါသ, မောဟဟူသော တောင့်တခြင်း၏ ဆန့်ကျင်ဖက်ကို အဖန်တလဲလဲ ရှုခြင်း၎င်း။ တနည်းကား–ဒုက္ခသဘောသာဖြစ်၍ ရပါလို၏ဟု မတောင့်တအပ်သော ခန္ဓပဉ္စကကို အဖန်တလဲလဲရှုခြင်း၎င်း။

သုညတာနုပဿနာ၊ အတ္တမှဆိတ်သောခန္ဓပဉ္စကကို အဖန် တလဲလဲရှုခြင်း၎င်း။ တနည်းကား– အနတ္တသဘောသာ ဖြစ်၍ အတ္တမှဆိတ်၏ဟု အဖန်တလဲလဲရှုခြင်း၎င်း။ အဓိပညာဓမ္မဝိပဿနာ၊ သင်္ခါရတို့၏ ပျက်တတ်သောသဘောကိုမြင်တတ်သော အဓိပညာ ဖြင့် ပျက်တတ်သောသင်္ခါရဓမ္မတို့ကို အထူးသဖြင့်ရှုခြင်း၎င်း။ ယထာဘူတဉာဏဒဿနာ၊ မဖောက် မပြန် သင်္ခါရတရားတို့၏ အနိစ္စ–ဒုက္ခ–အနတ္တ သဘောကို မြင်ခြင်း၎င်း။ အာဒီနဝါနု- ပဿနာ၊ ခန္ဓပဉ္စက၌အပြစ်ကို အဖန်တလဲလဲ ရှုခြင်း၎င်း။

တနည်းကား—ဘဝ သုံးပါးတို့၌ အပြစ်ကို ရှုခြင်းငှင်း။ ပဋိသင်္ခါနုပဿနာ၊ ဝဋ်မှလွတ်ခြင်း၏ အကြောင်းကိုပြည့်စုံစိမ့်သောငှာ မြင်အပ်ပြီးသော အပြစ်ရှိသော ခန္ဓာငါးပါးတို့၌ အဖန်တလဲလဲ သုံးသပ်တတ်သော ပဋိသင်္ခါ ပညာကို အဖန်တလဲလဲ ရှုခြင်းငှင်း။ ဝိဝဋ္ဋာနုပဿနာ၊ မြင်အပ်ပြီးသော အပြစ်ရှိသော ခန္ဓာငါးပါးတို့၌ လျစ်လျူရှုသည်၏ အစွမ်းအားဖြင့် ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်, သစ္စာလေးပါး အားလျော်စွာ ဖြစ်သော အနုလောမဉာဏ်ဟု ဆိုအပ်သော ဝိဝဋ္ဋကို အဖန်တလဲလဲ ရှုခြင်းငှင်း။ ဣတိ၊ ဤသို့။ ဣမာသု၊ ဤတဆယ့်ရှစ်ပါးသော အနုပဿနာတို့၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပညာ၊ ပညာတို့သည်။ အဋ္ဌာရသမဟာဝိပဿနာပညာနာမ၊ တဆယ့်ရှစ်ပါးသော မဟာဝိပဿနာပညာတို့ မည်ကုန်၏။

(ဝိသုဒ္ဓိမဂ်ပါဠိ၏အနက်။)

**မဟာဝိပဿနာ ၁၈-ပါး ပွားများရကျိုး**

ယာသု အနိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခာနုပဿနံ ဘာဝေန္တော သုခသညံပဇဟတိ၊အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ ပဇဟတိ၊ နိဗ္ဗိဒါနုပဿနံ ဘာဝေန္တော နန္ဒိံ ပဇဟတိ၊ ဝိရာဂါနုပဿနံ ဘာဝေန္တော ရာဂံ ပဇဟတိ၊ နိရောဓာနုပဿနံ ဘာဝေန္တော သမုဒယံ ပဇဟတိ။

ပဋိနိဿဂ္ဂါနုပဿနံ ဘာဝေန္တော အာဒါနံ ပဇဟတိ၊ ခယာနုပဿနံ ဘာဝေန္တော ဃနသညံ

ပဇဟာတိ၊ ဝယာနုပဿနံ ဘာဝေန္တော အာယူဟနံ ပဇဟာတိ၊ ဝိပရိဏာမာနုပဿနံ ဘာဝေန္တော ဓုဝသညံ ပဇဟာတိ၊ အနိမိတ္တာနုပဿနံ ဘာဝေန္တော နိမိတ္တံ ပဇဟာတိ၊ အပ္ပဏိဟိတာနုပဿနံ ဘာဝေန္တော ပဏိဓိံ ပဇဟာတိ။

သုညတာနုပဿနံ ဘာဝေန္တော အဘိနိဝေသံ ပဇဟာတိ၊ အဓိပညာဓမ္မဝိပဿနံ ဘာဝေန္တော သာရာဒါနာဘိနိဝေသံ ပဇဟာတိ၊ ယထာဘူတဉာဏဒဿနံ ဘာဝေန္တော သမ္မောဟာဘိနိဝေသံ ပဇဟာတိ၊ အာဒီနဝါနုပဿနံ ဘာဝေန္တော အာလယာဘိနိဝေသံ ပဇဟာတိ၊ ပဋိသင်္ခါနုပဿနံ ဘာဝေန္တော အပဋိသင်္ခံ ပဇဟာတိ၊ ဝိဝဋ္ဋာနုပဿနံ ဘာဝေန္တော သညောဂါဘိနိဝေသံ ပဇဟာတိ။

(ဤကား တဆယ့်ရှစ်ပါးသော အနုပဿနာကို ပွားစေခြင်း၌ အကျိုးအာနိသင်တည်း၊ ဝိသုဒ္ဓိမဂ်၌လာ၏။)

**အနက်ကား**–ယာသု၊အကြင်တဆယ့်ရှစ်ပါးသောအနုပဿနာတို့တွင်။ အနိစ္စာနုပဿနံ၊အနိစ္စာနုပဿနာကို။ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ နိစ္စသညံ၊ ခန္ဓပဉ္စကသည်မြဲ၏ ဟူသော အမှတ်ကို။ ပဇဟာတိ၊စွန့်နိုင်၏။ဒုက္ခာနုပဿနံ၊ဒုက္ခာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။သုခသညံ၊ခန္ဓပဉ္စကသည် သုခဖြစ်၏ ဟူသော အမှတ် သညာကို။ ပဇဟာတိ၊ စွန့်နိုင်၏။

အနတ္တာနုပဿနံ၊ အနတ္တာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ အတ္တသညံ၊ အတ္တဟူသော အမှတ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။ နိဗ္ဗိဒါနုပဿနံ၊ နိဗ္ဗိဒါနုပဿနာကို၊ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ နန္ဒိံ၊ ခန္ဓပဉ္စက၌နှစ်သက်ခြင်း, မြတ်နိုးခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ ဝိရာဂါနုပဿနံ၊ ဝိရာဂါနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ ရာဂံ၊ ခန္ဓပဉ္စက၌ တပ်မက်မောခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ နိရောဓာနုပဿနံ၊ နိရောဓာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ သမုဒယံ၊ ခန္ဓပဉ္စက၏ အကြောင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။

ပဋိနိဿဂ္ဂါနုပဿနံ၊ ပဋိနိဿဂ္ဂါနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ အာဒါနံ၊ ခန္ဓပဉ္စက၌ မြဲစွာစွဲလမ်းခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ ခယာနုပဿနံ၊ ခယာနုပဿနာကို။ ဘာဝေန္တော၊ပွားစေသောယောဂီသည်။ ဃနသညံ၊ သန္တတိဃန, သမူဟဃန,ကိစ္စဃန,အာရမ္မဏဃန အားဖြင့် တခဲနက်၏အဖြစ်ကို ယူခြင်းကို။ ပဇဟတိ၊ စွန့်နိုင်၏။ ဝယာနုပဿနံ၊ ဝယာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ အာယူဟနံ၊ ခန္ဓပဉ္စကကိုရခြင်းငှာ အားထုတ်တတ်သော တဏှာကို။ ပဇဟတိ၊ စွန့်နိုင်၏။ ဝိပရိဏာမာနုပဿနံ၊ ဝိပရိဏာမာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ ဓုဝသညံ၊ ခန္ဓပဉ္စကသည် မြဲ၏ဟူသောအမှတ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။ အနိမိတ္တာနုပဿနံ၊ အနိမိတ္တာနုပဿနာကို။ ဘာဝေန္တော၊ပွားစေသောယောဂီသည်။ နိမိတ္တံ၊ အတ္တဟူသော သင်္ခါရနိမိတ်ကို။ ပဇဟတိ၊ စွန့်နိုင်၏။

အပ္ပဏိဟိတာနုပဿနံ၊ အပ္ပဏိဟိတာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ ပဏိဓိံ၊ ခန္ဓပဉ္စကကို ရပါလို၏ဟု တောင့်တခြင်းကို။ ပဇဟာတိ၊ စွန့်နိုင်၏။

သုညတာနုပဿနံ၊ သုညတာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ အတ္တာဘိနိဝေသံ၊ ခန္ဓပဉ္စကကို အတ္တအားဖြင့်နှလုံးသွင်းခြင်းကို။ ပဇဟာတိ၊စွန့်နိုင်၏။ အဓိပညာဓမ္မဝိပဿနံ၊ အဓိပညာဓမ္မ ဝိပဿနာပညာကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ သာရာဒါနာဘိနိဝေသံ၊ နိစ္စသာရ, ဓုဝသာရ, အတ္တသာရအားဖြင့် စွဲလမ်းသောတဏှာနှင့်တကွသော ဒိဋ္ဌိဟူသော အဘိနိဝေသကို။ ပဇဟာတိ၊ စွန့်နိုင်၏။ ယထာဘူတဉာဏဒဿနံ၊ ဖဖောက်မပြန်သော ဉာဏ်အမြင်ကို။ ဘာဝေန္တော၊ ပွားစေသောယောဂီသည်။ သမ္မောဟာဘိနိဝေသံ၊ တွေဝေသောအားဖြင့် နှလုံးသွင်းခြင်းကို။ ပဇဟာတိ၊ စွန့်နိုင်၏။ အာဒီနဝါနုပဿနံ၊ အာဒီနဝါနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ အာလယာဘိနိဝေသံ။ ဝဋ်၌တပ်သော တဏှာအားဖြင့် နှလုံးသွင်းခြင်းကို။ ပဇဟာတိ၊ စွန့်နိုင်၏။ ပဋိသင်္ခါနုပဿနံ၊ပဋိသင်္ခါနုပဿနာကို။ဘာဝေန္တော၊ပွားစေသောယောဂီသည်။ အပ္ပဋိသင်္ခံ၊ ဝဋ်ကိုမဆင်ခြင်ခြင်းကို။ ပဇဟာတိ၊စွန့်နိုင်၏။ ဝိဝဋ္ဋာနုပဿနံ၊ ဝိဝဋ္ဋာနုပဿနာကို။ ဘာဝေန္တော၊ ပွားစေသော ယောဂီသည်။ သညောဂါဘိနိဝေသံ၊ဝဋ်၌ယှဉ်ခြင်းကို နှလုံးသွင်းကို။ ပဇဟာတိ၊ စွန့်နိုင်၏။

ဤသို့လျှင် ခန္ဓာငါးပါးတို့ကို တဆယ့်ရှစ်ပါးသော အနုပဿနာတို့ဖြင့် ပွားစေအပ်ကုန်၏။

## အနိစ္စလက္ခဏာတို့ဖြင့်ပွားပုံ

ထိုမှတပါးလည်း ခန္ဓာငါးပါးတို့ကို ငါးဆယ်သော အနိစ္စလက္ခဏာတို့ဖြင့် ပွားစေအပ်ကုန်၏။ အဘယ်သို့ ပွားစေအပ်ကုန် သနည်း ဟူမူကား—

တွေ ဟိ ကေကော ခန္ဓေ အနိစ္စတော
ပလောကတော စလတော ပဘင်္ဂုတော အဓုဝ
တော ဝိပရိဏာမဓမ္မတော အသာရကတော
ဝိဘဝတော သင်္ခတတော မရဏဓမ္မတော
သမ္မသိတဗ္ဗောတိ ကေကသ္မိံ ခန္ဓေ ဒသဒသ
ကတွာ ပညာသ အနိစ္စာနုပဿနာနိ ဟောန္တိ။
(ဝိသုဒ္ဓိမဂ်ဋီကာ၏။)

**အနက်ကား**–တွေဟိ၊ ဤငါးပါးသောခန္ဓာတို့တွင်၊ ကေကော ခန္ဓော၊ တပါးတပါးသောခန္ဓာကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ သမ္မသိတဗ္ဗော၊ သုံးသပ်အပ်၏။ ပလောကတော၊ ဇရာ, ဗျာဓိ, မရဏတို့ဖြင့် ပျက်စီးတတ်သောအားဖြင့်ရင်း။ စလတော၊ လောဘ, ဒေါသ, မောဟ အစရှိသည်ဖြင့် တုန်လှုပ်တတ်သောအားဖြင့်ရင်း။ ပဘင်္ဂုတော၊ ဖရိုဖရဲပျက်စီးခြင်း သဘောသို့ ရောက်တတ်သော အားဖြင့်ရင်း။ အဓုဝတော၊ အမြဲမတည်သော သဘောအားဖြင့်ရင်း။ ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်တတ်သော သဘော အားဖြင့်ရင်း။ အသာရကတော၊ နိစ္စသာရ, ဓုဝသာရ, သုခသာရ, အတ္တသာရမှကင်းသောအားဖြင့်ရင်း။ ဝိဘဝတော၊ အစီးအပွားမှ ကင်းသောအားဖြင့်ရင်း။ သင်္ခတတော၊ အကြောင်းတရားတို့သည်

ပြုပြင်အပ်သောအားဖြင့်၎င်း။ မရဏာဓမ္မတော၊ သေတတ်သော အားဖြင့်၎င်း။ သမ္မသိတဗ္ဗော၊ သုံးသပ်အပ်၏။ ဣတိ၊ ဤသို့။ ဧကေကသ္မိံ ခန္ဓေ၊ တစ်ပါးတပါးသောခန္ဓာ၌။ ဒသဒသ၊ ဆယ်ပါး ဆယ်ပါးသော အနိစ္စလက္ခဏာတို့ကို။ ကတွာ၊ ပြု၍။ ပညာသ အနိစ္စာနုပဿနာနိ၊ ငါးဆယ်သော အနိစ္စာနုပဿနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဤဆယ်ပုဒ်တို့ကို အနိစ္စပရိယာယ်သဒ္ဒါချည်းဟု မှတ်အပ်ကုန်၏။)

## ဒုက္ခလက္ခဏာတို့ဖြင့် ပွားပုံ

ခန္ဓာငါးပါး၌ တရာ့နှစ်ဆယ့်ငါးပါးသော ဒုက္ခာနုပဿနာတို့သည် ဖြစ်ကုန်၏။ အဘယ်သို့ဖြစ်ကုန်သနည်းဟူမူကား—

ပဉ္စသု ခန္ဓေသု ဧကေကော ခန္ဓော ဒုက္ခ
တော ရောဂတော ဂဏ္ဍတော သလ္လတော
အဃတော အာဗာဓတော ဤတိတော ဥပဒ္ဒဝ
တော ဘယတော ဥပသဂ္ဂတော အတာဏတော
အလေဏတော အသရဏတော အာဒီနဝတော
အဃမူလတော ဝဓကတော သာသဝတော
မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော
ဗျာဓိဓမ္မတော သောကဓမ္မတော ပရိဒေဝဓမ္မ
တော ဥပါယာသဓမ္မတော သံကိလေသိကဓမ္မ
တော သမ္မသိတဗ္ဗောတိ ဧကေကသ္မိံ ခန္ဓေ

ပဋ္ဌဝီသတိ ပဋ္ဌဝီသတိ ကတ္ဝာ ပဋ္ဌဝီသတိသတံ
ဒုက္ခာနုပဿနာနိ ဟောန္တိ။
(ဝိသုဒ္ဓိမဂ်ဋ္ဌကထာ၏။)

ပဋ္ဌသုခန္ဓေသု၊ ငါးပါးသောခန္ဓာတို့တွင်။ ဧကေကာခန္ဓေ၊ တပါးတပါးသော ခန္ဓာကို။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ သမ္မသိတဗ္ဗော၊ သုံးသပ်အပ်၏။ ရောဂတော၊ ကျင်နာတတ်သော အားဖြင့်၎င်း။ ဂဏ္ဍတော၊ ပြည်တရွတ်ရွတ်ယိုသော အိုင်းအမာနှင့်တူသောအားဖြင့်၎င်း။ သလ္လတော၊ စူးဝင်တတ်သော ငြောင့်နှင့်တူသောအားဖြင့်၎င်း။ အဃတော၊ အစီးအပွားမဲ့ကို ဆောင်တတ်သော မကောင်းမှုဒုစရိုက်၏ အကြောင်းအားဖြင့်၎င်း။ အာဗာဓတော၊ နှိပ်စက်တတ်သောအားဖြင့်၎င်း။ ဤတိတော၊ များစွာသော ပျက်စီးခြင်း၏အကြောင်းကို ဆောင်တတ်သော အားဖြင့်၎င်း။ ဥပဒ္ဒဝတော၊ နှိပ်စက်ခြင်း၏ အကြောင်းအားဖြင့်၎င်း။ ဘယတော၊ ခပ်သိမ်းသောဘေးတို့၏ တည်ရာအားဖြင့်၎င်း။ ဥပသဂ္ဂတော၊ များစွာသော အကျိုးမဲ့တို့သည် အစဉ်လိုက် အပ်သည်၏အဖြစ်, ရာဂ—ဒေါသ—မောဟ အစရှိသော အကုသိုလ်တရားတို့နှင့် ပြည့်စုံသည်၏ အဖြစ်အားဖြင့်၎င်း။ အတာဏတော၊ အပါယ်ဘေး အစရှိသည်ကိုမစောင့်ရှောက်တတ်သော အားဖြင့်၎င်း။ အလေဏတော၊ မှီခိုပုန်းအောင်းရာ မဟုတ်သောအားဖြင့်၎င်း။ အသရဏတော၊ကိုးကွယ်ရာမဟုတ်သော အားဖြင့်၎င်း။ အာဒီနဝတော၊ ကြီးစွာသော အပြစ်အားဖြင့်၎င်း။ အဃမူလတော၊ မကောင်းမှုအကုသိုလ်ဒုစရိုက်၏ မူလဖြစ်သောအားဖြင့်၎င်း။ ဝဓကတော၊ သူသတ်

လက်မရှိ နှင့်တူသောအားဖြင့်ဇင်း။သာသဝတော၊အာသဝေါ၏ အာရုံဖြစ်သောအားဖြင့်ဇင်း။ မာရာမိသတော၊ ကိလေသမာရ်, မစ္စုမာရ်တို့သည် စွဲလမ်းအပ်သောအားဖြင့်ဇင်း။ဇာတိဓမ္မတော၊ ဇာတိသဘောရှိသောအားဖြင့်ဇင်း။ ဇရာဓမ္မတော၊ ဇရာသဘော ရှိသော အားဖြင့်ဇင်း။ ဗျာဓိဓမ္မတော၊ ဗျာဓိသဘော ရှိသော အားဖြင့်ဇင်း။ သောကဓမ္မတော၊ သောကသဘော ရှိသော အားဖြင့်ဇင်း။ ပရိဒေဝဓမ္မတော၊ငိုမြည်တမ်းခြင်းသဘောရှိသော အားဖြင့်ဇင်း။ ဥပါယာသဓမ္မတော၊ သက်ကြီးရှိုက်တငင်ပင်ပန်း ခြင်း သဘောရှိသောအားဖြင့်ဇင်း။ သံကိလေသိက ဓမ္မတော၊ အကုသိုလ်ဒုစရိုက်တို့ဖြင့် ညစ်ညူးခြင်းသဘောရှိသော အားဖြင့် ဇင်း။ သမ္မသိတဗ္ဗော၊ သုံးသပ်အပ်၏။ ဣတိ၊ ဤသို့။ ဧကေကသ္မိံ ခန္ဓေ၊ တပါးတပါးသောခန္ဓာ၌။ ပဥ္စဝီသတိ ပဥ္စဝီသတိ၊ နှစ်ဆယ့် ငါးပါး,နှစ်ဆယ့်ငါးပါးတို့ကို။ ကတွာ၊ ပြု၍။ ပဥ္စဝီသတိသတံ ဒုက္ခာနုပဿနာနိ၊ တရာနှစ်ဆယ့်ငါးပါးကုန်သော ဒုက္ခာ နုပဿနာတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

(ဤဒုက္ခတော အစရှိသော နှစ်ဆယ့်ငါးပါး တို့ကို ဒုက္ခပရိယာယ်သဒ္ဒါချည်းဟု မှတ်အပ်ကုန်၏၊ ဝိသုဒ္ဓိမဂ်၏ ပါဠိအနက်။)

## အနတ္တလက္ခဏာတို့ဖြင့် ပွားပုံ

ခန္ဓာငါးပါးတို့၌ နှစ်ဆယ့်ငါးပါးသော အနတ္တာနုပဿနာ တို့သည် ဖြစ်ကုန်၏၊ အဘယ်သို့ဖြစ်ကုန်သနည်း ဟူမူကား—

ပဥ္စသု ခန္ဓေသု ဧကေကော ခန္ဓော
ပရတော ရိတ္တတော တုစ္ဆတော သုညတော
အနတ္တတော သမ္မသိတဗ္ဗောတိ ဧကေကသ္မိံ
ခန္ဓေ ပဉ္စပဉ္စကတွာ ပဉ္စဝီသတိ အနတ္တာ
နုပဿနာနိ ဟောန္တီတိ ဣစ္စဿ ဣမိနာ ဒွိသတ-
ဘေဒေန အနိစ္စာဒိသမ္မသနေန ပဉ္စက္ခန္ဓေ သမ္မ-
သတော တံနယဝိပဿနာသင်္ခါတံ အနိစ္စဒုက္ခ
အနတ္တသမ္မသနံ ထိရံ ဟောတိ။
(ဝိသုဒ္ဓိမဂ်ဋီကာ၏။)

**အနက်ကား**—ပဉ္စသု၊ ငါးပါးကုန်သော။ ခန္ဓေသု၊ ခန္ဓာတို့တွင်။ ဧကေကောခန္ဓော၊တပါးတပါးသောခန္ဓာကို။ ပရတော၊ သူစိမ်းနှင့်တူသောအားဖြင့်။ သမ္မသိတဗ္ဗော၊ သုံးသပ်အပ်၏။ ရိတ္တတော၊ ကုန်တတ်ပျက်တတ်သောအားဖြင့်ရင်း။ တုစ္ဆတော၊ အချည်းနှီးသောအားဖြင့်ရင်း။ သုညတော၊ အစိုးရခြင်း အစ ရှိသည်မှ ဆိတ်သောအားဖြင့်ရင်း။ အနတ္တတော၊ အတ္တ၏ ဆန့်ကျင်ဖက်ဖြစ်၍ အလိုသို့မလိုက်တတ်သောအားဖြင့်ရင်း။ သမ္မသိတဗ္ဗော၊ သုံးသပ်အပ်၏။ ဣတိ၊ ဤသို့။ ဧကေကသ္မိံခန္ဓေ၊ တပါးတပါးသောခန္ဓာ၌။ပဉ္စပဉ္စ၊ငါးပါးငါးပါးတို့ကို။ ကတွာ၊ ပြု၍။ ပဉ္စဝီသတိအနတ္တာနုပဿနာနိ၊နှစ်ဆယ့်ငါးပါးကုန်သော အနတ္တာနုပဿနာတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ ဒွိသတဘေဒေန၊ နှစ်ရာ အပြားရှိသော၊ ဣမိနာအနိစ္စာဒိသမ္မသနေန၊ ဤအနိစ္စ အစရှိသော သုံးသပ်ခြင်းဖြင့်။ သမ္မသတော၊ သုံးသပ်သော။ အဿ၊

ထိုယောဂီအား။ နယဝိပဿနာသခ်ါတံ၊ နယဝိပဿနာဟုဆိုအပ်သော။ တံအနိစ္စဒုက္ခအနတ္တာသမ္မသနံ၊ ထိုအနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်ခြင်းသည်။ ထိရုံ၊ မြဲမြံခိုင်ခံ့သော ဝိပဿနာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် ခန္ဓာ ငါးပါးတို့၌ အနိစ္စာနုပဿနာငါးဆယ်၊ ဒုက္ခာနုပဿနာ တရာ့နှစ်ဆယ့် ငါးပါး၊ အနတ္တာနုပဿနာ နှစ်ဆယ့်ငါးပါးအားဖြင့် နှစ်ရာသောအနုပဿနာဉာဏ်တို့သည် ဖြစ်ကုန်၏-ဟုလိုသည်။

## ခန္ဓာ ၅-ပါးတို့၏အကြောင်းကို သိမ်းဆည်းပုံ

ထိုမှတပါး အဘိဓမ္မာဝတာရဋီကာ၌ လာသောနည်းဖြင့် ခန္ဓာငါးပါးတို့၏ အကြောင်းကို သိမ်းဆည်းသော နည်းကို ပြပေအံ့။

> အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာ-
> သမုဒယာ။လ။ ကမ္မသမုဒယော။လ။ အာဟာရ
> သမုဒယာ ရူပသမုဒယော။

ဤသို့အဘိဓမ္မာဝတာရဋီကာ၌လာရကား-အဝိဇ္ဇာ, တဏှာ, ကံ,အာဟာရ-ဤလေးပါးသည်ရူပက္ခန္ဓာ၏ ဖြစ်ကြောင်းမည်၏၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်၌ကား-ကံ, စိတ်, ဥတု, အာဟာရ-ဤလေးပါးသည် ရူပက္ခန္ဓာ၏ဖြစ်ကြောင်းဟုလာ၏၊အကြောင်းလေးပါးတို့၏ဖြစ်ရာ၌ နိဗ္ဗတ္တိလက္ခဏာ လေးပါးရ၏၊ ရူပက္ခန္ဓာ၏ နိဗ္ဗတ္တိလက္ခဏာ တပါးနှင့်သော် နိဗ္ဗတ္တိလက္ခဏာ ငါးပါး ဖြစ်၏၊ အကြောင်းလေးပါးတို့၏ချုပ်ရာ၌ နိရောဓ လက္ခဏာလေးပါး

ရ၏၊ရူပက္ခန္ဓာ၏နိရောဓလက္ခဏာတပါးနှင့်သော် နိရောဓလက္ခဏာ ငါးပါးဖြစ်၏၊ ဤသို့လျှင် ရူပက္ခန္ဓာ၌ ဆယ်ပါးသောလက္ခဏာ တို့သည် ဖြစ်ကုန်၏။

ထို့အတူ တပါးတပါးသောခန္ဓာ၌ ဆယ်ပါး ဆယ်ပါးသော လက္ခဏာတို့သည် ဖြစ်ကုန်သောကြောင့် ခန္ဓာငါးပါးတို့၌ ငါး ဆယ်သောလက္ခဏာတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် ဋီကာ၌--

တထာ ဝေဒနာက္ခန္ဓာဒီနံ စတုန္နံ စတ္တာလီသ
လက္ခဏာနီတိ ဧဝံ သမပညာသလက္ခဏာနိ
ဟောန္တိ။ ။ဟူ၍ မိန့်အပ်၏။

အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော၊
တဏှာသမုဒယာ။လ။ကမ္မသမုဒယာ။လ။ ဖဿ-
သမုဒယာ ဝေဒနာသမုဒယော—

ဟုရင်း ဋီကာလာရကား အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ- ဤလေးပါးသည် ဝေဒနာက္ခန္ဓာ၏ ဖြစ်ကြောင်းမည်၏။

ဝေဒနာက္ခန္ဓဿ ဝိယ သညာသင်္ခါရဝိညာ-
ဏက္ခန္ဓာနံ၊အယံ ပန ဝိသေသော ဝိညာဏက္ခန္ဓဿ
ဖဿဋ္ဌာနေ နာမရူပသမုဒယာ ဝိညာဏ-
သမုဒယောတိ ဝုတ္တံ--

ဟု ဋီကာလာရကား သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၏ ဖြစ် ကြောင်းလည်း ဝေဒနာက္ခန္ဓာနှင့်တူ၏၊ ထို့ကြောင့်—

"ဖုဋ္ဌော ဝေဒေတိ၊ ဖုဋ္ဌော သဉ္ဇာနာတိ၊ ဖုဋ္ဌော
စေတေတိ ဖဿပစ္စယာ ဝေဒနာ၊စက္ခုသမ္ဖဿဇာ

ဝေဒနာ သညာ သင်္ခါရာတိ ဝေနတော
ဖဿော ဝေဒနာသညာသင်္ခါရက္ခန္ဓာနံ ပဝတ္တိပစ္စ
ယော"။-

ဟူ၍ဝုင်းဋီကာ၌လာ၏။

ဝိညာဏက္ခန္ဓာ၏ဖြစ်ကြောင်းကား- အဝိဇ္ဇာ,တဏှာ,ကံ,နာမ်ရုပ်- ဤလေးပါးတည်း၊ ဤသို့လျှင် ခန္ဓာငါးပါး တို့၏အကြောင်းကို သိမ်းဆည်းအပ်၏။ အကြောင်းဖြစ်လျှင် ဖြစ်ကုန်၏၊ အကြောင်းချုပ်လျှင် ချုပ်ကုန်၏။

## ဝေဒနာနုပဿနာရှုပုံ

ထိုမှတပါးဝေဒနာကမ္မဋ္ဌာန်း ဟူသည်ကား သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ— ဤဝေဒနာသုံးပါးကို အသင့်အားဖြင့်ရှုခြင်းတည်း၊ အဘယ်သို့အသင့်အားဖြင့် ရှုအပ်သနည်းဟူမူကား—

ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခ မဒက္ခိ သလ္လတော။
အဒုက္ခ မသုခံ သန္တံ၊ အဒက္ခိ နံ အနိစ္စတော။
သ ဝေ သမ္မဒဿော ဘိက္ခု၊ ဥပသန္တော စရိဿတီတိ။
(သမ္မောဟဝိနောဒနီပါဠိ။)

**အနက်ကား**—ယောဘိက္ခု၊ အကြင်သံသရာဘေးကို ရှုလေ့ရှိသောသူတော်ကောင်းသည်။သုခံ၊သုခဝေဒနာကို။ဒုက္ခတော၊ဒုက္ခဟူ၍။တနည်းကား—ဒုက္ခအားဖြင့်။ အဒ္ဒ၊ရှု၏။ ဒုက္ခံ၊ဒုက္ခဝေဒနာကို။သလ္လတော၊ စူးဝင်တတ်သောငြောင့်ဟူ၍။ တနည်းကား—ငြောင့်အားဖြင့်။အဒက္ခိ၊ ရှု၏။သန္တံ၊ ငြိမ်သက်သော။ အဒုက္ခမ

သုခံ၊ ဥပေက္ခာဝေဒနာကို။ အနိစ္စတော၊ အနိစ္စဟူ၍။ တနည်းကား—အနိစ္စအားဖြင့်။ အဒက္ခိ၊ရှု၏။ဣတိ၊ ဤသို့။သမ္မဒသော၊ အသင့်အားဖြင့်ရှုသော။ သောဘိက္ခု၊ ထိုသံသရာဘေးကို ရှုလေ့ရှိသောသူတော်ကောင်းသည်။ ဝေ- ကေန္တေန၊ စင်စစ်သဖြင့်။ ဥပသန္တော၊ ဝဋ္ဋဒုက္ခ၏ငြိမ်းခြင်းသည်။ စရိဿတိ၊ ဖြစ်လတ္တံ့။ (အဒက္ခိ နံ ဥ်နံ-ကား အနက်မရှိ နိပါတ်ပုဒ်တည်း။)

**မှတ်ချက်**။ ဤသို့လျှင် ခန္ဓာငါးပါးကိုစွဲ၍ စီးဖြန်းသောဝိပဿနာကမ္မဋ္ဌာန်းသည်ကား အလွန်လျှင် နက်နဲကျယ်ဝန်းစွာ၏၊ယခုဆိုအပ်ခဲ့ပြီးသည်ကား အကျဉ်းမျှသာတည်း။ သည့်ထက် အကျယ်ကိုရင်း၊ အာယတနကမ္မဋ္ဌာန်း, ဓာတုကမ္မဋ္ဌာန်း, ပဋိစ္စသမုပ္ပါဒကမ္မဋ္ဌာန်းတို့ကိုရင်း ကမ္မဋ္ဌာနဒီပနီ, ပဋိစ္စသမုပ္ပါဒဒီပနီ တို့၌ ဆိုအပ်ခဲ့ပြီ၊ အလိုရှိသော သူတော်ကောင်းတို့သည် ထိုကျမ်းတို့၌ ယူအပ်ကုန်၏။

## သမထ, ဝိပဿနာပွားများရကျိုး

ဤသို့သောနည်းဖြင့် သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပွားစေသောသူ တော်ကောင်းတို့သည် အကြောင်းပါရမီမရင့်သေး၍ ယခုဘဝ၌ပင် မဂ်, ဖိုလ် မရသေးသော်လည်း သုဂတိဘဝသို့လားရသည်၊ ဝါသနာ ဘာဂီယဖြစ်၍ နောက်နောက်သော မြတ်စွာဘုရားတို့၏ အထံတော်တို့၌ ကြိမ်ကြိုက်သတ်သော် ဤဝေနေယျအား အဘယ်ကမ္မဋ္ဌာန်းသည် လျောက်ပတ်မည်နည်းဟု ဉာဏ်တော်ကွန်ရက်ကို ဖြန့်တော်မူ၍ ကြည့်

တော်မူလျှင် လေ့လာခဲ့ဘူးသော ကမ္မဋ္ဌာန်းကိုမြင်တော်မူ၍ ပေးတော်မူသောခဏ၌ မကြာမြင့်မီ ပဋိသမ္ဘိဒါလေးပါး၊ သမာပတ်ရှစ်ပါး၊ အဘိညာဏ်ခြောက်ပါးနှင့်တကွ မဂ်လေးတန်၊ ဖိုလ်လေးတန် အစဉ်အတိုင်းကျ၍ ရဟန္တာဖြစ်ကုန်လတ္တံ့။

မဂ်-ဖိုလ် ကျပုံအခ

ဤအရာ၌ မဂ်လေးတန်၊ ဖိုလ်လေးတန် အစဉ်ဟူသည်ကား သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်-ဤအစဉ်အတိုင်းသာဖြစ်ကုန်၏၊ သောတာပတ္တိမဂ်၊ ဖိုလ်ကို မရဘဲလျက် သကဒါဂါမိမဂ်၊ ဖိုလ်ကို ရသောသူမည်သည် မရှိ၊ သကဒါဂါမိမဂ်၊ ဖိုလ်ကို မရဘဲလျက် အနာဂါမိမဂ်၊ ဖိုလ်ကို ရသောသူမည်သည် မရှိ၊ အနာဂါမိမဂ်၊ ဖိုလ်ကို မရဘဲလျက် အရဟတ္တမဂ်၊ ဖိုလ်ကို ရသောသူမည်သည် မရှိ၊ အရဟတ္တမဂ်ဖိုလ်ကို မရဘဲလျက် ရဟန္တာဖြစ်သောသူမည်သည် မရှိ၊ နိဗ္ဗာန်သို့ရောက်သောသူမည်သည်လည်း မရှိ။

ဤသို့သောအစဉ်ကို မသိသောသူတို့သည်ကား-သောတာပတ္တိမဂ်၊ ဖိုလ်ကိုရလျှင်ပင် နိဗ္ဗာန်သို့ရောက်၏ဟု ထင်မှတ်ကြကုန်သည်၊ သောတာပတ္တိမဂ်၊ ဖိုလ်ကိုမရသော်သည်း သကဒါဂါမိမဂ်၊ ဖိုလ်ကို ရ၏ဟု ထင်မှတ်ကြကုန်သည်၊ ဤသို့မမှတ်အပ်၊ အောက်မဂ်သုံးပါး၊ အောက်ဖိုလ်သုံးပါး အစဉ်အတိုင်းကျပြီးမှ အရဟတ္တမဂ်၊ ဖိုလ်ကျသည်၊ အရဟတ္တမဂ်၊ ဖိုလ်ကို မရသမျှ ရဟန္တာဖြစ်သောသူမည်သည် မရှိ၊ နိဗ္ဗာန်သို့ရောက်သောသူမည်သည် မရှိဟု အမြဲမှတ်အပ်ကုန်၏။

"နိဗ္ဗာန်သို့ရောက်လို၏"ဟု ဆုတောင်းသောသူဟူသရွေ့သည် သာဝကဗောဓိဆုကို တောင်းသည်ချည်းပင် မည်သည်၊ သာဝကဗောဓိဆုကို မပြည့်သမျှ နိဗ္ဗာန်သို့ ရောက်သောသူ မည်သည် မရှိဟု အမြဲမှတ်အပ်ကုန်၏၊ အရဟတ္တမဂ်,ဖိုလ်သို့ရောက်သောသူကို သာ ရဟန္တာဟု ဆိုရသည်၊ရဟန္တာစုတေမှ နိဗ္ဗာန်သို့ရောက်သည်ဟု အမြဲမှတ်အပ်၏။

## မဂ် ၄-ပါး ကိလေသာပယ်ပုံ

၁။ မဂ်လေးပါးတို့တွင် သောတာပတ္တိမဂ်ဖြင့် လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု, မောဟမူ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု—ဤငါးခုသောကိလေသာတို့ကို အကြွင်းမဲ့သတ်၍ သောတာပတ္တိဖိုလ်၌တည်လေ၏၊

၂။ သကဒါဂါမိမဂ်ဖြင့် တစုံတခုသောကိလေသာကို အကြွင်းမဲ့မသတ်နိုင်၊ ကာမရာဂ, ဗျာပါဒတို့ကိုသာ ခေါင်းပါးစေ၍ သကဒါဂါမိဖိုလ်၌တည်လေ၏၊

၃။ အနာဂါမိမဂ်ဖြင့် ဒေါသမူဒွေးဟုဆိုအပ်သော နှစ်ပါးသော ကိလေသာကို အကြွင်းမဲ့သတ်၍ အနာဂါမိဖိုလ်၌ တည်လေ၏။

၄။ အရဟတ္တမဂ်ဖြင့် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု, မောဟမူ ဥဒ္ဓစ္စသဟဂုတ်စိတ်တခု—ဤငါးခုသော ကိလေသာနှင့်တကွ တထောင့်ငါးရာသော ကိလေသာတို့ကို အကြွင်းမဲ့သတ်၍ အရဟတ္တဖိုလ်၌တည်လေ၏၊ ဤပုဂ္ဂိုလ်ကို ရဟန္တာဟုဆိုအပ်၏။

၅၂။ အရာ၌ ဥပမာသော်ကား–ခိုးသူကြီး တကျိပ် နှစ်ယောက် ခေါင်းတည်၍ အဝင်အပါ လက်သား တထောင့်ငါးရာနှင့် ရွာ, နိဂုံး, ဇနပုဒ်, မြို့တို့ကို လည်၍ဖျက်ဆီးလေသော် ရှင်ဘုရင်အား ကြားလျှောက်လေ၏၊ ရှင်ဘုရင်လည်း ရှေးဦးစွာ–

ပဌမအမတ်ကြီးကို နောက်လိုက် အခြံအရံနှင့် ခိုးသူတို့ကို တိုက်ဖျက်လေဟု လွှတ်လိုက်လေ၏၊ ပဌမအမတ်ကြီးတိုက်ဖျက်၍ ခိုးသူကြီးငါးယောက်ကို သတ်ရလေ၏၊ တဖန် ကြားလျှောက် ပြန်သော် တဖန်ဒုတိယအမတ်ကြီးကို အခြံအရံနှင့် စေလွှတ်လေ၏၊ ဒုတိယအမတ်ကြီးတိုက်ဖျက်၍နာကျင်ရုံ, ခွန်အားနည်းရုံသာ တတ်နိုင်ချေသည်၊ တစုံတယောက်သောခိုးသူကြီးကို မသတ်ရချေ၊ တဖန်ကြားလျှောက်ပြန်သော် တဖန် တတိယအမတ်ကြီးကို အခြံအရံနှင့် စေလွှတ်လေ၏၊ တတိယ အမတ်ကြီးတိုက်ဖျက်၍ ခိုးသူကြီးနှစ်ယောက်ကို သတ်ရလေ၏၊ တဖန်ကြားလျှောက်ပြန်သော် တဖန်စတုတ္ထအမတ်ကြီးကို အခြံအရံနှင့် စေလွှတ်လေ၏၊ စတုတ္ထအမတ်ကြီးတိုက်ဖျက်၍ အကြွင်းခိုးသူကြီးငါးယောက်နှင့် တကွ အဝင်အပါလက်သား တထောင့်ငါးရာတို့ကို အကုန် သတ်ရလေလျှင် ရွာ, နိဂုံး, ဇနပုဒ်, မြို့တို့၌ ရန်ငြိမ်းလေသကဲ့သို့–

၁။ ခိုးသူကြီး တကျိပ်နှစ်ယောက်နှင့်ကား အကုသိုလ်စိတ် တဆယ့်နှစ်ခုနှင့်တူ၏၊ အဝင်အပါလက်သား တထောင့် ငါးရာနှင့်ကား တထောင့်ငါးရာ ကိလေသာနှင့်တူ၏။ ရွာ, နိဂုံး,ဇနပုဒ်, မြို့နှင့်ကား ဝေနေယျ သတ္တဝါတို့၏ သန္တာန်နှင့် တူ၏၊ ခိုးသူတို့ တိုက်ဖျက်သည်နှင့်ကား

ကိလေသာ နှိပ်စက်သည်နှင့် တူ၏၊ ရှင်ဘုရင်နှင့်ကား ဘုရားသခင်နှင့်တူ၏။

၂။ ပဌမအမတ်ကြီးကား သောတာပတ္တိမဂ်နှင့်တူ၏၊ အမတ်ကြီး၏ အခြံအရံနှင့်ကား ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါးနှင့်တူ၏၊ ပဌမအမတ်ကြီးသတ်၍သေလေသော ခိုးသူကြီးငါးယောက်နှင့်ကား လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၊ မောဟမူ ဝိစိကိစ္ဆာစိတ်တခု–ဤငါးခုသော ကိလေသာတို့ကို သောတာပတ္တိမဂ် သတ်သည်နှင့်တူ၏။

၃။ ဒုတိယ အမတ်ကြီးနှင့်ကား သကဒါဂါမိမဂ်နှင့် တူ၏၊ ဒုတိယအမတ်ကြီးတိုက်၍ အားနည်းရုံမျှရှိသည်နှင့်ကား ကာမရာဂ၊ ဗျာပါဒတို့ကိုသကဒါဂါမိမဂ်ဖြင့်ခေါင်းပါးစေသည်နှင့်တူ၏။

၄။ တတိယ အမတ်ကြီးနှင့်ကား အနာဂါမိမဂ်နှင့် တူ၏၊ တတိယအမတ်ကြီးသတ်၍သေလေသော ခိုးသူကြီး နှစ်ယောက်နှင့်ကား ဒေါသမူဒွေးတည်း ဟူသော နှစ်ပါးသော ကိလေသာကို အနာဂါမိမဂ်သတ်သည်နှင့် တူ၏။

၅။ စတုတ္ထအမတ်ကြီးနှင့်ကား အရဟတ္တမဂ်နှင့်တူ၏၊ စတုတ္ထအမတ်ကြီးသတ်၍ သေလေသော ခိုးသူကြီးငါးယောက်နှင့်တကွ အဝင်အပါလက်သား တထောင့်ငါးရာနှင့်ကား အကြွင်းလောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးခု၊ မောဟမူဥဒ္ဓစ္စသဟဂုတ်စိတ်တခုဤငါးခုသောကိလေသာ

နှင့် တကွ တထောင့်ငါးရာသော ကိလေသာတို့ကို အရဟတ္တမဂ်သတ်သည်နှင့်တူ၏။

၆။ ရွာ, နိဂုံး, ဇနပုဒ်,မြို့တို့၌ ရန်ငြိမ်းသည်နှင့်ကား ဝေနေယျတို့၏ သန္တာန်၌ ကိလေသာငြိမ်းသည်နှင့်တူ၏။

ဤစကားကို အဋ္ဌသာလိနီ၌ဆို၏။

## မဂ်–ဖိုလ်တို့ ကိလေသာသတ်ပုံ

မဂ်ဟူသည်ကား– ကိလေသာကို သတ်တတ်သောကြောင့် ငြိမ်းဆဲမည်၏၊ ဖိုလ်ဟူသည်ကား– မဂ်သည် သတ်အပ်သော ကိလေသာကို ထပ်၍ငြိမ်းစေတတ်သောကြောင့် ငြိမ်းပြီးမည်၏၊ ဥပမာသော်ကား–မီးကြီးစုကို ရေတအိုးဖြင့် လောင်းသည်ရှိသော် ထိုမီးသေလေ၏၊ နောက်တအိုးထပ်၍လောင်းပြန်သော် အငွေ့ ငြိမ်းလေသကဲ့သို့၊မီးကြီးစုနှင့်ကား ကိလေသာနှင့်တူ၏၊ရှေးဦးစွာ ရေအိုးလောင်းသည်နှင့်ကား မဂ်စိတ်ဖြစ်သည်နှင့်တူ၏၊ နောက် ရေတအိုးထပ်၍ လောင်းပြန်သည်နှင့်ကား ဖိုလ်စိတ်ဖြစ်သည်နှင့် တူ၏။

မဂ်စိတ်ကား တကြိမ်သာဖြစ်သည်၊ နှစ်ကြိမ်ထပ်၍ဖြစ်သော မည်သည်မရှိ၊ဖိုလ်စိတ်ကား အကြိမ်များစွာပင်ဖြစ်သည်၊ မဂ်စိတ်သည် တကြိမ်သာဖြစ်၍ ကာလအရှည်တည်၍ မနေသောကြောင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို အလွန်ပင်လှူရခဲသည်၊ ဖိုလ်စိတ် သည်ကား အကြိမ်များစွာဖြစ်၍ ကာလအရှည်တည်၍ နေသောကြောင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုကား လှူရလွယ်သည်၊ သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်ဟူသည် လည်း ဖလဋ္ဌာန်ပုဂ္ဂိုလ်သာ ယူရမည်ဟု မှတ်အပ်၏။

## တထောင့်ငါးရာကိလေသာ

တထောင့်ငါးရာ ကိလေသာဟူသည်ကား— လောကီစိတ် ရှစ်ဆယ့်တခုကို အာရမ္မဏ ဝိဇာနနလက္ခဏာအားဖြင့် တပါးတည်းသာယူ၍ စေတသိက်ငါးဆယ့်နှစ်ခုနှင့်ပေါင်းသော် နာမ်တရားငါးဆယ့်သုံးပါးဖြစ်၏၊ ဤနာမ်တရားငါးဆယ့်သုံးပါး၌ နိပ္ဖန္နရုပ် တဆယ့်ရှစ်ခု, လက္ခဏာရုပ်သုံးခု, အာကာသ ဓာတ်တခု— ဤနှစ်ဆယ့်နှစ်ခုသော ရုပ်ကိုထည့်သော် ခုနစ်ဆယ့်ငါးပါးသော နာမ်ရုပ်တရားတို့သည် ဖြစ်ကုန်၏၊ ဤခုနစ်ဆယ့်ငါးပါးသည် အဇ္ဈတ္တသန္တာန်၌ ခုနစ်ဆယ့်ငါးပါး, ဗဟိဒ္ဓသန္တာန်၌ ခုနစ်ဆယ့်ငါးပါးရအပ်သောကြောင့် တရာ့ငါးဆယ်သော ကိလေသာတို့သည် ဖြစ်ကုန်၏၊ ဤတရာ့ငါးဆယ်တို့သည် လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန,ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ— ဤကိလေသာ ဆယ်ပါးတို့တွင် တပါး တပါး၌ တရာ့ငါးဆယ် စီရအပ်သောကြောင့် တထောင့် ငါးရာသော ကိလေသာတို့သည် ဖြစ်ကုန်၏။

> (ထိုထက်ကျယ်စွာသော ကိလေသာ မြောက်နည်းကိုကား—ခန္ဓာဒျတ္ထဒီပနီ၌, ဋီကာဒွါရ, အနုဋီကာတို့၌ လာသောနည်းဖြင့် ဆိုအပ်ခဲ့ပြီ၊ အလိုရှိသောသူတော်ကောင်းတို့သည် ခန္ဓာဒျတ္ထဒီပနီ၌ ဆိုအပ်ကုန်၏၊ယူအပ်ကုန်၏။)

တဆယ့်တပါးသောမီး ပူ၏, လောင်၏ဟု သိသောသူတော်ကောင်းတို့သည်သာလျှင် နိဗ္ဗာန်ကိုမချအားဖြင့် တောင့်တလိုချင်ကုန်သည်၊ တဆယ့်တပါးသော မီးပူ၏, လောင်၏ဟု မသိ

သော သူငါအစရှိသောသူတို့သည်ကား နိဗ္ဗာန်ကို လိုချင်၏ဟူ၍ နိဗ္ဗာန်ဆုကို ပန်ငြားသော်လည်း ဝါသနာဘာဂိယ ဖြစ်ရုံမျှသာ ဖြစ်ချေသည်၊ ဝဋ်ကိုငြီးငွေ့သောစိတ်ပင် မဖြစ်လိုချေ၊ ဝဋ်၌ မွေ့လျော်လိုသော အာလယသာရှိချေသည်၊ အနိစ္စကိုလည်း နိစ္စဟူ၍ မှတ်မှားချေသည်၊ ဒုက္ခကိုလည်း သုခဟူ၍သာ မှတ်မှားချေသည်၊ အနတ္တကိုလည်း အတ္တဟူ၍သာ မှတ်မှားချေသည်၊ အသုဘကိုလည်း သုဘဟူ၍သာမှတ်မှားချေသည်၊ ဤမှတ်မှားခြင်းတည်းဟူသော ဝိပလ္လာသတရားလေးပါးကို သောတာပတ္တိမဂ်စိတ်ကျမှ ပယ်နိုင်ချေသည်ဟု မှတ်အပ်ကုန်၏။

**သစ္စာလေးပါးမသိ၍ သံသရာလည်ရပုံ**

သစ္စာလေးပါးတရားတို့ကို မဂ်ဉာဏ်ဖြင့် မသိနိုင်ကုန်သောကြောင့်သာလျှင် ဤရှည်လျားစွာသော သံသရာဝဋ်၌ တပြောင်းပြန်ပြန် ကျင်လည်ရသော အဖြစ်ကိုကား ဤသို့ ဟောတော်မူအပ်၏။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ
အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃ မဒ္ဓါနံ သန္ဓာဝိတံ
သံသရိတံ မမဥ္စေဝ တုမှာကဥ္စ။ ကတမေသံ
စတုန္နံ၊ ဒုက္ခဿ ဘိက္ခဝေ အရိယသစ္စဿ
အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃ မဒ္ဓါနံ
သန္ဓာဝိတံ သံသရိတံ မမဥ္စေဝ တုမှာကဥ္စ။
ဒုက္ခသမုဒယဿ ဘိက္ခဝေ အရိယသစ္စဿ
။ပ။ဒုက္ခနိရောဓဿ ဘိက္ခဝေ အရိယသစ္စဿ။ပ။
ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဘိက္ခဝေ

အရိယသစ္စာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃ မဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

တယိဒံ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဒုက္ခသမုဒယံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဒုက္ခနိရောဓံ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ အနုဗုဒ္ဓံ ပဋိဝိဒ္ဓံ။ ဥစ္ဆိန္နာ ဘဝတဏှာ၊ ခီဏာ ဘဝနေတ္တိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

(သံယုတ်ပါဠိတော်)

**အနက်ကား**—ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အနနုဗောဓာ၊ မဂ်ဉာဏ်ဖြင့်လျော်ကပ်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ ဣဒံ ဒီဃံအဒ္ဓါနံ၊ ဤရှည်လျားစွာသော သံသရာအခွန့်ပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ရဟန်းတို့သည်၎င်း။ သန္ဓာဝိတံ၊ တစ်ပြောင်းပြန်ပြန် ကျင်လည်ခဲ့၏။ သံသရိတံ၊ ထိုမှဤမှရွေ့ရ၏။

ကတမေသံ စတုန္နံ၊ အဘယ်လေးပါးသောအရိယသစ္စာတို့ကို။ အနနုဗောဓာ၊ မဂ်ဉာဏ်ဖြင့် လျော်ကပ်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ ဣဒံ ဒီဃံအဒ္ဓါနံ၊ ဤရှည်လျားစွာသော သံသရာအခွန့်ပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ရဟန်းတို့သည်

ရင်း။ သန္တာဝိတံ၊ တခြေပြောင်း ပြန့်ပြန့်ကျင်လည်ရသနည်း။ သံသရိတံ၊ ထိုမှဤမှ ရွေ့ရသနည်းဟူမူကား။ ဘိက္ခဝေ၊ သံသရာဘေးကိုရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ ဒုက္ခဿ၊ ဒုက္ခဖြစ်သော။ အရိယသစ္စဿ၊ အရိယသစ္စာကို။ အနနုဗောဓာ၊ မဂ်ဉာဏ်ဖြင့်လျောက်ပတ်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံဣဒံဒီဃံအဒ္ဓါနံ၊ ဤရှည်လျားစွာသော သံသရာအခွန့်ပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ရဟန်းတို့သည်၎င်း။ သန္ဓာဝိတံ၊ တပြောင်းပြန်ပြန်ကျင်လည်ရ၏၊ သံသရိတံ၊ ထိုမှဤမှရွေ့ရ၏။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့။ ဒုက္ခသမုဒယဿ၊ ဒုက္ခသမုဒယဖြစ်သော။ အရိယ-သစ္စဿ၊ အရိယသစ္စာကို။ပ။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓဿ၊ ဒုက္ခနိရောဓဖြစ်သော။ အရိယသစ္စဿ၊ အရိယသစ္စာကို။ပ။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါဖြစ်သော။ အရိယသစ္စဿ၊ အရိယသစ္စာကို။ အနနုဗောဓာ၊ မဂ်ဉာဏ်ဖြင့်လျောက်ပတ်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံဣဒံဒီဃံအဒ္ဓါနံ၊ ဤရှည်လျားစွာသော သံသရာအခွန့်ပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ရဟန်းတို့သည်၎င်း။ သန္ဓာဝိတံ၊ တပြောင်းပြန်ပြန်ကျင်လည်ရ၏။ သံသရိတံ၊ ထိုမှဤမှရွေ့ရ၏။

ဘိက္ခဝေ၊ တို့။ မယာ၊ သင်တို့ဆရာငါဘုရားသည်။ တယိဒံ-တံဣဒံ ဒုက္ခံအရိယသစ္စံ၊ ထိုဒုက္ခအရိယသစ္စာကို။ အနုဗုဒ္ဓံ၊ မဂ်

ဉာဏ်ဖြင့်လျောက်ပတ်စွာသိအပ်ပြီ။ ပဋိဝိဒ္ဓ၊ မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ သိအပ်ပြီ။ ဒုက္ခသမုဒယံအရိယသစ္စံ၊ ဒုက္ခသမုဒယအရိယသစ္စာကို။ အနုဗုဒ္ဓံ၊ မဂ်ဉာဏ်ဖြင့်လျောက်ပတ်စွာသိအပ်ပြီ။ ပဋိဝိဒ္ဓံ၊ မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍သိအပ်ပြီ။ ဒုက္ခနိရောဓံအရိယသစ္စံ၊ ဒုက္ခနိရောဓအရိယသစ္စာကို။ အနုဗုဒ္ဓံ၊ ပြီ။ ပဋိဝိဒ္ဓံ၊ ပြီ။ ဒုက္ခနိရောဓ-ဂါမိနိပဋိပဒါ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာကို။ အနုဗုဒ္ဓံ၊ ပြီ။ ပဋိဝိဒ္ဓံ၊ ပြီ။ ဘဝတဏှာ၊ ဘဝသုံးပါး၌တပ်သောတဏှာကို။ မယာ၊သင်တို့ဆရာငါဘုရားသည်။ ဥစ္ဆိန္နာ၊ ဖြတ်အပ်ပြီ။ ဘဝနေတ္တိ၊ ဘဝသုံးပါးကိုဖွဲ့တတ်သောတဏှာတည်းဟူသောကြိုးသည်။ မေ၊ ငါဘုရားအား။ ခီဏာ၊ ကုန်ပြီ။မမ၊ ငါဘုရားအား။ ဒါနိ၊ယခု။ ပုနဗ္ဘဝေါ၊ ဘဝသစ်၌တဖန်ဖြစ်ခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ ဘိက္ခုနံ၊ ရဟန်းတို့အား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူပြီ။

**အဓိပ္ပါယ်ကား**—သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းအပေါင်းတို့....ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ—ဤသစ္စာလေးပါးတရားတို့ကို မဂ်ဉာဏ်ဖြင့် လျောက်ပတ်စွာ မသိခြင်းကြောင့်, မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤရှည်လျားစွာသော သံသရာ အစွန့်ပတ်လုံး ငါဘုရားသည်၎င်း,သင်ရဟန်းတို့သည်၎င်း,လူဖြစ်တုံ,နတ်ဖြစ်တုံ ပြဟ္မာဖြစ်တုံ, ငရဲဖြစ်တုံ, ပြိတ္တာဖြစ်တုံ, တိရစ္ဆာန်ဖြစ်တုံ, အသူရကာယ်ဖြစ်တုံ တပြောင်းပြန်ပြန် ကျင်လည်ရ၏၊ ဤကျွန်း၌ဖြစ်တုံ, တပါးကျွန်း၌ ဖြစ်တုံ, ဤစကြဝဠာ၌ ဖြစ်တုံ, တပါးသော စကြဝဠာ၌ ဖြစ်တုံ ထိုမှ ဤမှရွေ့ရ၏။

## သစ္စာ ၄-ပါး

**လေးပါးသော သစ္စာဟူသည်ကား—**

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊
တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊
မဂ္ဂေါ လောကုတ္တရော မတော။

ဟူသော ဂါထာနှင့်အညီ—

၁။ တဏှာဟုဆိုအပ်သော လောဘစေတသိက် ကြဉ်သော အလုံးစုံသော တေဘူမိက တရားအပေါင်းသည် ဒုက္ခသစ္စာ မည်၏။

၂။ တဏှာဟု ဆိုအပ်သော လောဘ စေတသိက်သည် သမုဒယသစ္စာ မည်၏။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

၄။ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ဖြစ်သော မဂ်စိတ်လေးခု၌ရှိသော သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

ဤလေးပါးသော သစ္စာတို့တွင် ဒုက္ခသစ္စာ၊ နိရောဓသစ္စာ-ဤ နှစ်ပါးတို့သည် အကျိုး ဖြစ်သော သစ္စာ မည်ကုန်၏၊ သမုဒယ သစ္စာ၊ မဂ္ဂသစ္စာ—ဤ နှစ်ပါးတို့သည် အကြောင်း ဖြစ်သော သစ္စာ မည်ကုန်၏၊ အကြောင်းဖြစ်သော တဏှာဟုဆိုအပ်သော သမုဒယသစ္စာကို အရဟတ္တမဂ်ဖြင့် သတ်လျှင် အကျိုးဖြစ်သော ဇာတိဒုက္ခအစရှိသော အလုံးစုံသော ဒုက္ခသစ္စာတို့သည် မဖြစ်ကုန်၊

အကြောင်းဖြစ်သော မဂ်စိတ်လေးခု၌ရှိသော သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင် ရှစ်ပါးတည်းဟူသော မဂ္ဂသစ္စာကို ပွါးစေလျှင် အကျိုးဖြစ်သော နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကို မျက်မှောက်ပြုရ၏။

ဒုက္ခသစ္စာ, သမုဒယသစ္စာ- ဤနှစ်ပါးသော သစ္စာတို့သည် လက္ခဏာကို ထိုးထွင်း၍ သိနိုင်ခဲသောကြောင့် နက်နဲကုန်၏၊ နိရောဓသစ္စာ, မဂ္ဂသစ္စာ-နှစ်ပါးတို့ကို မြင်ခြင်းငှာ လုံ့လပြုသော ပုထုဇဉ်သည် နေ၀သညာ နာသညာယတနဘုံကို ကိုင်ခြင်းငှာ လက်ကိုဆန့်သော ယောကျ်ားနှင့်လည်း တူ၏၊ အဝီစိငရဲကို ထိုခြင်းငှာ ခြေကိုဆန့်သောယောကျ်ားနှင့်လည်းတူ၏၊ အစိတ်တရာ စိတ်သော သားမြီးတမျှင်၏တခုသောအစွန်းဖြင့် တခုသောအစွန်းကိုထိုးသော် ထိုးနိုင်ရာ၏၊ ထိုထက်သစ္စာကို ထိုးထွင်း၍သိခြင်းသည် ခဲခက်၏။

## မဂ်ဉာဏ်ဖြင့် သစ္စာလေးပါး သိပုံ

မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိသော အခြင်းအရာကား— သောတာပတ္တိမဂ်ကို ရလတ္တံ့သော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်သည် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို လက္ခဏာရေးသို့ တင်၍ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"အစရှိသည်ဖြင့် ပွါးစေသော် ဝိပဿနာ ဉာဏ်ရင့်ခြင်းကိုစွဲ၍ အပ္ပနာဟုဆိုအပ်သော လောကုတ္တရာဖြစ်သော သောတာပတ္တိမဂ်စိတ် ဖြစ်လတ္တံ့သောခဏ၌ တိဟိတ်ဘဝင် အယဉ်ကိုဖြတ်၍ မနောဒွါရာ ဝဇ္ဇန်းစိတ်ဖြစ်၏၊ ထို့နောက် အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ နှစ်ကြိမ်,သုံးကြိမ်သော ဝိပဿနာဇော စိတ်

တို့သည် ပရိကံ, ဥပစာ, အနုလုံဟု ဖြစ်ကုန်၏၊ ထို့နောင်မှ ပုထုဇဉ်တို့၏အမည်အနွယ်ကို နှိပ်စက်တတ်သော, အရိယာတို့၏ အမည်အနွယ်ကို ချီးမြှောက်တတ်သော မဟာကုသိုလ်ပဌမဒွေး တွင် တခုသည် နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူဟူသောအမည် ဖြင့် ဖြစ်၏။

ထို့နောင်မှ သောတာပတ္တိမဂ်စိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်၏၊ဥပမာသော်ကား ဆီမီးသည် ဖာလင်းကိုပြုခြင်း, အမိုက်ကို ဖျောက်ခြင်း, ဆီကိုခန်းစေခြင်း, မီးစာကိုကုန်စေခြင်း— ဤကိစ္စ လေးပါးကိုတပြိုင်နက်တချက်တည်း ပြီးစေသကဲ့သို့ရင်း၊ လှေသည် ဤမှာဘက်ကမ်းကိုစွန့်ခြင်း,ရေအယဉ်ကို ဖြတ်ခြင်း, ဝန်ကိုရွက် ဆောင်ခြင်း,ထိုမှာဘက်ကမ်းသို့ ရှေးရှုခြင်း- ဤကိစ္စလေးပါးကို တပြိုင်နက် တချက်တည်း ပြီးစေသကဲ့သို့ရင်း၊ သောတာပတ္တိ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း, သမုဒယ သစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်းတည်းဟူသောကိစ္စလေးပါးကိုတပြိုင်နက် တချက်တည်း ပြီးစေလျက် လောဘမူဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု, မောဟမူ ဝိစိကိစ္ဆာသဟာဂုတ်စိတ်တခု- ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့သတ်၍ချုပ်လေ၏။

ထို့နောင် သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍ ချုပ်၏၊ ဤပုဂ္ဂိုလ်သည် သောတာပန်ပုဂ္ဂိုလ်မည်၏၊ ဤသို့လျှင် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကိုသိဟန်, ကိလေသာကိုသတ်ဟန်ကို သိအပ်ကုန်၏၊ သစ္စာလေးပါးတို့ကို ဥပမာအားဖြင့် သိအပ်ကုန် ၏၊ အဘယ်သို့ သိအပ်ကုန်သနည်းဟူမူကား—

ဒုက္ခသစ္စာသည် လေးစွာသောဝန်နှင့် တူ၏၊ အဘယ်သို့ တူသနည်းဟူမူကား–ငါးပါးသောခန္ဓာ, တဆယ့်နှစ်ပါးသော အာယတန, တဆယ့်ရှစ်ပါးသောဓာတ်, ဆံ–အမွေး–လက်သည်း–ခြေသည်း–သွား–အရေ–အသား–အကြော–အရိုး အစရှိသော ဒွတ္တိံသာကာရ၊ ကိုးရာသောအသားတစ်, ကိုးရာသောအကြော, သုံးရာသောအရိုးဆက်တို့ဖြင့် မြှေးယှက်သော ကျင်ကြီးကျင်ငယ်–ပြည်–သလိပ်အစရှိသော စက်ဆုပ်ဖွယ်သောအပုပ်တို့၏ စုဝေးရာ ဖြစ်သောကြောင့် ဒုက္ခသစ္စာသည် လေးစွာသောဝန်နှင့်တူ၏။

သမုဒယသစ္စာသည် ထိုလေးစွာသောဝန်ကို ပေးတတ်သောသူနှင့်တူ၏၊ အဘယ်သို့တူသနည်း ဟူမူကား–ဒုက္ခသစ္စာသည် တပါးသောအကြောင်းကြောင့်မဖြစ်၊ သမုဒယသစ္စာကြောင့်သာ ဖြစ်၏၊ ထို့ကြောင့် သုံးပါးသောဘဝ, လေးပါးသောယောနိ, ငါးပါးသောဂတိ, ခုနစ်ပါးသောဝိညာဏဋ္ဌိတိ, ကိုးပါးသော သတ္တာဝါသ၌ ဖြစ်စေတတ်သော သမုဒယသစ္စာသည် လေးပါး သောဝန်ကို ပေးတတ်သောသူနှင့်တူ၏။

နိရောဓသစ္စာသည် လေးစွာသောဝန်ကို ချပြီးသည်နှင့်တူ၏၊ အဘယ်သို့တူသနည်းဟူမူကား– ထိုဆိုအပ်ခဲ့ပြီးသော သမုဒယ သစ္စာ, ဒုက္ခသစ္စာတို့၏ ငြိမ်းရာဖြစ်သောကြောင့် လေးစွာသော ဝန်ကို ချပြီးသည်နှင့်တူ၏၊ မဂ္ဂသစ္စာသည် ထိုလေးစွာသောဝန်ကို ချခြင်း၏အကြောင်းလုံ့လနှင့်တူ၏၊ အဘယ်သို့တူသနည်း ဟူမူကား–နိရောဓသစ္စာသည် တပါးသောအကြောင်းကြောင့်မဖြစ်၊ မဂ္ဂသစ္စာကြောင့်သာ ဖြစ်၏၊ ထို့ကြောင့် မဂ္ဂသစ္စာသည် လေးစွာ သော ဝန်ကို ချခြင်း၏အကြောင်းလုံ့လနှင့်တူ၏။

**တနည်းကား**—ဒုက္ခသစ္စာသည် ကြီးစွာသော အနာနှင့်တူ၏၊ သမုဒယသစ္စာသည် အနာဖြစ်ခြင်း၏အကြောင်း သွေးဆိုး လေ၊ သည်းခြေ၊ သလိပ်နှင့်တူ၏၊ နိရောဓသစ္စာသည် အနာငြိမ်းပြီး သည်နှင့်တူ၏၊ မဂ္ဂသစ္စာသည် အနာကိုငြိမ်းစေတတ်သော ဆေးနှင့်တူ၏။

**တနည်းကား**— ဒုက္ခသစ္စာသည် ဝတ်မှုတ် ခေါင်းပါးသော ကာလနှင့်တူ၏၊ သမုဒယသစ္စာသည် ကာလဆိုး၍ မိုးခေါင်၍ မလုပ်ရသောကာလနှင့်တူ၏၊ နိရောဓသစ္စာသည် ဝပြောသော ကာလနှင့်တူ၏၊ မဂ္ဂသစ္စာသည် ကာလကောင်း၍ မိုးကောင်း၍ လုပ်ရသောကာလနှင့်တူ၏။

**တနည်းကား**—ဒုက္ခသစ္စာသည် ရန်သူနှင့်တူ၏၊ သမုဒယသစ္စာသည် ရန်သူ၏အကြောင်းနှင့်တူ၏၊ နိရောဓသစ္စာသည် ရန်ငြိမ်းပြီးသည်နှင့်တူ၏၊ မဂ္ဂသစ္စာသည် ရန်ငြိမ်းခြင်း၏အကြောင်းနှင့်တူ၏၊

**တနည်းကား**—ဒုက္ခသစ္စာသည် အဆိပ်တောက်သော သူနှင့်တူ၏၊ သမုဒယသစ္စာသည် အဆိပ်ကိုပေးတတ်သောသူနှင့်တူ၏၊ နိရောဓသစ္စာသည် အဆိပ်ငြိမ်းပြီးသည်နှင့်တူ၏၊ မဂ္ဂသစ္စာသည် အဆိပ်ကိုငြိမ်းစေတတ်သော ဆေးနှင့်တူ၏။

**တနည်းကား**—ဒုက္ခသစ္စာသည် ဤမှာဘက်ကမ်းနှင့် တူ၏၊ သမုဒယသစ္စာသည် ကြီးစွာသောရေအယဉ်နှင့်တူ၏၊နိရောဓသစ္စာသည် ထိုမှာဘက်ကမ်းနှင့်တူ၏၊ မဂ္ဂသစ္စာသည် ထိုမှာဘက်ကမ်းသို့ ရောက်ကြောင်းဖြစ်သောလှေနှင့်တူ၏၊ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ဆို၏၊)

အမှာ။ သစ္စာလေးပါး၌ ထိုထက်ကျယ်စွာသော မှတ်ဖွယ်ကိုကား ဓမ္မစကြာနိဿယ၌ ဆိုအပ်ခဲ့ပြီ၊ အလိုရှိသော သူတော်ကောင်းတို့သည် ဓမ္မစကြာနိဿယသစ်၌ ယူအပ်ကုန်၏။

အနုဿတိဒီပနီကျမ်း၌ ဝိပဿနာကမ္မဋ္ဌာန်းကို အကျဉ်းအားဖြင့် ပွားစေရာသော နည်းအမြွက်ကား ပြီး၏။

---

# နိဂုံး

သာသနေ၊ သာသနာတော်သည်။ သတ္တတြိံယာမဒွယံ၊ နှစ်ထောင့် သုံးရာ့ သုံးဆယ့် ခုနစ်ခုသို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ သက္ကရာဇေ၊ကော်ဇာသကြဇ်သည်။ ပဉ္စ ပဉ္စ ရုတြ ရုတြံ၊ တထောင့် တရာ့ ငါးဆယ့် ငါးခုသို့။ ဂစ္ဆန္တေ၊ ရောက်သည်ရှိသော်။ အသဃုဇ္ဇမာသသ်၊ သီတင်းကျွတ်လ၏။ ကာလပက္ခေ၊ လဆုတ်ပက္ခဖြစ်သော။ ဒွါဒသေ၊ တဆယ့်နှစ်ရက်မြောက်သော။ ဂုရုဝါရသ္မိံ၊ ကြာသပတေးနေ့၌။ မဇ္ဈန္တိကေကာလေ၊ နေမွန်းတည့်သောအခါ၌။ ဂုဏာဝန္တော၊ ဂုဏဝန္တဟူ၍။ အာစရိယာသဘောဟိ၊ ဆရာမြတ်တို့သည်။ ဂဟိတနာမေန၊ ယူအပ်သောအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ကတော၊ပြုအပ်သော။ အနုဿတိဒီပနီ နာမဂန္ထော၊ အနုဿတိဒီပနီ အမည်ရှိသောကျမ်းသည်။ သုခေန၊ ချမ်းသာသဖြင့်။ နိဋ္ဌိတော၊ ပြီး၏။

## ဆုတောင်းပတ္ထနာ

တေနပုညေန၊ ထိုကောင်းမှုကြောင့်။ ယာဝ၊ အကြင်မျှ လောက်သော ကာလပတ်လုံး။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ နသစ္ဆိကတံ၊ မျက်မှောက်မပြုရသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တော၊ ကျင်လည်သည် ရှိသော်။ ဘဝေဘဝေ။ ဘဝတိုင်းဘဝတိုင်း။ တိက္ခဂမ္ဘီရပညောစ၊ တိက္ခပညာ,ဂမ္ဘီရပညာနှင့်ပြည့်စုံသည်ရှင်း။ ဟာသဇာတိဇဝနပညောစ၊ ဟာသပညာ, အတိဇဝနပညာနှင့် ပြည့်စုံသည်ရှင်း။ ဘူရိနိဗ္ဗေဓပညောစ၊ ဘူရိပညာ,နိဗ္ဗေဓိကပညာ နှင့် ပြည့်စုံသည်ရှင်း။ ဘဝေယျံ၊ ဖြစ်ရလို၏။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု ဂါရဝါ။
ကာလေ ဝဿတု ပဇ္ဇုန္နော၊ သဒါ သုခန္တု ပါဏိနော။

သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ရှည်မြင့်စွာ သော ကာလပတ်လုံး။ တိဋ္ဌတု၊ တည်ခေသတည်း။ ရာဇာနော၊ ရေမြေသခင်မင်းတရားတို့သည်။ ဓမ္မေ၊ မင်းကျင့်တရား ဆယ်ပါး တို့ကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ပဇ္ဇုန္နော၊ မိုးသည်။ ကာလေ၊ စိုက်ပျိုးသောကာလ၌။ ဝဿတု၊ ရွာစေသသည်း။ ပါဏိနော၊ သတ္တဝါအပေါင်းတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုခန္တု၊ ချမ်းသာစေကုန်သတည်း။

### နိဂုံတံ

အက္ခရာ ကေမကော္ခ၊
ဗုဒ္ဓရူပ သမံ သိယာ။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
လိက္ခေယျ ပိဋကတ္တယံ။

သက္ကရာဇ် ၁၂၆၆-ခု၊ ကဆုန်လဆန်း ၁၅-ရက်၊ ၅-တေး နေ့ ညနေ၊ တချက်တီးကျော် နှစ်ချက်မတီးမီအချိန်တွင် အနုသယတိ ဒီပနီကျမ်းကို ရေးကူး၍ပြီးအောင်မြင်သည်။ နိဗ္ဗာနပစ္စယော ဟောတု။ နတ်လူသာဓုခေါ်စေသော်။ ။ပု-ဒိ-အာ။ ။ပု- ပုဗ္ဗေနိဝါသဉာဏ်၊ ဒိ-ဒိဗ္ဗစက္ခုဉာဏ်၊ အာ-အာသဝက္ခယဉာဏ်၊ ဤဉာဏ်တော်သုံးပါးနှင့် ပြည့်စုံရပါလို၏။

စလင်းကိုးဆောင်မှူ

အနုသယတိဒီပနီကျမ်း ပြီး၏။

# ခက်ဆစ်အဓိပ္ပါယ်

၉။ သဿတဒိဋ္ဌိ-ဘဝရှိ၍ အခါခပ်သိမ်း ဇီဝ-အတ္တ-မပျက်မစီး မြဲ၏ဟူသောအယူ၊ ဥစ္ဆေဒဒိဋ္ဌိ-ဘဝမရှိ-သေလျှင်ပြတ်၏ဟူသောအယူ။

ကာမသုခလ္လိကာနုယောဂ-ကာမချမ်းသာကို တွယ်တာငြိကပ်အားထုတ်သူ။

အတ္တကိလမထာနုယောဂ-ခန္ဓာကိုယ်ကိုပင်ပန်းနွမ်းနယ်စေရန်အားထုတ်သူ။

ဒုဿီလ-အကျင့်သီလမရှိသူ၊ အလဇ္ဇီ-ကျင့်ဝတ်သိက္ခာပုဒ်၌ရှက်ကြောက်မှုမရှိလွန်ကျူးသူ၊ အပါယိကော-အပါယ်လားရမည့်သူ။

၁၀။ ဒါနကထာ-အလှူနှင့်စပ်သောစကား၊ သီလကထာ-အကျင့်သီလနှင့်စပ်သောစကား၊ သဂ္ဂကထာ-နတ်ပြည်နှင့်စပ်သောစကား၊ ကာမာနံအာဒီနဝကထာ-ကာမဂုဏ်အပြစ်နှင့် စပ်သောစကား၊ နေက္ခမ္မေအာနိသံသကထာ-ကာမဂုဏ်မှ ထွက်မြောက်ခြင်းအကျိုးနှင့် စပ်သောစကား။

၁၁။ ဝိမုတ္တိ-ကိလေသာမှ လွတ်ရာလွတ်ကြောင်း မဂ်ဖိုလ်နိဗ္ဗာန်၊ ဝိမုတ္တိဉာဏဒဿန-မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆင်ခြင်သိသောပစ္စဝေက္ခဏာဉာဏ်။

---

ရွှေဂဏန်းများမှာ စာမျက်နှာကို ညွှန်ပြသည်။

စောရကန္တာရ-ခိုးသူရှိသောခရီးခဲ၊ယက္ခကန္တာရ-ဘီလူးရှိသော ခရီးခဲ၊ဒုဗ္ဘိက္ခကန္တာရ-အစာရှားပါးသောခရီးခဲ၊ နိရုဒကကန္တာရ- ရေမရှိသောခရီးခဲ။

၁၂။ ဣဿရိယ-ကိုယ်တော်ကို အမျိုးမျိုး ဘန်ဆင်းရာ၌ အစိုးရတော်မူခြင်း၊ ဓမ္မ-လောကုတ္တရာ တရားတော်နှင့် ပြည့်စုံ တော်မူခြင်း၊ယသ-အခြံအရံအခေါ်အစောကြီးမားတော်မူခြင်း၊ သိရိ-ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူခြင်း၊ ကာမ-မိမိအကျိုး ဘူတပါးအကျိုးကို အလိုရှိတိုင်းပြီးစေနိုင်ခြင်း၊ ပယတ္တ-လုသုံးပါး တို့၏ ရှိသောရာ ဆရာအဖြစ်ကို ပြီးစေနိုင်ခြင်း။

၁၂။ ဒေဝပုတ္တမာရ်-မာရ်နတ်သားကို အောင်တော်မူခြင်း၊ ကိလေသမာရ်-ကိလေသာကိုဖျက်ဆီးတော်မူနိုင်ခြင်း၊အဘိသင်္ခါရ မာရ်-ကံသင်္ခါရကိုအောင်တော်မူခြင်း၊ ခန္ဓမာရ်-ခန္ဓာငါးပါးကို နောက်ထပ် မဖြစ်ခစေသောအားဖြင့် အောင်တော်မူခြင်း၊ မစ္စု မာရ်-သေခြင်းတရားကိုအောင်တော်မူခြင်း။

၁၂။ လောဘ-လိုချင်ခြင်း၊ ဒေါသ-ပြစ်မှားခြင်း၊ မောဟ- တွေဝေခြင်း၊ ဝိပရိတမနသိကာရ-ဖောက်ဖောက် ပြန်ပြန် နှလုံး သွင်းခြင်း၊ အဟိရိက-မရှက်ခြင်း၊ အနောတ္တပ္ပ-မကြောက်ခြင်း၊ ကောဓ-အမျက်ထွက်ခြင်း၊ ဉပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊ မက္ခ-သူ့ ကျေးဇူးကိုချေဖျက်ခြင်း၊ ပလာသ-အဖျင်းအဖျင်းပြောဆိုခြင်း၊ ဣဿာ-ငြူစူခြင်း၊ မစ္ဆရိယ- ဝန်တိုခြင်း၊မာယာ-လှည့်စားခြင်း၊ သာဌေယျ-စဉ်းလဲခြင်း၊ထမ္ဘ-ခက်ထန်ခြင်း၊ သာရမ္ဘ-ချုတ်ချယ် ခြင်း၊မာန-မာန်မူခြင်း၊ အတိမာန-အလွန်မာန်ထောင်လွှားခြင်း၊

မဒ-ရစ်မူးခြင်း၊ တဏှာ-တပ်နှစ်သက်ခြင်း၊ အဝိဇ္ဇာ-မသိမလိမ္မာခြင်း။

၁၂။ အကုသလမူလ ၃-ပါး-လောဘ, ဒေါသ, မောဟ၊ ဒုစရိုက် ၃-ပါး-ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်၊ သံကိလေသ ၃-ပါး-အနုသယကိလေသာ,ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာ၊ မလ ၃-ပါး-ရာဂ,ဒေါသ,မောဟ၊ ဝိတက် ၃-ပါး-ကာမဝိတက်, ဗျာပါဒဝိတက် ဝိဟိံသာဝိတက်၊ ပပဉ္စတရား ၃-ပါး- တဏှာ,မာန,ဒိဋ္ဌိ။

၁၃။ ပရိယေသန ၄-ပါး-အရိယပရိယေသန,အနရိယပရိယေသန,သေဝိတဗ္ဗပရိယေသန,အသေဝိတဗ္ဗပရိယေသန၊ အာသဝ ၄-ပါး-ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ၊ ဂန္ထ ၄-ပါး-အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတပရာမာသကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ၊ ဩဃ ၄-ပါး-ကာမောဃ,ဘဝေါဃ,ဒိဋ္ဌောဃ,အဝိဇ္ဇောဃ၊ ယောဂ ၄-ပါး-ကာမယောဂ,ဘဝယောဂ,ဒိဋ္ဌိယောဂ,အဝိဇ္ဇာယောဂ၊ အဂတိ ၄-ပါး-ဆန္ဒာဂတိ,ဒေါသာဂတိ,မောဟာဂတိ, ဘယာဂတိ၊ ဥပါဒါန် ၄-ပါး-ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။

၁၄။ ပုညာဘိသင်္ခါရ-ကာမ,ရူပကုသိုလ်စေတနာ၊အပုညာဘိသင်္ခါရ- အကုသိုလ်စေတနာ၊အနေဉ္ဇာဘိသင်္ခါရ-အရူပကုသိုလ်စေတနာ။

၁၄။ ဗုဒ္ဓစက္ခု-အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တဉာဏ်။

၁၅။ သမန္တစက္ခု–သဗ္ဗညုတဉာဏ်၊ ဉာဏစက္ခု–ဉာဏ်တော် ၁၀–ပါး၊ ဒိဗ္ဗစက္ခု– အဘိညာဏ် (ရူပကြိယာပဥ္စမစျာန်)၊ ဓမ္မစက္ခု-အောက်မဂ် ၃–ပါး။

၃၀။ ဝေသာရဇ္ဇ ၄–ပါး–ဘုရားရှင်တို့အပေါ်၌ ဤတရားကိုမသိကြွင်းကျန်သေး၏ဟုပြောဆိုနိုင်မည့်သူကိုမမြင်၊အာသဝေါ တရားမကုန်သေးဟု ပြောဆိုနိုင်မည့်သူကိုမမြင်၊ ဤတရားကိုမှီဝဲလျှင် စျာန်မဂ်ဖိုလ်၏အန္တရာယ်ဖြစ်၏ဟု ဟောထားသည်ကို ငြင်းဆန်နိုင်မည့်သူကိုမမြင်၊ဘုရားဟောတရားတော်များမှာ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ကြောင်း မဟုတ်ဟု ငြင်းဆန်နိုင်မည့်သူကိုမမြင်ဟု ဤလေးချက်ကိုရဲရဲရင့်ရင့်ကြုံးဝါးတော်မူခြင်း။

၃၀။ ပဋိသမ္ဘိဒါ ၄–ပါး–အကျိုးကို သိသော အတ္ထပဋိသမ္ဘိဒါဉာဏ်, အကြောင်းကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်, သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်, ခွဲခြမ်းစိတ်ဖြာဝေဘန်တတ်သော ပဋိဘာနပဋိသမ္ဘိဒါဉာဏ်။

၄၁။ ဒိဋ္ဌဓမ္မ–မျက်မှောက် ဘဝ၌ အကျိုးပေးသောကံ၊ ဥပပဇ္ဇ–ဒုတိယဘဝ၌အကျိုးပေးသောကံ၊ အပရာပရိယ–တတိယဘဝမှစ၍ အဆက်ဆက်အကျိုးပေးသောကံ။

၁၂၀။ ဝါသနာဘာဂိယ–အထုံဝါသနာအဘို့။

၁၃၃။ ပညာဝေပုလ္လ–ဉာဏ်ပညာ၏ပြန့်ပြောခြင်း၊ မဟာပညာ–များမြတ်သောပညာ၊ ပုထုပညာ–ကြီးမားသောပညာ၊ ဝိပုလပညာ–ပြန့်ပြောသောပညာ၊ဂမ္ဘီရပညာ-နက်နဲသောပညာ၊ အသမတ္တပညာ–သူတပါးတို့မစွမ်းဆောင်နိုင်သော ပညာ၊ ဘူရိ

ပညာ—မြေကြီးအထုကဲ့သို့သော ပညာ၊ သီဃပညာ—လျင်သော ပညာ၊လဟုပညာ—ပေါ့ပါးသောပညာ၊ ဟာသပညာ—ရွှင်သော ပညာ၊ ဇဝနပညာ—အဟုန်ကြီးမားသောပညာ၊ တိက္ခပညာ—ထက်သောပညာ၊ နိဗ္ဗေဓိကပညာ—ထိုးဖောက်နိုင်သော ပညာ။

၁၅၆။ ပရိစ္စာဂပဋိနိဿဂ္ဂ—တဏှာကိုစွန့်ပယ်သောဝိပဿနာ ဉာဏ်၊ ပက္ခန္ဒနပဋိနိဿဂ္ဂ—နိဗ္ဗာန်သို့ပြေးဝင်သောမဂ်ဉာဏ်။

---

## ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၇ | ၁၂ | လာရဏေန | ကာရဏေန |
| ၂၄ | ၉ | ဣဘိပိ | ဣတိပိ |
| ၂၇ | ၁၀ | မန္တသေန | ပန္တသေန |
| ၃၉ | ၉ | လးပါး | လေးပါး |
| ၄၀ | ၁ | ဂုဏ်တော်၉-ပါး | ဂုဏ်တော် ၆-ပါး |
| ၁၂၄ | ၁၄ | လောသာ | ကောသာ |
| ၁၂၅ | ၁၅ | ကိလောတကံ | ဂိလောမကံ |
| ၁၂၆ | ၁၅ | သေမှ | သေမှိ |
| ၁၅၆ | ၇ | ရာဂုံ | ရာဂံ |
| ၁၆၇ | ၁၄ | တရား | တရာ |

# ဓမ္မဒါန အလှူရှင်များ

## အနုဿတိဒီပနီကျမ်းစာအုပ်

| | | ကျပ် |
|---|---|---|
| ၁။ | ညောင်ပင်ကိုင်းကျောင်းဆရာတော်နှင့်တပည့် ဒကာ ဒကာမများ ညောင်ပင်ကိုင်းရွာ ရမည်းသင်းမြို့ | ၄၄၇ |
| ၂။ | ဆရာတော်ဦးသာဓိန (ဒက္ခိဏာရာမ-လယ်ပြင်ကျောင်းတိုက်) စလင်းမြို့ | ၃၀ |
| ၃။ | ဦးကုမာရ ကြူဝင်းကျောင်း စလင်းမြို့ | ၃၀ |
| ၄။ | ဦးစန္ဒော ရှမ်းကုန်းကျောင်း ။ | ၃၀ |
| ၅။ | ဦးဓမ္မစာရ ငါးစုံဦကျောင်းကြီး ။ | ၁၅၀ |
| ၆။ | ဦးရာဇိန္ဒ အရှေကံဆွယ်ကျောင်း ။ | ၆၀ |
| ၇။ | ဦးသောဓ ရုံပင်ကန်ရွာကျောင်း ။ | ၃၀ |
| ၈။ | ဦးကဝိန္ဒ အင်ဒွကျောင်းကြီး ။ | ၁၅ |
| ၉။ | ဦးပညာဇောတ တိုက်ကျောင်း ။ | ၃၀ |
| ၁၀။ | ဦးတေဇော ကုန်းတဲရွာကျောင်း ။ | ၃၀ |
| ၁၁။ | ဦးပါမောက္ခ ဆုတောင်းပြည့်ကျောင်း ။ | ၃၀ |
| ၁၂။ | ဦးပညာသီဟ ရှောက်တောကျောင်း ။ | ၁၅ |
| ၁၃။ | ဦးသုမင်္ဂလ ကြိုးကြာအင်းရွာ တပ်ကုန်း(ရမည်းသင်း) | ၃၀ |
| ၁၄။ | ဦးနန္ဒိယ အောင်မင်္ဂလာတိုက် ရွာသစ်ကုန်း (ရမည်းသင်း) ။ | ၄၅ |

| | | | |
|---|---|---|---|
| | | | ကျပ် |
| ၁၅။ | ဦးအာဒိစ္စ မဟာသတိပဋ္ဌာန်ကျောင်း သရက်တောတိုက် | ရန်ကုန် | ၃၀ |
| ၁၆။ | ဦးဣန္ဒောဘာသ | ။ ။ | ၃၀ |
| ၁၇။ | ဦးဓမ္မသာမိ မင်္ဂလာသာစည်ကျောင်း သရက်တောတိုက် | ။ | ၃ |
| ၁၈။ | ဦးတိလောက မဟာသတိပဋ္ဌာန်ကျောင်း သရက်တောတိုက် | ။ | ၃၀ |
| ၁၉။ | ဆရာတော်ဦးသာသန–အောင်ပန်းကျောင်း | ဗဟန်း–ရန်ကုန် | ၃၀ |
| ၂၀။ | ဒေါ်တင်တင် ဈေးချိုရပ် | စလင်းမြို့ | ၁၂၀ |
| ၂၁။ | ဒေါ်ကြည်လေး | ။ | ၆ |
| ၂၂။ | ဦးလှထွန်း စာစီကျောင်းရွာ | ။ | ၃၀ |
| ၂၃။ | ဆရာဦးညွန့်ဝေ ပေါင်းပင်ဇင်းရပ် | ။ | ၁၅ |
| ၂၄။ | ဦးတော် ခြောက်အိမ်တန်းရပ် | ပခုက္ကူမြို့ | ၁၅ |
| ၂၅။ | ဒေါ်စိန်တင် (ဦးဘကျော်) မိသားစု မုန့်ကြိုရပ် | ညောင်ဦးမြို့ | ၂၅ |
| ၂၆။ | ဦးအောင်ခန့် (လှင်ပုံနှိပ်တိုက်) | မန္တလေးမြို့ | ၅၀ |
| ၂၇။ | ဦးတင်အုန်း–ဒေါ်ရင်ရင်မြ–မိသားစု (ကေရာဇ်ဆီစက်) | မြင်းခြံမြို့ | ၈၀ |
| ၂၈။ | ဦးမောင်မောင်ဒွေး–ဒေါ်မြနွယ် | ဟသ်ာတမြို့ | ၃၅ |
| ၂၉။ | ဦးမျိုးမြင့်–ဒေါ်ထားတင်–မိသားစု (မြို့နယ်ကုန်သွယ်ရေး) | ။ | ၁၀ |

| | | | ကျပ် |
|---|---|---|---|
| ၃၀။ | ဦးဇေယျသူ-ဒေါ်အုန်းကြည်-မိသားစု | ဟသ်ာတမြို့ | ၁၅ |
| ၃၁။ | ဆရာဦးထွန်းမောင်-ဒေါ်စန်းမို-မိသားစု။ | | ၂၄ |
| ၃၂။ | ဦးနေဝင်း-ဒေါ်ကြည် | ဖျာပုံမြို့ | ၃၀ |
| ၃၃။ | ဦးချိန်တီ-ဒေါ်နုန်းနှင့်သားသမီးများ-ပုတီးကုန်းမြို့ | | ၆၀ |
| ၃၄။ | ဦးအုန်းကျော် | သာယာဝတီမြို့ | ၃၀ |
| ၃၅။ | ဦးလှစော | ။ | ၁၅ |
| ၃၆။ | ဦးသင် | ။ | ၁၅ |
| ၃၇။ | ဦးဝင်း | ။ | ၁၅ |
| ၃၈။ | ဦးသူငယ် | ။ | ၁၅ |
| ၃၉။ | ဦးကျော်ဇံ | ။ | ၁၅ |
| ၄၀။ | ဦးသိန်းမောင်နှင့်ဓမ္မမိတ်ဆွေများ | ။ | ၆၃ |
| ၄၁။ | ဦးမောင်မောင်-ဒေါ်သန်းဆယ် | ပြူးမြို့ | ၃၀ |
| ၄၂။ | ဦးသိန်းဟံ-ဒေါ်ကျင်ယုံ | ။ | ၃၀ |
| ၄၃။ | ဦးကျော်သန်း-ဒေါ်မမလေး | ။ | ၁၂ |
| ၄၄။ | ဦးခင်မောင်-ဒေါ်ကြည် | ။ | ၁၂ |
| ၄၅။ | ဦးတင်ညွန့်-ဒေါ်နှင်းရီ-ဆည်မြောင်း | ။ | ၁၅ |
| ၄၆။ | ဦးကြည်-ဒေါ်ခင်ရွှေ | ပဲခူးမြို့ | ၂၀ |
| ၄၇။ | ဦးဟုတ်ကြူ-ဒေါ်ကွီရိမ် မိသားစု | မအူပင်မြို့ | ၂၅ |
| ၄၈။ | ဗိုလ်မှူးခိုင်ထွန်း(ရေတပ်မတော်) | စစ်တွေမြို့ | ၁၅ |
| ၄၉။ | ကိုမြ-ကိုခင် | မိုးကုတ်မြို့ | ၅၀ |

| | | ကျပ် |
|---|---|---|
| ၅၀။ | ဦးညီညီ–ဒေါ်လှမေ-မိသားစု ၁၅-ဗောဓိရိပ်သာ၊ ဝင်ဒါမီယာ ရန်ကုန် | ၁၀၀ |
| ၅၁။ | ဦးအောင်သိမ်း-ဒေါ်ညွန့်မေ မိသားစု၊ ၄၆-တက္ကသိုလ်ရိပ်သာလမ်း ။ | ၁၅၀ |
| ၅၂။ | ဒေါ်ခင်စိန်နှင့်ညီမ–မကြည်ကြည်ထွေး ၁၀–မဟာဗေယျလမ်း၊ ပုဇွန်တောင် ။ | ၇၀ |
| ၅၃။ | ဆရာကြီးဦးလူဖေဝင်း–ဒေါ်ကြည်ကြည်–မိသားစု၊ ရွှေတိဂုံဘုရားလမ်း ။ | ၅၀ |
| ၅၄။ | ဦးဆင်–ဒေါ်တင်မေ–မိသားစု ၁၀၅–ရွှေဘုံသာလမ်း ။ | ၄၀ |
| ၅၅။ | ဦးဘမောင်–ဒေါ်အေးအေးမိသားစု ၁၂–၁၃၂-လမ်း၊ မအူကုန်း ။ | ၃၀ |
| ၅၆။ | ဦးအုန်း-ဒေါ်တင်လှ မိသားစု သစ်ဆန်းဓာတ်ပုံတိုက်၊ ရေကျော် ။ | ၃၀ |
| ၅၇။ | ဦးလှဝင်း–ဒေါ်ခင်အေး–မိသားစု ၄၈–၄၄-လမ်း ။ | ၃၀ |
| ၅၈။ | ဒေါ်သန်း၊ မောင်-ဦးဇင်နှင့် ညီမ– ဒေါ်သန်းမျှင်၊ ၂၂– ဝက်ဘာလမ်း ။ | ၃၀ |
| ၅၉။ | ဦးခင်ညွန့်–ဒေါ်မူမူ(အငြိမ်းစား အတွင်းဝန်)-အင်းယားမြိုင်လမ်း ။ | ၃၀ |
| ၆၀။ | ဦးခင်တက်–ဒေါ်အုံးစိန်၊ဘုန်းကြီးလမ်း ။ | ၃၀ |
| ၆၁။ | ဒေါ်ကြည်ကြည် ၆၈–၁၄-လမ်း ။ | ၃၀ |

| | | ကျပ် |
|---|---|---|
| ၆၂။ | ကိုစံညိမ်း–မခင်သန်းရီ၊ အောင်ဆန်းမြို့ | ၃၀ |
| ၆၃။ | ဦးညာဏ်ထွန်း–ဒေါ်တင်မြင့်၊ ၁၁၉၊ ကျောက်ရေတွင်းလမ်း၊ မြောက်ဥက္ကလာ | ၃၀ |
| ၆၄။ | ဦးစိန်မောင်–ဒေါ်ခင်ညွန့် တာဝတိန်သာလမ်း၊ ပုဇွန်တောင် ရန်ကုန်မြို့ | ၃၀ |
| ၆၅။ | ဦးထွန်းမောင်နှင့် မိသားစု ၉၄၊ မိုင်တန်းသာလမ်း (မြင်တော်သာ) ။ | ၃၀ |
| ၆၆။ | ဦးမောင်လေး–ဒေါ်တင်မြင့် မိသားစု ၂၆–လောင်းဝစ္စလမ်း ။ | ၂၅ |
| ၆၇။ | ဦးဘော်စံ ကံဘဲ့လမ်း (ရန်ကင်း) ။ | ၂၅ |
| ၆၈။ | ဦးတင်မောင်–ဒေါ်ခင်မြင့် (သင့်ဘဝ ပုံနှိပ်တိုက်) ။ | ၂၀ |
| ၆၉။ | ဦးတင်စိန်–ဒေါ်ခင်ခင်ဒွေး မဟာသုခလမ်း၊ ပုဇွန်တောင် ။ | ၂၀ |
| ၇၀။ | ဒေါက်တာ ဒေါ်လှစိန် လိပ်ကန်လမ်း (အိုးဘို) ။ | ၂၀ |
| ၇၁။ | ဒေါ်အုန်းကြည်–ဒေါ်ခင်ခင်အုန်း ဝင်းဝင်းရတနာရွှေဆိုင်၊ ပုဇွန်တောင် ။ | ၃၅ |
| ၇၂။ | ဦးစိန်မောင်နှင့် မိသားစု ၂၂–၅၂ လမ်း ။ | ၂၀ |
| ၇၃။ | ဦးလှတင်–ဒေါ်ယောင်းဘောင်းမိသားစု ၂၂၈၊ အနော်ရထာလမ်း ။ | ၃၅ |

| | | | ကျပ် |
|---|---|---|---|
| ၇၄။ | ဦးဘရှမ်း၊တက္ကသိုလ်ရိပ်သာလမ်း | ရန်ကုန်မြို့ | ၁၅ |
| ၇၅။ | ဆရာ ဦးအောင်သိမ်း–ဒေါ်ကြည် ရတနာပုံလမ်း ကြည့်မြင်တိုင် | ။ | ၁၀ |
| ၇၆။ | ဦးမင်းဆွေ–ဒေါ်အေးကြည်မိသားစု မဟာသုခလမ်း၊ ပုဇွန်တောင် | ။ | ၁၅ |
| ၇၇။ | ဦးအောင်မျိုး ၂၃·၅၂ လမ်း | ။ | ၁၀ |
| ၇၈။ | ဦးမြင့်အောင် ၂၇–၅၂ လမ်း | ။ | ၁၀ |
| ၇၉။ | ဦးအေးမောင် ၃၈–၅၂ လမ်း | ။ | ၁၀ |
| ၈၀။ | ဦးမြင့်ဆွေ ၃၀–၅၂ လမ်း | ။ | ၁၀ |
| ၈၁။ | ဒေါ်ခင်ညွန့် ၁၆၀–၄၅ လမ်း | ။ | ၁၀ |
| ၈၂။ | ဒေါ်ကျင်ပိုင် ယောက်လမ်း | ။ | ၁၀ |
| ၈၃။ | ဦးလှတင်–ဒေါ်အေးပု၊ သားမောင်သိန်းတိုး ပုဇွန်တောင် ကွက်သစ်လမ်း | ရန်ကုန်မြို့ | ၁၅ |
| ၈၄။ | ဒေါ်အေး၊ကျီတော်လမ်း၊ပုဇွန်တောင် | ။ | ၁၅ |
| ၈၅။ | ဦးဂျူအေး–ဒေါ်မြလှိုင်မိသားစု ၁၃၆–လမ်း၊ မအူကုန်း | ။ | ၁၅ |
| ၈၆။ | ဒေါ်ရီရီစိန်နှင့်သားသမီးများ ၁၀–မဟာဗေယျလမ်း၊ | ။ | ၁၅ |
| ၈၇။ | ဒေါ်တင်တင်မြင့်–(ရ–ပ–က–ရ) ပန်းဆိုးတန်း | ။ | ၉ |
| ၈၈။ | ဦးစိန်ရိုးနှင့် မိတ်ဆွေများ–မြန်မာ့စီးပွားရေး ဘဏ်–ငွေစုဘဏ်လုပ်ငန်းဌာန | ရန်ကုန်မြို့ | ၄၈ |

| | | | ကျပ် |
|---|---|---|---|
| ၈၉။ | ဦးနိုင်-ဒေါ်နုနု ၄၉-လမ်း | ရန်ကုန်မြို့ | ၁၅ |
| ၉၀။ | ဒေါ်ကျင်ရွှေ ရေကျော်ဈေး | ။ | ၁၅ |
| ၉၁။ | ဦးဟန် ရဲချုပ်ရုံး | ။ | ၁၅ |
| ၉၂။ | ဦးအောင်လှ ။ | ။ | ၁၅ |
| ၉၃။ | ဦးတင်မောင်-ဒေါ်မြရီမိသားစု<br>၁၇-၄၉-လမ်း | ။ | ၁၅ |
| ၉၄။ | ဦးသိန်းတင် မိသားစု<br>ခန်း-၅၊ တိုက်-၇၊ ၅၁-လမ်း | ။ | ၁၅ |
| ၉၅။ | ဦးသန်းတင်-ဒေါ်မြင့်မြင့်သန်းမိသားစု<br>အောက်ပုဇွန်တောင် | ။ | ၁၅ |
| ၉၆။ | ဦးထွန်းရှိန်-ဒေါ်ကြိုင်<br>ဝါဆိုပိုင်းရပ် (ဒေါ်ပုံ) | ။ | ၁၅ |
| ၉၇။ | ဦးအေးဖေ-ဒေါ်မဲ ဦးဘဝါလမ်း<br>(ဗဟိုစည်ရပ်) | ။ | ၁၅ |
| ၉၈။ | ဒေါ်အေးမိ လိပ်ကန်လမ်း<br>ပုဇွန်တောင် | ။ | ၁၅ |
| ၉၉။ | ဦးသာအုန်း-ဒေါ်ခင်ဝင်းမိသားစု<br>ပုဇွန်တောင်ကွက်သစ်လမ်း | ။ | ၁၅ |
| ၁၀၀။ | ဒေါ်မမမော် မီးဒုံးလမ်း သုဝဏ္ဏမြို့သစ် | | ၁၅ |
| ၁၀၁။ | မကြည်ကြည်ဝင်း-၄၀၊<br>ကင်ပွဲလ်လမ်း၊ ဗိုလ်တထောင် | ။ | ၁၀ |
| ၁၀၂။ | ဦးသိန်းဟန်- ၃၁၊ ၁၂၁-လမ်း | ။ | ၁၀ |

| | | | |
|---|---|---|---|
| | | | ကျပ် |
| ၁၀၃။ | ဦးသာဝင်း(ဗဟိုကုန်သွယ်ရေး) မောင်ထော်လေးလမ်း | ရန်ကုန်မြို့ | ၁၀ |
| ၁၀၄။ | ဦးအေးနွယ် မိသားစု ၇၂-၁၂၅-လမ်း | ။ | ၁၅ |
| ၁၀၅။ | ဦးခင်မောင်လွင် ၁-ကန်ရိပ်သာ | ။ | ၁၅ |
| ၁၀၆။ | ဦးသန်းဦး—ဒေါ်ဖုံးဆင်မိသားစု ကျိုက္ကစံရဲရိပ်သာ၊ ရန်ကင်း | ။ | ၁၅ |
| ၁၀၇။ | ဦးကိုလေး ၄၀၊ ၁၃-လမ်း | ။ | ၁၅ |
| ၁၀၈။ | ဦးတင်ညွန့်—ဒေါ်ငွေရင် ၃၂—၂-လမ်း(ဗဟိုစည်ကွက်သစ်) | ။ | ၁၅ |
| ၁၀၉။ | ဦးချစ်တင် ၂၅-၁-လမ်း (ဗဟိုစည်ကွက်သစ်) | ။ | ၁၅ |
| ၁၁၀။ | ဦးသိန်းအုံ —ဒေါ်မြကြည် မဟာဇေယျလမ်း၊ ပုဇွန်တောင် | ။ | ၁၂ |
| ၁၁၁။ | ဦးခင်မောင်—ဒေါ်သန်းစိ မိသားစု မဟာဘောဂလမ်း | ။ | ၁၅ |
| ၁၁၂။ | ဒေါ်လှတင်နှင့်သမီးများ ၅၉-ရေကျော်လမ်း | ။ | ၁၅ |
| ၁၁၃။ | ကိုစိုးမင်း ၁၇-၂၃-လမ်း | ။ | ၁၅ |
| ၁၁၄။ | ဒေါ်ခင်တီ ၉၃—၁၁-လမ်း | ။ | ၁၅ |
| ၁၁၅။ | ဦးစိန်ဝင်း,ဦးလှထွန်း,ကိုသိန်းမောင် | ။ | ၉ |

ကျပ်
၁၁၆။ ဦးဒွေး, ဒေါ်ခင်မြင့်
(ဗိုလ်ချုပ်ဈေး-မီးရထားဝင်း) ရန်ကုန်မြို့ ၆
၁၁၇။ ဦးထွန်းခင်-၃၄၆-ကုန်သည်လမ်း ။ ၆
၁၁၈။ ဦးမောင်မောင်-ဒေါ်သန်း၊ ၃၂-
မဟာသုခလမ်း၊ ပုဇွန်တောင် ။ ၃၀
၁၁၉။ ဆရာဦးငွေးလှိုင် ကမ္ဘာအေး ။ ၃

မှတ်ချက်။ ။စက္ကူရှားပါးမှု အခက်အခဲကြောင့် အချို့သော ဓမ္မဒါနအလှူရှင်များ၏ အမည်များကိုတဦးချင်းမဟုတ်ဘဲ၊ စုပေါင်း၍ဖော်ပြထားရပါသည်၊ မှားယွင်းချွတ်ချော်မှု ပါရှိပါကလည်း ခွင့်လွှတ်တော်မူကြပါရန် တောင်းပန်ပါသည်။

ဤဓမ္မဒါနကောင်းမှုကြောင့် နိဗ္ဗာန်သို့မျက်မှောက် ပြုနိုင်ကြပါစေ။

ဓမ္မဃောသက-ဦးမောင်မောင်
၃၂-မဟာသုခလမ်း ပုဇွန်တောင်စာတိုက်
ရန်ကုန်မြို့